# ကချင်ပြည်နယ်ရှိ မသန်စွမ်းသူများအပေါ် ဂျန်ဒါ၊ ယောက်ျားပီသမှုဆိုင်ရာ မျှော်လင့်ချက်များနှင့် စပ်လျဉ်းသော ပဋိပက္ခ၏ သက်ရောက်မှုများ

## ကနဦးဆန်းစစ်လေ့လာချက်



international alert

KACHINLAND RESEARCH CENTRE

Dan Seng Lawn
Jana Naujoks

# ကချင်ပြည်နယ်ရှိ မသန်စွမ်းသူများအပေါ် ဂျန်ဒါ၊ ယောက်ျားပီသမှုဆိုင်ရာ မျှော်လင့်ချက်များနှင့် စပ်လျဉ်းသော ပဋိပက္ခ၏ သက်ရောက်မှုများအား ကနဦးဆန်းစစ်လေ့လာချက်


Published in December 2018

Kachinland Research Centre (KRC)

CR 97, Shatapru Quater, Myitkyina, Kachin State, Myanmar

Facebook: Kachinland Research Centre

Email: kachinlandrc@gmail.com

---

Intertional Alert Myanmar

71, Building C, Shwe Pyi Aye Condo, Shwe Pyi Aye Street, Sanchaung Township, Yangon, Myanmar 1111

Web: www.international-alert.org

Email: info@international-alert.org

# ကျေးဇူးတင်လွှာ

အစီရင်ခံစာရေးသားသူများသည် ဤသုတေသနအတွက် သိရှိထားသည်များကို မျှဝေပေးခဲ့ကြသော၊ ၎င်းတို့၏ ကွန်ရက်များနှင့် အကျိုးခံစားခွင့်ရှိသူများထံ ဆက်သွယ်ရန် ကူညီပေးခဲ့ကြသော ကချင်ပြည်နယ်ရှိ လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများနှင့် အရာရှိများအား ကျေးဇူးတင်ရှိပါသည်။ အချက်အလက်များ ကောက်ယူမှုနှင့် ဤစီမံချက်အတွက် ပေါင်းစပ်ညှိနှိုင်းမှုများကို ပြုလုပ်ပေးခဲ့ကြသော အောက်ပါလုပ်ဖော်ကိုင်ဖက်များ၏ အရေးပါလှသော အခန်းကဏ္ဍကိုလည်း ကျွန်ုပ်တို့များစွာ အသိအမှတ်ပြုကျေးဇူးတင်ပါသည် - နော်ထွန်းအောင်၊ ဂျာလော့ဒ်အောင်, ခေါင်စေး, ထုရာနှင့် ဟောင်းခေါင်၊ ထောက်ပံ့ဖြည့်ဆည်းမှုများ ဆောင်ရွက်ပေးခဲ့သော မူဆေးနှင့် ဤစီမံချက်၏ အဆင့်များအားလုံးတွင် အလုံးစုံကြီးကြပ်လမ်းညွှန်ပေးခဲ့သော မြတ်သဉ္ဇာကိုနှင့် Henri Myrttinen တို့ ဖြစ်ပါသည်။

ဤအစီရင်ခံစာ၏ မူကြမ်းများကို ဖတ်ရှုသုံးသပ်ကာ ဝေဖန်အကြံပြုပေးခဲ့သော စီစစ်အတည်ပြုအလုပ်ရုံဆွေးနွေးပွဲတက်ရောက်သူများကိုလည်း ကျေးဇူးတင်ရှိပါသည်။ ဆန်းစစ်လေ့လာမှုနှင့် အမှားအယွင်းတစ်စုံတစ်ရာ ရှိခဲ့လျှင် အစီရင်ခံစာရေးသားသူများ၏ တာဝန်သာ ဖြစ်ပါသည်။

ဤသုတေသနအား U.S. Agency for International Development’s (USAID) ၏ Leahy War Victims Fund မှ ရန်ပုံငွေပံ့ပိုးပေးပြီး DAI ၏ ကမ်းလက်အစီအစဉ်မှ ရန်ပုံငွေများကို စီမံဆောင်ရွက်ပေးခြင်းဖြစ်ပါသည်။ ဤအစီရင်ခံစာတွင် တင်ပြထားသော အမြင်များသည် ကချင်မြေသုတေသနဌာနနှင့် International Alert တို့၏ အမြင်သက်သက်သာ ဖြစ်ပြီး အလှူရှင်၏ အမြင်များ သို့မဟုတ် မူဝါဒများကို ထင်ဟပ်ကိုယ်စားပြုခြင်း မရှိကြောင်းတင်ပြအပ်ပါသည်။

အစီရင်ခံစာ ရေးသားသူများ

Dan Seng Lawn
ညွှန်ကြားရေးမှူး
Kachinland Research Center (ကချင်ဒေသန္တရသုတေသနအဖွဲ့အစည်း)

Jana Naujoks
ခေတ္တဌာနေညွှန်ကြားရေးမှူး
International Alert မြန်မာ

# မာတိကာ


**အတိုကောက်ဝေါဟာရများ** .......... ၁

**အနှစ်ချုပ်** .......... ၂

**၁။ နိဒါန်း** .......... ၅

**၂။ သုတေသနဒီဇိုင်းနှင့် ကန့်သတ်ချက်များ** .......... ၈

၂-၁ သုတေသနပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များ .......... ၈

၂-၂ သုတေသနဒီဇိုင်း .......... ၈

၂-၃ ကန့်သတ်ချက်များ .......... ၁၂

**၃။ သုတေသနမှ အဓိကတွေ့ရှိချက်များ** .......... ၁၃

၃-၁ ဂျန်ဒါမျှော်လင့်ချက်များနှင့် စိန်ခေါ်မှုများ .......... ၁၅

၃-၂ ကွဲရဲ့ပြစ်တင်ရှုတ်ချမှုများနှင့် ခွဲခြားဆက်ဆံမှုများ .......... ၁၈

၃-၃ အသက်မွေးဝမ်းကျောင်းမှု .......... ၂၂

၃-၄ ဘေးကင်းလုံခြုံမှုနှင့် ကာကွယ်စောင့်ရှောက်မှု .......... ၂၅

၃-၅ ငြိမ်းချမ်းရေးနှင့် ပဋိပက္ခဆိုင်ရာ သဘောထားအမြင်များ .......... ၂၈

**၄။ သုံးသပ်ချက်နှင့် အကြံပြုချက်များ** .......... ၃၂

**၅။ နောက်ဆက်တွဲများ** .......... ၃၆

နောက်ဆက်တွဲစာတမ်း ၁ သုတေသနမေးခွန်းများ .......... ၃၆

နောက်ဆက်တွဲစာတမ်း ၂ တွေ့ဆုံမေးမြန်းမှုများအကြောင်း အကျဉ်းချုပ်တင်ပြချက် .......... ၃၇

# အတိုကောက်ဝေါဟာရများ

| | |
|---|---|
| CSO | Civil Society Organization<br>အရပ်ဖက်လူမှုအဖွဲ့အစည်း |
| DPO | Disabled persons' organisation<br>မသန်စွမ်းသူများအဖွဲ့အစည်း |
| EAO | Ethnic armed organisation<br>တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း |
| FGD | Focus group discussion<br>ဦးတည်အုပ်စုဆွေးနွေးပွဲ |
| GOM | Government of Myanmar<br>မြန်မာနိုင်ငံအစိုးရ |
| IDPs | Internally displaced person<br>ပြည်တွင်းနေရပ်စွန့်ခွာသူများ |
| KDG | Kachin Development Group<br>ကချင်ဖွံ့ဖြိုးတိုးတက်ရေးကွန်ရက်အုပ်စု |
| KBC | Kachin Baptist Convention<br>ကချင်နှစ်ခြင်း ခရစ်ယာန်အဖွဲ့ချုပ် |
| KIA | Kachin Independence Army<br>ကချင်လွတ်မြောက်ရေးတပ်မတော် |
| KII | Key informant interview<br>အဓိကသတင်းအချက်အလက်ပေးနိုင်သူနှင့် တွေ့ဆုံမေးမြန်းခြင်း |
| KIO | Kachin Independence Organisation<br>ကချင်လွတ်လပ်ရေးအဖွဲ့ချုပ် |
| KMSS | Karuna Myanmar Social Services<br>ဂရုဏာ လူမှုစည်းလုံးညီညွတ်ရေးအသင်း |
| KRC | Kachinland Research Centre<br>ကချင်ဒေသန္တရသုတေသနအဖွဲ့အစည်း |
| MWD | Man/men with disabilities<br>မသန်စွမ်းသူအမျိုးသား(များ) |
| PWDs | Persons with disabilities<br>မသန်စွမ်းသူများ |
| SGBV | Sexual and gender-based violence<br>လိင်မှုဆိုင်ရာနှင့် ကျန်ဒါအခြေပြုအကြမ်းဖက်မှု |
| WWD | Woman/women with disabilities<br>မသန်စွမ်းသူအမျိုးသမီး(များ) |

# အနှစ်ချုပ်


အုပ်ချုပ်ရေးလုပ်ငန်းစဉ်အတွင်းနှင့် ပဋိပက္ခ၊ ငြိမ်းချမ်းရေးတည်ဆောက်မှုတို့ကို နားလည်သိရှိရန် ကြိုးပမ်းရာတွင် ဂျန်ဒါသည် အရေးပါကြောင်း မြန်မာနိုင်ငံတွင် သိရှိသူများ ပိုမိုများပြားလာပြီဖြစ်ပါသည်။ တရားဝင် အခင်းအကျင်းများတွင် မကြာခဏဆိုသလို အမျိုးသမီးများ ပါဝင်ခွင့်မရခြင်းကြောင့် 'ဂျန်ဒါ' အစီအစဉ်များသည် များသောအား ဖြင့် 'အမျိုးသမီးများနှင့် မိန်းကလေးများ' ကို ပဋိပက္ခတွင် နစ်နာရသူများအဖြစ် အဓိကဦးတည်ဆောင်ရွက်လေ့ရှိပြီး အမျိုးသားများကိုမူ အကြမ်းဖက်မှု ကျူးလွန်သူများအဖြစ် ယူဆလေ့ရှိပါသည်။ ပဋိပက္ခတွင် 'ဂျန်ဒါ၏ အခြားမျက်နှာစာတစ်ဖက်' ဖြစ်သော အမျိုးသားများနှင့် ယောကျ်ားလေးများ၏ အတွေ့အကြုံများကိုမူ ဂျန်ဒါ ရှုထောင့်မှ နားလည်သိရှိခြင်းသည် ကမ္ဘာလုံးဆိုင်ရာအဆင့်တွင်ပင် နည်းပါးနေဆဲဖြစ်ရာ မြန်မာနိုင်ငံရှိ ကချင်ပြည်နယ်တွင် ပဋိပက္ခများအတွင်း ယင်းနှင့်စပ်လျဉ်းသည့် လေ့လာမှုများမှာ အလွန်ပင်နည်းပါးပါသည်။

မြေမြှုပ်မိုင်းကြောင့်ဖြစ်စေ၊ လက်နက်ကိုင်အကြမ်းဖက်မှုကြောင့်ဖြစ်စေ ပဋိပက္ခနှင့်ဆက်နွှယ်သော အကြမ်းဖက်မှု များနှင့် ဆေးကုသစောင့်ရှောက်မှုများကို လက်လှမ်းမီအသုံးပြုနိုင်ခြင်း မရှိမှုများကြောင့် မသန်စွမ်းသူများ အရေအတွက် တိုးပွားလာသည့်တိုင် မူဝါဒနှင့် ဆုံးဖြတ်ချက်ချမှတ်သူများက တိုင်ပင်ဆွေးနွေးအကြံပြုချက် ရယူသူများထဲတွင် မသန်စွမ်း သူများ ပါဝင်လေ့မရှိပါ။ လက်နက်ကိုင်တိုက်ခိုက်ကြသူအများစုသည် အမျိုးသားများ ဖြစ်သည်နှင့်အညီ ပဋိပက္ခကြောင့် ထိခိုက်ဒဏ်ရာရသူများနှင့် နစ်နာသူများထဲတွင် အမျိုးသား အရေအတွက်သည် မြင့်မားလှပါသည်။ သို့သော် အမျိုးသားများ တွေ့ကြုံခံစားရမှုများနှင့် ထိခိုက်လွယ်မှုများအပေါ် ပဋိပက္ခ၏ သက်ရောက်မှုများအကြောင်းကို နားလည်သိရှိမှု အလွန်ပင် နည်းပါးပါသည်။ဤကနဦးဆန်းစစ်လေ့လာချက်တွင်ယောကျ်ားဆန်မှုသဘာဝများကိုအဓိကထားကာမသန်စွမ်းသူများအပေါ် ထားရှိသည့် ဂျန်ဒါဆိုင်ရာ မျှော်လင့်ချက်များအပေါ် ပဋိပက္ခ၏ သက်ရောက်မှုများကို လေ့လာဆန်းစစ်ခြင်းဖြင့် ဤကွာဟ ချက်ကို တစ်စိတ်တစ်ပိုင်း ဖြည့်ဆည်းပေးရန် ကြိုးပမ်းထားပါသည်။ မသန်စွမ်းသူများ (PWDs) အတွက် ဝန်ဆောင်မှုများအား ဂျန်ဒါကို နားလည်သိရှိခြင်းမရှိဘဲ ဆောင်ရွက်ပေးရန် ကြိုးပမ်းမှုများသည် အရေးကြီးသော အခြေအနေများကို မျက်စိ လျှမ်းသွားနိုင်ပြီး ငြိမ်းချမ်းရေးနှင့် ပဋိပက္ခဆိုင်ရာ ဆွေးနွေးမှုများတွင်လည်း မသန်စွမ်းသူများ၏ အသံများ မပါဝင်ဘဲ ဖြစ် နေသည့်အတွက် ဤဆန်းစစ်လေ့လာမှုသည် အရေးကြီးပါသည်။

လေ့လာမှုတွင် မသန်စွမ်းသူ အမျိုးသား၊ အမျိုးသမီးများနှင့် တွေ့ဆုံမေးမြန်းမှု ၁၆၁ ခု၊ ဦးတည်အုပ်စုဆွေးနွေးမှု (FGDs) ခြောက်ခုပြုလုပ်ခဲ့ပြီး မြို့ကြီးများနှင့် ပြည်တွင်းနေရပ်စွန့်ခွာ (IDPs) စခန်းများအပါအဝင် အစိုးရနှင့် ကချင် လွတ်လပ် ရေးအဖွဲ့ချုပ် (KIO) ထိန်းချုပ်ထားသောဒေသများမှ အဓိကအကျိုးသက်ဆိုင်သူများနှင့် တွေ့ဆုံဆွေးနွေးမှု ၁၉ ခု ပြုလုပ်ခဲ့ ပါသည်။ ယင်းတို့မှ တွေ့ရှိချက်များအရ အခြေခံအကျဆုံးအဆင့်တွင် လက်ရှိဆောင်ရွက်ပေးလျက်ရှိသော ဝန်ဆောင်မှုများ သည် ဂျန်ဒါရှုထောင့်မှသော်လည်းကောင်း၊ လူ့ဘောင်အဖွဲ့အစည်းမှ မသန်စွမ်းမှုများအပေါ် ထားရှိသည့် အမြင်များကို သော်လည်းကောင်း ထည့်သွင်းစဉ်းစားမှုမရှိဘဲ ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း သိရှိခဲ့ရပါသည်။ ထို့ကြောင့် ဝန်ဆောင်မှု များအား ထိုရှုထောင့်အမြင်များကို ထည့်သွင်းစဉ်းစားကာ ဆောင်ရွက်ပေးရန် အရေးတကြီး လိုအပ်နေပြီး ထိုအတွက် ဝန်ဆောင်မှုပေးသူများနှင့် စခန်းတွင်း စေတနာ့ဝန်ထမ်း လုပ်အားပေးများသာမက မသန်စွမ်းသူများကိုယ်တိုင်အတွက်ပါ စွမ်းရည် မြှင့်တင်ပေးရန် လိုအပ်မည်ဖြစ်ပါသည်။ စွမ်းရည်မြှင့်တင်ရာတွင် ဂျန်ဒါညီမျှမှု အခြေခံသဘောတရားများဆိုင်ရာ မော်ဂျူးများ၊ မသန်စွမ်းမှုများအကြောင်း အသိပညာများနှင့် ပဋိပက္ခ၏ သက်ရောက်မှုများအကြောင်း ဆွေးနွေးမှုများ ပါဝင် သင့်ပါသည်။

**ဂျန်ဒါမျှော်လင့်ချက်များနှင့် စိန်ခေါ်မှုများ** - မိသားစုနှင့် ရပ်ရွာလူမှုအသိုင်းအဝိုင်းအတွင်း သမားရိုးကျခွဲဝေ သတ် မှတ်ထားသော ဂျန်ဒါအခန်းကဏ္ဍများအရ အမျိုးသားများသည် မိသားစုအား ရှာဖွေကျွေးမွေးပြီး ကာကွယ်စောင့်ရှောက် ပေးရမည်ဖြစ်ကာ အမျိုးသမီးများသည် ကလေးများနှင့် လူမှုအဖွဲ့အစည်းအား ပြုစုစောင့်ရှောက်ရမည်ဖြစ်သည်။ ယေဘုယျ အားဖြင့် IDP စခန်းများတွင် နေထိုင်ကြသော အမျိုးသားများ နှင့် အမျိုးသမီးများအဖို့ ပဋိပက္ခကြောင့် ထိုဂျန်ဒါအခန်းကဏ္ဍများကို ထမ်းဆောင်ရန်မှာ ပိုမိုခက်ခဲလာပါသည်။ နေရပ်စွန့်ခွာ ရွှေ့ပြောင်းခဲ့ရသည့် မသန်စွမ်းသော အမျိုးသားများနှင့် အမျိုးသမီး များအတွက်မူ ဆိုဖွယ်ရာ မရှိတော့ပါ။ အိမ်ထောင်ပြုရန် အတားအဆီးများသည် မသန်စွမ်းသူများအတွက် အထူးပုပန်ရသည့်

အရေးကိစ္စတစ်ခု ဖြစ်ပြီး အမျိုးသမီး မသန်စွမ်းသူများ၊ အထူးသဖြင့် မိန်းကလေးငယ်များအဖို့ စခန်းများတွင် လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်စော်ကားခံရနိုင်ခြေသည်လည်း များစွာ စိုးရိမ်ပူပန်စရာ ဖြစ်ပါသည်။

**ပဋိပက္ခ၏ အကျိုးသက်ရောက်မှုများ**ကို ကြည့်လျှင် မြေမြှုပ်မိုင်းများ သို့မဟုတ် ပဋိပက္ခနှင့်ဆက်နွယ်သော အကြမ်းဖက်မှုများကြောင့် ကိုယ်လက်အင်္ဂါချို့ယွင်းခြင်းမှစ၍ ပစ်ခတ်တိုက်ခိုက်မှုများကြောင့် အစုလိုက် နေရပ်စွန့်ခွာရမှုများ အထိ အမျိုးမျိုး ရှိနိုင်ပါသည်။ နေရပ်စွန့်ခွာရွှေ့ပြောင်းရမှုသည် မူလကတည်းက မသန်စွမ်းဖြစ်နေသော အမျိုးသားများနှင့် အမျိုးသမီးများ၏ မသန်စွမ်းမှုကို ရင်ဆိုင်ကျော်လွှားသည့် နည်းလမ်းများနှင့် ဝင်ငွေ ဖန်တီးမှု စနစ်များကို ပျက်ပြားသွားစေကာ မိသားစု ဆက်ဆံရေးအခြေအနေများအပေါ် ထိခိုက်ပြီး အိမ်တွင်း အကြမ်းဖက်မှုများကို ပိုဆိုးစေပါသည်။ လူသွားလမ်းများ မရှိခြင်း၊ အိမ်သာရေချိုးခန်းများ လုံလောက်စွာ မရှိခြင်းကြောင့် မသန်စွမ်းသူများ၏ ဂုဏ်သိက္ခာနှင့် မသန်စွမ်းမှုကို ရင်ဆိုင်ကျော်လွှားသည့် နည်းလမ်းများအတွက် ကြီးမားသော အခက်အခဲများ ဖြစ်နေသည့် IDP များတွင် တစ်နေရာမှတစ်နေရာ လွယ်ကူစွာ လက်လှမ်းမီ သွားလာနိုင်အောင် စနစ်တကျ ပုံစံချကာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည့် ပံ့ပိုးမှုများ အရေးတကြီး လိုအပ်နေပါသည်။

**စိတ်ပိုင်းဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ ကိစ္စရပ်များ** - မသန်စွမ်းသော အမျိုးသားများနှင့် ၎င်းတို့၏ မိသားစုများက စီးပွားရေးကြပ်တည်းမှုများနှင့် ယောကျ်ားပီသမှုဆိုင်ရာ မျှော်လင့်ချက်များကို ပြည့်မီအောင် ဖြည့်ဆည်းနိုင်ခြင်း မရှိမှုတို့က စိတ်ကျန်းမာရေးပြဿနာများ၊ စိတ်ကျမှု၊ မျှော်လင့်ချက်မဲ့မှုတို့ အဖြစ်များလာကြောင်း ပြောပြကြပါသည်။ ဖိအားများကြောင့် မိသားစု၏ စည်းလုံးညီညွတ်မှုကို ပျက်ပြားစေသည့် စိန်ခေါ်မှုများနှင့် မိသားစုပြိုကွဲမည့် အန္တရာယ်များအကြောင်းကို တွေ့ဆုံမေးမြန်းမှုများတွင် မကြာခဏ ကြားခဲ့ရပါသည်။ ထိုပြဿနာများကို ကိုင်တွယ်ဖြေရှင်းပေးရန် သီးခြားအလေးထား ပံ့ပိုးမှုများအား လိုအပ်ချက်နှင့် ကွက်တိကိုက်ညီအောင် စီစဉ်ဆောင်ရွက်ပေးရန် လိုအပ်နေပါသည်။

**မသန်စွမ်းဖြစ်သွားသော စစ်မှုထမ်းဟောင်းများသည် သီးခြားပြဿနာများအတွက် ရုန်းကန်လှုပ်ရှားနေရပါသည်** - စစ်သားများအဖြစ် ၎င်းတို့သည် မိသားစုနှင့် ရပ်ရွာကို ကာကွယ်စောင့်ရှောက်ပေးရမည်ဟူသည့် ယောကျ်ားပီသမှု စံနှုန်းများကို အဆုံးစွန်ဖြည့်ဆည်းပေးခဲ့ကြပါသည်။ ၎င်းတို့သည် ထိုအနေအထားကြောင့်ဖြစ်စေ၊ ၎င်းတို့ကိုင်ဆောင်ထားသော လက်နက်များကြောင့်ဖြစ်စေ လူမှုအဖွဲ့အစည်း၏ ရိုသေလေးစားမှုကို ကျင့်သားရထားသူများ ဖြစ်နိုင်ပါသည်။ မိမိလူမျိုးစု ကောင်းကျိုးအတွက် စွန့်လွှတ်အနစ်နာခံခဲ့သည့် ခြေလက်အင်္ဂါဆုံးရှုံးခဲ့သော စစ်မှုထမ်းဟောင်းများသည် အခြားသူများ၏ ပံ့ပိုးကူညီမှုများကို လိုအပ်သူတစ်ဦးအဆင့်သို့ ကျဆင်းသွားမှုသည် ကြီးမားသည့် စိန်ခေါ်မှုတစ်ခု ဖြစ်နိုင်ပြီး အထူးသဖြင့် ၎င်းတို့၏ စစ်မှုထမ်းခဲ့မှုနှင့် စွန့်လွှတ်အနစ်နာခံမှုများကို ကောင်းစွာအသိအမှတ်မပြုသောအခါတွင် ပိုဆိုးမည်ဖြစ်သည်။ ၎င်းတို့သည် လစာများ ဆက်လက်ခံစားနေရသော်လည်း ၎င်းတို့၏ စိတ်ကျန်းမာရေးသည် ကူညီပံ့ပိုးမှုများ လိုအပ်သည့် အရေးကိစ္စတစ်ခု ဖြစ်ပါသည်။ ကိုယ်လက်အင်္ဂါချို့ယွင်းသွားသော စစ်မှုထမ်းဟောင်းများအား သီးခြားခွဲထားခြင်းသည် အထီးကျန်မှုနှင့် စိတ်ဒဏ်ရာများကို ပိုမိုဆိုးရွားစေလျက်ရှိပြီး အားလုံးအကျုံးဝင်သည့် အသိုင်းအဝိုင်းများအတွင်း ပေါင်းစည်းဝင်ရောက်ခြင်းသည် ပြောင်းလဲသွားသည့် ဘဝအခြေအနေများနှင့် လိုက်လျောညီထွေနေထိုင်နိုင်ရေး ပိုမိုအထောက်အကူပြုနိုင်ပါသည်။

**အသက်မွေးဝမ်းကျောင်းမှု** - ပဋိပက္ခနှင့် နေရပ်စွန့်ခွာရွှေ့ပြောင်းရမှုများသည် မသန်စွမ်းသူများ၏ ဝင်ငွေနှင့် အလုပ်အကိုင်တို့အပေါ် ဆိုးရွားစွာ သက်ရောက်မှုရှိပြီး ဝင်ငွေရရှိနိုင်သည့် အခြားနည်းလမ်းများကို ရှာဖွေရာတွင် ၎င်းတို့၏ ချို့ယွင်းအားနည်းချက်နှင့် ပတ်ဝန်းကျင်ရှိ အတားအဆီးများကြောင့် အခက်အခဲများ ပိုမိုရင်ဆိုင်ကြရပါသည်။ ဝင်ငွေနှင့်အတူ လေးစားမှုကိုလည်း ရရှိခြင်းဖြစ်သည့်အတွက် မသန်စွမ်းသူ အမျိုးသားများနှင့် အမျိုးသမီးများအားလုံးအတွက် ဝင်ငွေတစ်ခု ရှိခြင်းသည် ၎င်းတို့၏ မိသားစုများအား ၎င်းတို့သည် မသန်သော်လည်း စွမ်းသူများဖြစ်ကြောင်း သက်သေပြသည့် နည်းလမ်းတစ်ခုပင် ဖြစ်ပါသည်။ လက်ရှိ မသန်စွမ်းသူများအတွက် ပံ့ပိုးပေးလျက်ရှိသည့် အထောက်အကူပစ္စည်း ကိရိယာများနှင့် လစဉ်ငွေသား ထောက်ပံ့ကြေးများသည် အသက်ရှင်ရပ်တည်ရန် အလွန်အရေးကြီးပြီး တစ်ဖက်တွင်လည်း ဖြစ်နိုင်လျှင် ၎င်းတို့ကိုယ်တိုင် ဂုဏ်သိက္ခာရှိစွာဖြင့် ဝင်ငွေရှာနိုင်စေရန် ပိုမိုပြည့်စုံသော ပံ့ပိုးကူညီမှုများအား စဉ်ဆက်မပြတ် ပေးသွားရန်လိုအပ်မည်ဖြစ်ပါသည်။ ထိုသို့ပံ့ပိုးကူညီရာတွင် ပေးကမ်းစွန့်ကြဲသည့်ပုံစံဖြင့် တစ်ကြိမ်လှူပြီးလျှင်ပြီးသွားသည်ထက် မသန်စွမ်းသူများအနေဖြင့် အသက်မွေးဝမ်းကျောင်းမှုပြုနိုင်မည့် ကျွမ်းကျင်မှုများနှင့် အရင်းအမြစ်များ ရရှိစေရန် ကိုယ်အင်္ဂါချို့ယွင်းမှုအဆင့် အနည်းအများအလိုက် သင့်လျော်သည့် ပံ့ပိုးမှုများကို ပေးသင့်ပါသည်။ အသက်မွေးဝမ်းကျောင်းမှု မပြုနိုင်လောက်အောင် ချို့ယွင်း

သွားသော မသန်စွမ်းမှုပြင်းထန်သူများအတွက်လည်း ၎င်းတို့၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် လူမှုရေးပိုင်းဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည့် ငွေကြေးထောက်ပံ့မှုများကို စဉ်ဆက်မပြတ် ပေးသွားသင့်ပါသည်။

**ခွဲခြားဆက်ဆံခြင်း** - မသန်စွမ်းသူ စစ်မှုထမ်းဟောင်းများလွဲ၍ မသန်စွမ်းသူများသည် အသက်အရွယ်မရွေး၊ ၎င်းတို့၏ သားသမီးများနှင့် မိသားစုဝင်များပါမကျန် မသိနားမလည်မှု၊ ပုံသေကားချပ် အတွေးအခေါ်အယူအဆများနှင့် ကြောက်ရွံ့မှုများမှ အရင်းခံလာသော ခွဲခြားဆက်ဆံမှုများနှင့် ကဲ့ရဲ့ရှုတ်ချမှုများကို ရင်ဆိုင်ကြရပါသည်။ မသန်စွမ်းမှုများနှင့် ဂျန်ဒါမညီမျှမှုများအပေါ် လူ့ဘောင်အဖွဲ့အစည်း၏လက်ခံယူဆထားချက်များ၊ မသန်စွမ်းမှုများသည် ကူးစက်နိုင်ခြင်းမရှိသလို မသန်စွမ်းသူများ၏ အပြစ်လည်းမဟုတ်ကြောင်း အသိပညာပေးမှုများ ပြုလုပ်ရန် အလွန်လိုအပ်နေပြီး ပြုလုပ်နိုင်ပါက အလွန်ပင် အကျိုးများနိုင်ပါသည်။ အသိပညာပေးရာတွင် အရပ်ဖက်လူမှုအဖွဲ့အစည်းနှင့် ဘုရားကျောင်းများ၊ ပညာရေးဌာနအဖွဲ့အစည်းများက အဓိကအခန်းကဏ္ဍမှ ပါဝင်လုပ်ဆောင်သင့်ပါသည်။ ထိုအသိပညာပေးမှုများတွင် လူတစ်ဦးချင်းစီ၏ မတူကွဲပြားမှုများကို နားလည်လက်ခံနိုင်စွမ်း၊ အားလုံးပါဝင်နိုင်မှု၊ မေတ္တာတရား၊ ကြင်နာမှု၊ သတ္တိ၊ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ပံ့ပိုးကူညီမှုနှင့် စဉ်ဆက်မပြတ် လေ့လာသင်ယူမှုတို့ကို ပိုမိုဦးတည်စေရန်အတွက် အမျိုးသားနှင့် အမျိုးသမီးများအတွက် သတ်မှတ်ထားသော တင်းကြပ်သည့် ဂျန်ဒါစံများ ပြောင်းလဲသွားအောင် လုပ်ဆောင်မှုများလည်း ပါဝင်သင့်ပါသည်။ ပိုမိုပွင့်လင်းသော ဂျန်ဒါအခန်းကဏ္ဍများကို လက်ခံကျင့်သုံးခြင်းဖြင့် သမားရိုးကျဂျန်ဒါအခန်းကဏ္ဍများနှင့် မျှော်လင့်ချက်များကို ပယ်ချွာနိုင်သူများ၏ မိသားစုဘဝများသည် ဝင်ငွေအခွင့်အလမ်းများ မရှိခြင်းနှင့် နေရပ်စွန့်ခွာ ရွှေ့ပြောင်းရခြင်း၏ စိန်ခေါ်မှုများ ရှိနေသည့်တိုင် ပိုမိုတည်ငြိမ်မှုရှိကာ အပေးအယူမျှ၍ သဟဇာတဖြစ်လာပါသည်။

မြန်မာနိုင်ငံတွင် လက်ရှိ ဆောင်ရွက်ဆဲဖြစ်သည့် **ငြိမ်းချမ်းရေးလုပ်ငန်းစဉ်**အတွင်းတွင် မသန်စွမ်းသူများအပါအဝင် နိုင်ငံသားများအားလုံးအတွက် ရေရှည်တည်တံ့မည့် ငြိမ်းချမ်းရေး ရရှိအောင် တစ်ဖက်တစ်လမ်း ပါဝင်ကူညီပေး လိုပါက ပါဝင်နိုင်မည့် အခွင့်အလမ်းများနှင့် စွမ်းဆောင်ခွင့်များ ပေးထားသည့် အားလုံးပါဝင်နိုင်သော ငြိမ်းချမ်းရေးတည်ဆောက်မှု နည်းလမ်းတစ်ခု ရှိရန်လိုအပ်ပါသည်။ အားလုံးပါဝင်နိုင်သော နည်းလမ်းတစ်ခုကို ရေးဆွဲချမှတ်နိုင်ရန်အတွက် အကျိုးသက်ဆိုင်သူများသည် ရပ်ရွာလူထုအခြေပြု ငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်များတွင် မသန်စွမ်းသူများနှင့် ဆက်သွယ်ညှိနှိုင်းဆွေးနွေးနိုင်မည့် အခွင့်အလမ်းများကို ရှာဖွေနိုင်ပါသည်။ မသန်စွမ်းသူများသည် အနာဂတ် ကချင်ပြည်နယ် ငြိမ်းချမ်းရေး၏ အစိတ်အပိုင်းတစ်ခု ဖြစ်ရမည်ဖြစ်ပြီး ၎င်းတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးကာ ၎င်းတို့၏ အမြင်များကိုလည်း တင်ပြခွင့်ပေးရမည်ဖြစ်သည်။ ၎င်းတို့သည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အကြောင်း သတင်းအချက်အလက်များကို ရရှိပိုင်ခွင့်ရှိပြီး ထိုသတင်းအချက်အလက်များ အား IDP စခန်းများသို့ ပေးပို့ခြင်းနှင့် မသန်စွမ်းအဖွဲ့အစည်းများ (DPOs) မှတစ်ဆင့် ပေးပို့ခြင်းတို့ ပြုလုပ်ပေးနိုင်ပါသည်။ မသန်စွမ်းအဖွဲ့အစည်းများအနေဖြင့်လည်း ငြိမ်းချမ်းရေးနှင့် ဆက်နွယ်သော ဆွေးနွေးပွဲများတွင် မသန်စွမ်းသူများ၏ အရေးကိစ္စများကို တင်ပြပေးနိုင်သည့် လုပ်ငန်းစဉ်များ သို့မဟုတ် သွားလာရန် မလွယ်ကူသည့် မသန်စွမ်းသူများက ထိုဆွေးနွေးပွဲများတွင် ပါဝင်လိုပါက ကိုယ်တိုင်ပါဝင်နိုင်အောင် ကူညီပံ့ပိုးနိုင်မည့် နည်းလမ်းများကို ရှာဖွေပေးသင့်ပါသည်။

# ၁။ နိဒါန်း

၂၀၀၀ပြည့်နှစ်၊ အောက်တိုဘာလတွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီ (UNSCR) ဆုံးဖြတ်ချက်အမှတ် ၁၃၂၅ကို ချမှတ်ခဲ့ချိန်မှစ၍ ပဋိပက္ခကို နားလည်သိရှိရန်နှင့် ငြိမ်းချမ်းရေးအတွက် လုပ်ဆောင်ရာတွင် ဂျန်ဒါသည် အရေးကြီးသော အချက်တစ်ခုဖြစ်ကြောင်း ပိုမိုသိရှိလာကြပါသည်။ တရားဝင်အခင်းအကျင်းများတွင် မကြာခဏဆိုသလို အမျိုးသမီးများ ပါဝင်ခွင့်မရခြင်းကြောင့် 'ဂျန်ဒါ' အစီအစဉ်များသည် များသောအားဖြင့် 'အမျိုးသမီးများနှင့် မိန်းကလေးများ' ကို ပဋိပက္ခတွင် နစ်နာရသူများအဖြစ် အဓိကဦးတည်ဆောင်ရွက်လေ့ရှိပြီး အမျိုးသားများကိုမူ အကြမ်းဖက်မှုကျူးလွန်သူများအဖြစ် ယူဆလေ့ ရှိပါသည်။ ပဋိပက္ခနှင့်ဆက်နွှယ်၍ ဂျန်ဒါအား ဤသို့ပုံသေကားကျ နားလည်သဘောပေါက်မှုမျိုးသည် ပြဿနာရှိပါသည်။ ပဋိပက္ခတွင် 'ဂျန်ဒါ၏ အခြားမျက်နှာစာတစ်ဖက်' ဖြစ်သော အမျိုးသားများနှင့် ယောကျာ်းလေးများ၏ အတွေ့အကြုံများကိုမူ ဂျန်ဒါရှုထောင့်မှ နားလည်သိရှိခြင်းသည် ကမ္ဘာလုံးဆိုင်ရာအဆင့်တွင်ပင် နည်းပါးနေဆဲဖြစ်ရာ မြန်မာနိုင်ငံရှိ ကချင်ပြည်နယ် တွင် ပဋိပက္ခများအတွင်း ယင်းနှင့်စပ်လျဉ်းသည့် လေ့လာမှုများမှာ အလွန်ပင်နည်းပါးပါသည်။ ပဋိပက္ခနှင့်ဆက်နွှယ်၍ အမျိုးသမီးများနည်းတူ အမျိုးသားများသည်လည်း မကြာခဏဆိုသလို နစ်နာသူများဖြစ်တတ်ကြပြီး အကြမ်းဖက်မှုကို ကျူးလွန်သူများအဖြစ် တရားသေမှတ်ယူရန် မသင့်ပါ။ လက်နက်ကိုင်တိုက်ခိုက်ကြသူအများစုသည် အမျိုးသားများဖြစ်သည် နှင့်အညီ ပဋိပက္ခကြောင့် ထိခိုက်ဒဏ်ရာရသူများနှင့် နစ်နာသူများထဲတွင် အမျိုးသား အရေအတွက်သည် မြင့်မားလှပါသည်။ သို့သော် အမျိုးသားများ တွေ့ကြုံခံစားရမှုများနှင့် ထိခိုက်လွယ်မှုများအပေါ် ပဋိပက္ခ၏ သက်ရောက်မှုများအကြောင်းကို နားလည်သိရှိမှု အလွန်ပင်နည်းပါးပါသည်။ ပဋိပက္ခသည် အမျိုးသားများအပေါ် ထားရှိသည့် ဂျန်ဒါမျှော်လင့်ချက်များကို မည်သို့ ပြောင်းလဲစေသနည်းဟူသည်ကလည်း ယနေ့အချိန်အထိ ဆောင်ရွက်လာခဲ့ကြသည့် ပဋိပက္ခနှင့် ဂျန်ဒါ၏ဆက်နွှယ်ပုံ အကြောင်း သုတေသနများတွင် လျစ်လျူရှုထားခြင်း ခံရသော အကြောင်းအရာတစ်ခု ဖြစ်ပါသည်။

မြေမြှုပ်မိုင်းကြောင့်ဖြစ်စေ၊ လက်နက်ကိုင်အကြမ်းဖက်မှုကြောင့်ဖြစ်စေ ပဋိပက္ခနှင့်ဆက်နွှယ်သော အကြမ်းဖက်မှု များနှင့် ဆေးကုသစောင့်ရှောက်မှုများကို လက်လှမ်းမီအသုံးပြုနိုင်ခြင်း မရှိမှုများကြောင့် မသန်စွမ်းသူများ အရေအတွက် တိုးပွားလာသည့်တိုင် မူဝါဒနှင့် ဆုံးဖြတ်ချက်ချမှတ်သူများက တိုင်ပင်ဆွေးနွေးအကြံပြုချက် ရယူသူများထဲတွင် မသန်စွမ်း သူများ ပါဝင်လေ့မရှိပါ။ ကချင်ပြည်နယ်တွင် ဤသို့ဖြစ်ရခြင်း၏ အကြောင်းတစ်ခုမှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် မသန်စွမ်း သူများ ပါဝင်နိုင်ရေးကို အားပေးပံ့ပိုးသည့်မူဝါဒနှင့် လုပ်ဆောင်ချက်များ မရှိခြင်းနှင့် နောက်ထပ်အကြောင်းတစ်ခုမှာ ၎င်းတို့၏ ပညာရည်အဆင့်အတန်းနှင့် ဝင်ငွေအဆင့်နိမ့်ကျခြင်းကြောင့် ဖြစ်ပါသည်။ အဆိုပါအကြောင်းများ စုပေါင်းကာ ၎င်းတို့၏ အမြင်များအား ဆုံးဖြတ်ချက်ချမှတ်သူများထံသို့သော်လည်းကောင်း၊ အများပြည်သူထံသို့သော်လည်းကောင်း တင်ပြနိုင်မှု အတွက် အဟန့်အတားများကို ဖြစ်ပေါ်စေပါသည်။ ၂၀၁၄ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံလူဦးရေ၏ ၄.၆% သော မသန်စွမ်းသူများ၏ စာတတ်မြောက်မှုနှုန်း၊ ဆုံးခန်းတိုင်ပညာ သင်ကြားမှုနှုန်းနှင့် လုပ်သား အင်အားစုတွင် ပါဝင်မှုနှုန်းတို့သည် နိုင်ငံ၏ ပျမ်းမျှနှုန်းများနှင့် နှိုင်းယှဉ်လျှင် နည်းပါးနေပါသည်။[1] သွားလာလှုပ်ရှားနိုင်မှုနှင့် စကားပြောဆိုနိုင်မှုတို့ ချို့ယွင်းအားနည်းနေမှုကြောင့် ပဋိပက္ခဒဏ်သင့်ကာ နစ်နာခဲ့ရသော ထိုသူများသည် လိုအပ်ချက်များ ဆန်းစစ်လေ့လာမှုနှင့် ငြိမ်းချမ်းရေးနှင့်ပဋိပက္ခဆိုင်ရာ ဆွေးနွေးဖလှယ်မှုများတွင် ပါဝင်နိုင်ရန် အဟန့်အတားများ ရှိနေပါသည်။[2]

ဤလေ့လာမှုသည် မြန်မာနိုင်ငံရှိ ကချင်ပြည်နယ်တွင် မြန်မာနိုင်ငံအစိုးရ (GOM) နှင့် ကချင်ပြည်နယ်ရှိ ကချင် လွတ်မြောက်ရေးတပ်မတော် / ကချင်လွတ်လပ်ရေးအဖွဲ့ချုပ် (KIA/O) တို့ကြား ၁၇ နှစ်ကြာ အပစ်အခတ်ရပ်စဲမှု ပျက်ပြားပြီး နောက် ၂၀၁၁ ခုနှစ်တွင် ပြန်လည်စတင်ခဲ့သော ပဋိပက္ခနှင့်စပ်လျဉ်း၍ ဤကိစ္စရပ်ကို နားလည်သိရှိစေရန် ရည်ရွယ်လေ့လာခြင်း

---

၁ မြန်မာနိုင်ငံရှိ မသန်စွမ်းမှုဆိုင်ရာ စာရင်းအင်းများ - ၂၀၁၄ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းမှ ညွှန်းဆိုသော ပုံရိပ် (Disability Statistics in Myanmar: Highlight from 2014 Population & Housing Census)၊ ကုလသမဂ္ဂ ရုံးချုပ်၊ နယူးယောက်မြို့တွင် တင်ပြဆွေးနွေးချက်၊ ၂၀၁၇ ခုနှစ်၊ မတ်လ ၉ ရက်၊ https://unstats.un.org/unsd/statcom/ 48th-session/side-events/documents/20170309-2L-Khaing-Khaing-Soe.pdf

၂ ကချင်တွင် ပထမဦးဆုံး လိုအပ်ချက်များဆန်းစစ်လေ့လာခြင်းအား ကချင်ဖွံ့ဖြိုးတိုးတက်ရေးကွန်ရက်အုပ်စုက ၂၀၁၆ခုနှစ် တွင် ပြုလုပ်ခဲ့ပါသည်။ ယေဘုယျပြော ဆိုရေးသားလုပ်ဆောင်ချက်များတွင် မသန်စွမ်းကိစ္စရပ်များကို လျစ်လျူရှုခံရပုံကို ယင်းက ပြသနေပါသည်။

ဖြစ်ပါသည်။ ကချင်ပြည်နယ်ရှိ လက်နက်ကိုင်ပဋိပက္ခသည် တိုင်းရင်းသားနှင့် ဘာသာရေး ဝိသေသကိစ္စရပ်များတွင် နိုင်ငံရေးအရ နစ်နာဆုံးရှုံးမှုများတွင် အမြစ်တွယ်လာခြင်းဖြစ်ပြီး ထိုနစ်နာဆုံးရှုံးမှုများကြောင့်လည်း ၁၉၆၂ ခုနှစ်တွင် KIA/KIO ကို တည်ထောင်ခဲ့ကြခြင်းဖြစ်သည်။ လက်နက်ကိုင်ပုန်ကန်မှုများ မတိုင်မီက ကချင်ပြည်နယ်သည် မြန်မာနိုင်ငံတွင် လွတ်လပ်ရေးရပြီးချိန်မှစ၍ အငြိမ်းချမ်းဆုံးပြည်နယ် ဖြစ်ခဲ့ပါသည်။ နောက်ပိုင်းတွင် KIA/KIO သည် တပ်မတော်နှင့် တိုက်ပွဲများ ဆက်တိုက်ဖြစ်ပွားခဲ့ပါသည်။ ၁၉၇၀ ပြည့်နှစ်များနှင့် ၁၉၈၀ ပြည့်နှစ်များအတွင်း ငြိမ်းချမ်းရေးဆွေးနွေးမှုများ ကြိုကြားကြိုကြား ရှိခဲ့သော်လည်း မအောင်မြင်ခဲ့ဘဲ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို မရရှိခဲ့ပါ။

သို့သော် စစ်အေးတိုက်ပွဲပြီးဆုံးသွားမှုသည် တပ်မတော်ခေါင်းဆောင်ပိုင်းနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကြားအပါအဝင် မြန်မာနိုင်ငံ၏ နိုင်ငံရေးအသိုင်းအဝိုင်းတွင် ပြောင်းလဲမှုတစ်ခု ဖြစ်ခဲ့ပါသည်။ ၁၉၉၁ ခုနှစ်တွင် ကိုးကန့် (MNDAA)၊ အမျိုးသားဒီမိုကရက်တစ်တပ်မတော် - ကချင်နှင့် ဝပြည်သွေးစည်းညီညွတ်ရေး တပ်မတော်တို့က မြန်မာနိုင်ငံစစ်အစိုးရနှင့် အပစ်အခတ်ရပ်စဲရန် သဘောတူခဲ့ပြီးမှ ခွဲထွက်ခဲ့သည့် ကာကွယ်ရေး တပ်မတော်က နောက်တစ်နှစ်တွင် အပစ်အခတ်ရပ်စဲခဲ့ပါသည်။ ထိုနိုင်ငံရေးအခင်းအကျင်းသစ်တွင် KIO ခေါင်းဆောင်ပိုင်းသည် ထိုစဉ်က စစ်အစိုးရနှင့် ဆွေးနွေးညှိနှိုင်းခဲ့ပြီး ၁၉၉၄ ခုနှစ်တွင် နှစ်ဖက်တပ်များကြား နယ်မြေကို ရှင်းရှင်းလင်းလင်းသတ်မှတ်ကာ အပစ်အခတ်ရပ်စဲရေးသဘောတူညီခဲ့ကြပါသည်။ ထိုအပစ်အခတ်ရပ်စဲမှုသည် ၂၀၁၁ ခုနှစ်အထိ တည်မြဲခဲ့ပြီး မလိ-တာဘက် ရေအားလျှပ်စစ်ထုတ်လုပ်ရာဒေသများတွင် ထိတွေ့ပစ်ခတ်မှုများ ဖြစ်ပွားပြီးနောက် တိုက်ပွဲများ ပြန်လည်ဖြစ်ပွားလာပါသည်။[3] ထိုအချိန်မှစ၍ ထောင်သောင်းချီသော အရပ်သားများသည် ၎င်းတို့၏ရွာများကိုစွန့်ခွာထွက်ပြေးခဲ့ရပါသည်။ ၂၀၁၈ ခုနှစ် စက်တင်ဘာလအထိ IDP ပေါင်း ၉၈,၀၀၀ သည် အစိုးရထိန်းချုပ်သော နယ်မြေများနှင့် KIO ထိန်းချုပ်သော နယ်မြေများရှိ စခန်းများတွင် နေထိုင်နေရဆဲဖြစ်ပြီး ၂၀၁၈ခုနှစ်တွင် ထိုအထဲမှ ၁၄,၀၀၀ သည် ထပ်မံထွက်ပြေးခဲ့ရပြန်ပါသည်။

ဤသုတေသနတွင် IDP စခန်းများ၌ နေထိုင်သော မသန်စွမ်းသူများအတွက် အထွေထွေလိုအပ်ချက်များ ဆန်းစစ်လေ့လာမှုကို မပြုလုပ်ခဲ့ပါ။ မသန်စွမ်းသူများအပေါ် ပဋိပက္ခ၏ သက်ရောက်မှုများအား ဂျန်ဒါရှုထောင့်မှနေ၍ ယောကျာ်းဆန်မှုဆိုင်ရာ မျှော်လင့်ချက်များအား အထူးအလေးပေး ထည့်သွင်းကာ ကနဦးဆန်းစစ်လေ့လာမှုပြုရန်သာ ရည်ရွယ်ပါသည်။ ထိုသို့ဆန်းစစ်လေ့လာရာတွင် မသန်စွမ်းသူများအား အုပ်စုတစ်စုတည်းအဖြစ် မသတ်မှတ်ခဲ့ပါ။ သုတေသနတွင် မသန်စွမ်းသော အမျိုးသားများနှင့် အမျိုးသမီးများ၏ အတွေ့အကြုံများနှင့် မျှော်လင့်ချက်များကြား ဂျန်ဒါကွာခြားချက်များ၊ မသန်စွမ်းသည့် အမျိုးသားအမျိုးမျိုးကြား အပြန်အလှန်ဆက်နွယ်ချိတ်ဆက်နေသည့် အခြားအကြောင်းအချက်များကြောင့် ကွာခြားသွားချက်များ၊ ဝင်ငွေအဆင့်ကို အခြေခံကာ အုပ်စုခွဲထားသော မသန်စွမ်းသူများ၊ စစ်မှုထမ်းဟောင်း မသန်စွမ်းသူများနှင့် အရပ်သား မသန်စွမ်းသူများကြား ကွာခြားချက်များကို လေ့လာနိုင်ရန်ကြိုးပမ်းခဲ့ပါသည်။ ဤလေ့လာမှုတွင် မသန်စွမ်းသူများအတွက် ဝန်ဆောင်မှုပေးနေသူများနှင့် ၎င်းတို့ ချဉ်းကပ်ဆောင်ရွက်သည့် နည်းလမ်းများအား ကနဦးဆန်းစစ်လေ့လာထားချက်များလည်း ပါဝင်ပါသည်။ လေ့လာခဲ့သည့် ကိစ္စရပ်များတွင် အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများ၊ ပဋိပက္ခကြောင့် ဂျန်ဒါမျှော်လင့်ချက်များ ပြောင်းလဲသွားပုံ၊ ကဲ့ရဲ့ရှုတ်ချမှုများနှင့် ခွဲခြားဆက်ဆံမှုများ၊ ဘေးကင်းလုံခြုံမှုနှင့် ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ ကိစ္စရပ်များ၊ မသန်စွမ်းသူများ၏ ငြိမ်းချမ်းရေးနှင့်ပဋိပက္ခအပေါ် သဘောထားများ ပါဝင်ပါသည်။ မသန်စွမ်းသူများ (PWDs) အတွက် ဝန်ဆောင်မှုများအား ဂျန်ဒါကို နားလည်သိရှိခြင်းမရှိဘဲ ဆောင်ရွက်ပေးရန် ကြိုးပမ်းမှုများသည် အရေးကြီးသော အခြေအနေများကို မျက်စိလျှမ်းသွားနိုင်ပြီး ငြိမ်းချမ်းရေးနှင့် ပဋိပက္ခဆိုင်ရာ ဆွေးနွေးမှုများတွင်လည်း မသန်စွမ်းသူများ၏ အသံများမပါဝင်ဘဲ ဖြစ်နေသည့်အတွက် ဤကိစ္စရပ်များကို ဆန်းစစ်လေ့လာရန် အရေးကြီးပါသည်။

ဤအစီရင်ခံစာကိုမူ အောက်ပါ အစီအစဉ်အတိုင်း ဖွဲ့စည်းတင်ပြထားပါသည် - ဤနိဒါန်းအခန်းတွင် ဤသုတေသနကို ပြုလုပ်သင့်ကြောင်း ကျိုးကြောင်းရှင်းလင်းချက်နှင့် ယင်း၏ အရေးပါပုံကို တင်ပြထားပြီး ဒုတိယအခန်းတွင် သုတေသန၏ ရည်ရွယ်ချက်များ၊ သုတေသနဒီဇိုင်းနှင့် ယင်း၏ ကန့်သတ်ချက်များကို ဖတ်ရှုရမည် ဖြစ် သည်။ ပဋိပက္ခသည်

၃ D. Seng Lawn၊ ကချင်ပြည်နယ်ရှိ ဖွံ့ဖြိုးမှု မူဝါဒနှင့် လုပ်ငန်းစဉ်များအား ဝေဖန်ဆန်းစစ်မှု သုံးသပ်ချက် (၁၉၉၄-၂၀၁၀) - အထက်မှလာသော ဖွံ့ဖြိုးမှု) (A critical review of development policy and processes in Kachin state (1994–2010): Development from above)၊ ပုံနှိပ်ထုတ်ဝေခြင်းမပြုသည့်စာတမ်း၊ မြစ်ကြီးနား၊ ကချင်ဒေသန္တရသုတေသနအဖွဲ့အစည်း၊ ၂၀၁၇၊

မသန်စွမ်းသူများ၏ ဂျန်ဒါမျှော်လင့်ချက်များအပေါ် သက်ရောက်ပုံ၊ အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ နောက်ဆက်တွဲ အကျိုးဆက်များနှင့် ငြိမ်းချမ်းရေးအပေါ် ထားရှိသည့် သဘောထားများအကြောင်း အဓိကတွေ့ရှိချက်များအား တတိယ အခန်းတွင် ဖော်ပြထားပါသည်။ နောက်ဆုံးအခန်းတွင်မူ အဓိကတွေ့ရှိချက်များကို အကျဉ်းချုပ်ကာ အကျိုးသက်ဆိုင်သူများနှင့် မူဝါဒချမှတ်သူများအတွက် မူဝါဒဆိုင်ရာ အကြံပြုချက်များကို တင်ပြထားပါသည်။

# ၂။ သုတေသနဒီဇိုင်းနှင့် ကန့်သတ်ချက်များ

## ၂-၁။ သုတေသနပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များ

က) မသန်စွမ်းသူများကြား ဂျန်ဒါဆိုင်ရာ အပြန်အလှန် ဆက်နွယ်တုံ့ပြန်ဆောင်ရွက်မှုများအပေါ် ပဋိပက္ခ၏ သက်ရောက်မှုအား နားလည်သိရှိစေရန်၊

ခ) ယောက်ျားပီသမှုလက္ခဏာဆိုင်ရာ လူမှုပုံသွင်းချက်များသည် IDP စခန်းများနှင့် ရပ်ရွာထဲတွင် နေထိုင်ကြသော မသန်စွမ်းသူ ကချင်အမျိုးသားနှင့် ယောက်ျားလေးများအပေါ် သက်ရောက်မှုများကို ပိုမို နားလည်သိရှိစေရန်၊

ဂ) လူသားချင်းစာနာထောက်ထားမှု၊ ပဋိပက္ခနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုတို့အတွက် လက်တွေ့ကျင့်သုံး လုပ်ဆောင်နေသူများအား ၎င်းတို့၏ လုပ်ငန်းများတွင် အားလုံးပါဝင်နိုင်သော၊ ဘက်စုံမှချဉ်းကပ်ဆောင်ရွက်သော၊ ဂျန်ဒါသာတူညီမျှမှုရှိသော နည်းလမ်းများကို ပိုမိုကျင့်သုံးနိုင်စေမည့် အကြံပြုချက်များပေးရန်၊

## ၂-၂။ သုတေသနဒီဇိုင်း

သုတေသနတွင် ဂျန်ဒါနှင့် ပဋိပက္ခ၊ မသန်စွမ်းသူများ၏ အခြေအနေ၊ ဝန်ဆောင်မှုများ ဆောင်ရွက်ပေးနေသူများ၊ ငြိမ်းချမ်းရေးနှင့် ပဋိပက္ခအပေါ် သဘောထားများနှင့် စပ်လျဉ်းသော မေးခွန်းများကို အဓိကဦးတည်မေးမြန်းပါသည်။ အားလုံးကို လွှမ်းခြုံသော အဆိုပါမေးခွန်းများအား ဂျန်ဒါမျှော်လင့်ချက်များ (အထူးသဖြင့် ယောက်ျားပီသမှု လက္ခဏာ)၊ အသက်မွေးဝမ်းကျောင်းမှု၊ ငြိမ်းချမ်းရေးနှင့်ပဋိပက္ခတို့ကို နားလည်သိရှိနိုင်ရန် အထောက်အကူပြုသည့် သတင်းအချက်အလက်များကို ထုတ်ယူနိုင်မည့် နည်းလမ်းဖြင့် ပုံစံချကာ မေးမြန်းခဲ့ပါသည်။ သုတေသန မေးခွန်းများအား နောက်ဆက်တွဲ စာတမ်း ၁ တွင် ဖတ်ရှုပါရန်။

### အသုံးပြုသည့်နည်းစနစ်

သုတေသနတွင် အရည်အသွေးစံပြု သုတေသနနည်းစနစ်များကို အသုံးပြုထားပြီး ဝန်ဆောင်မှုပေးသူများ၊ အာဏာပိုင်များ၊ အမျိုးသားနှင့် အမျိုးသမီး မသန်စွမ်းသူများအား တစ်စိတ်တစ်ပိုင်း ပုံစံချထားသော မေးခွန်းများ အသုံးပြုကာ KII တွေ့ဆုံမေးမြန်းမှုများ၊ ကြိုတင်ပုံစံချထားသော မေးခွန်းများ အသုံးပြုကာ အမျိုးသား၊ အမျိုးသမီး မသန်စွမ်းသူများနှင့် ပြုလုပ်သော FGD များ ပါဝင်ပါသည်။

၂၀၁၈ခုနှစ်၊ ဩဂုတ်လကုန်ပိုင်းတွင် ကွင်းဆင်းကာ သုတေသနအချက်အလက်များ ကောက်ယူစုဆောင်းမည့် အဖွဲ့အား ယောက်ျားပီသမှု သဘာဝများ၊ ဂျန်ဒါ၊ မသန်စွမ်းမှုများ၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးတို့ကို လေ့ကျင့်သင်တန်းပေးခဲ့ပါသည်။ ထိုသင်တန်းတွင် ပထမသုံးရက်၌ International Alert ၏ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် တနင်္သာရီတွင် ပြုလုပ်ခဲ့သော သုတေသနများကို အခြေပြုကာ ဂျန်ဒါ၊ ယောက်ျားပီသမှုလက္ခဏာများနှင့် ပဋိပက္ခဆိုင်ရာ အဓိကျသော အခြေခံသဘောတရားများကို အဓိကထား ဆွေးနွေးခဲ့ပါသည်။ ထို့နောက်တွင် မသန်စွမ်းမှုများဆိုင်ရာ အသိပညာဗဟုသုတများအတွက် မြန်မာနိုင်ငံ မသန်စွမ်းသူများရှေ့ဆောင်အဖွဲ့ (MILI) မှ ကိုယ်တိုင်မသန်စွမ်းသူ သင်တန်းနည်းပြ ဦးနေလင်းစိုးမှ တစ်ရက်တာ သင်တန်းပေးပါသည်။ ထို့နောက် ကချင်ဒေသန္တရသုတေသနအဖွဲ့အစည်း (KRC) နှင့် International Alert တို့ ပူးပေါင်းကာ သုတေသန မေးခွန်းများ၊ တွေ့ဆုံမေးမြန်းမှု မေးခွန်းလွှာနှင့် သုတေသနနည်းစနစ်များကို အသေးစိတ်ဆွေးနွေးပြုစု၍ တွေ့ဆုံမေးမြန်းမည့် အကျိုးသက်ဆိုင်သူများအား သဘောတူ ရွေးချယ်ခဲ့ကြပါသည်။ သုတေသနမေးခွန်းများအား စက်တင်ဘာလအစောပိုင်းတွင် ဂျာမိုင်ကောင်း မျက်မမြင် ကျောင်း (မြစ်ကြီးနား) တွင် ရှေ့ပြေးစမ်းသပ်မေးမြန်းပြီး ကွင်းဆင်းဆောင်ရွက်ခြင်းမပြုမီ မေးခွန်းများအား ပြင်ဆင်မွမ်းမံမှုများ ပြုလုပ်ခဲ့ပါသည်။

၂၀၁၈ခုနှစ် စက်တင်ဘာလ ၁၂ ရက်နှင့် အောက်တိုဘာလ ၂၇ ရက်ကြားတွင် သုတေသနအချက်အလက်များ ကောက်ယူမှုအား KRC ကွင်းဆင်းသုတေသနအဖွဲ့က ကနဦး ဆန်းစစ်လေ့လာမှုနည်းလမ်းဖြင့် ဆောင်ရွက်ခဲ့ပါသည်။ သုတေသနအား ထိုင်း-မြန်မာနယ်စပ်ရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (EAO) (KIO) ထိန်းချုပ်ထားသည့် ဒေသ


နှစ်ခု ဖြစ်သော လိုင်ဇာ နှင့် မိုင်ဂျာယန်၊ မြန်မာအစိုးရ၏ ထိန်းချုပ်မှုအောက်ရှိ ဒေသသုံးခု ဖြစ်သော ဗန်းမော်၊ မြစ်ကြီးနားနှင့် ဝိုင်းမော်တို့တွင် ဆောင်ရွက်ခဲ့ပါသည်။ IDP စခန်းများနှင့် တွေ့ဆုံမေးမြန်းခဲ့သည့် အဓိကအကျိုးသက်ဆိုင်သူများအကြောင်း အသေးစိတ်အချက်အလက်များအား နောက်ဆက်တွဲစာတမ်း ၂ တွင် ကြည့်ပါရန်။

ကွင်းဆင်းသုတေသနအဖွဲ့သည် စုစုပေါင်းတွေ့ဆုံမေးမြန်းမှု ၁၆၆ ခုကို ပြုလုပ်ခဲ့ပြီး မသန်စွမ်းသူများနှင့် တွေ့ဆုံမေးမြန်းမှု ၁၄၁ ခု၊ FGD ၆ ခု၊ KII ၁၉ ခု တို့ ပါဝင်ပါသည် (ဇယား ၁ ကို ကြည့်ပါရန်)။ တွေ့ဆုံမေးမြန်းခဲ့သည့် မသန်စွမ်းသူများ၏ ၄၅% သည် အမျိုးသမီးများ (မသန်စွမ်းသူ အမျိုးသမီး ၆၄ ဦး) ဖြစ်ပြီး ၅၅% မှာ အမျိုးသားများ (မသန်စွမ်းသူ အမျိုးသား ၇၇ဦး) ဖြစ်ပါသည်။


**ဇယား ၁ - တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ခဲ့သည့် နေရာဒေသများနှင့် တွေ့ဆုံမေးမြန်းမှု အမျိုးအစားများ**

| နေရာဒေသ | KII | FGD | အဓိကအကျိုးသက်ဆိုင်သူများ |
|---|---|---|---|
| လိုင်ဇာ | ၅၀ | ၃ | ၈ |
| မိုင်ဂျာယန် | ၇ | ၁ | ၄ |
| ဗန်းမော် | ၉ | ၁ | ၁ |
| မြစ်ကြီးနား | ၄၆ | ၁ | ၄ |
| ဝိုင်းမော် | ၂၉ | ၀ | ၂ |
| | ၁၄၁ | ၆ | ၁၉ |


**ပုံ ၁ - သတင်းအချက်အလက်ပေးသူများ၏ အသက်အရွယ်**




ပုံ ၂ - တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ခဲ့သည့် နေရာများ





ပုံ ၃ - အဓိကအကျိုးသက်ဆိုင်သူ CSO များ၊ မသန်စွမ်းအဖွဲ့အစည်းများနှင့် အာဏာပိုင်များ



**ပုံ ၄ - အစိုးရနှင့် EAO များ၏ ထိန်းချုပ်မှုအောက်ရှိ ဒေသများမှ FGD များ**




**ပုံ ၅ - မသန်စွမ်းမှု ဖြစ်ရသော အကြောင်းအရင်း**




ကွင်းဆင်းသုတေသနလုပ်ငန်းများ ပြီးဆုံးသောအခါ KRC နှင့် Alert တို့ ပူးပေါင်းကာ ၂၀၁၈ခုနှစ် အောက်တိုဘာလ ၃၁ ရက်မှ နိုဝင်ဘာလ ၃ ရက်အထိ လေးရက်တာ ကျင်းပသော ဆန်းစစ်လေ့လာမှု အလုပ်ရုံဆွေးနွေးပွဲတွင် အချက်အလက်များအား ပူးတွဲဆန်းစစ်ခဲ့ပါသည်။ အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် စုဆောင်းရရှိခဲ့သည် တွေ့ဆုံမေးမြန်းမှု အချက်အလက်များနှင့် ကွင်းဆင်းသုတေသနပညာရှင်များ၏အချက်အလက်ကောက်ယူစဉ် မျက်မြင်လေ့လာတွေ့ရှိခဲ့သည်များ၊ ဆင်ခြင်သုံးသပ်ချက်များအပေါ် အခြေခံကာ ဆန်းစစ်လေ့လာခဲ့ပါသည်။

ဆန်းစစ်လေ့လာချက်များနှင့် အကြံပြုချက်များကို စိစစ်အတည်ပြုရန်အတွက် အစီရင်ခံစာမူကြမ်းအား မသန်စွမ်းသူများကိုယ်တိုင်နှင့် ဝန်ဆောင်မှုပေးသူများက လေ့လာသုံးသပ်ခဲ့ပါသည်။ လေ့လာသုံးသပ်မှုမှ ထွက်ပေါ်လာသော အကြံပြုချက်များကို ထည့်သွင်းကာ နောက်ဆုံးအစီရင်ခံစာအား အပြီးသတ်ပြုစုကာ အများပြည်သူဆိုင်ရာနှင့် မူဝါဒဆိုင်ရာ ဆွေးနွေးမှုများတွင် အသုံးပြုနိုင်မည့် အချက်အလက်များ ရရှိစေရန် ယခုကဲ့သို့ တင်ပြလိုက်ရခြင်း ဖြစ်ပါသည်။

## ၂-၃။ ကန့်သတ်ချက်များ

ဤသုတေသနတွင် ဂျန်ဒါအခြေအနေများနှင့်လည်းကောင်း၊ ပဋိပက္ခနှင့်လည်းကောင်း စပ်လျဉ်းသည့် ယောက်ျား ပီသမှုလက္ခဏာများ၏ အပိုင်းကဏ္ဍများအားလုံးကို လွှမ်းခြုံလေ့လာရန်ထက် အချိန်အကန့်အသတ်များကြောင့် ကနဦးဆန်း စစ်လေ့လာချက်တစ်ခုအဖြစ်သာ ရည်ရွယ်လုပ်ဆောင်ခဲ့ရပါသည်။ နေရာဒေသလွှမ်းခြုံမှုတွင် အဓိကကျသော နေရာများကို ရွေးချယ်ကာ လေ့လာခဲ့သော်လည်း ကချင်ပြည်နယ်ရှိ နေရာဒေသအမျိုးမျိုးနှင့် နိုင်ငံတွင်းရှိ အခြားဒေသများရှိ ပဋိပက္ခနှင့် ဂျန်ဒါအခြေအနေများတွင် တစ်နေရာနှင့် တစ်နေရာ များစွာကွာခြားနိုင်ပါသည်။ သုတေသနအား အစိုးရနှင့် KIO ထိန်းချုပ်မှု အောက်ရှိ နေရာဒေသများတွင် အဓိကဆောင်ရွက်ခဲ့ပြီး ပြည်သူ့စစ်များ ထိန်းချုပ်ထားသော နေရာဒေသများရှိ အခြေအနေများ နှင့် ဆင်တူသည့်အချက်များနှင့် ကွဲပြားသည့်အချက်များ ရှိနိုင်ပြီး ထိုဒေသများတွင် ရရှိနိုင်သည့် ပံ့ပိုးမှုများသည် ပိုမိုနည်းပါး နိုင်ပါသည်။ ထို့ပြင် ယခုလေ့လာမှုတွင် ဂျန်ဒါအခြေပြုလိင်အကြမ်းဖက်မှု (SGBV) ဆိုင်ရာ ကိစ္စရပ်များအား ပိုမိုအသေးစိတ် လေ့လာမှုများ ပြုလုပ်နိုင်ခဲ့ခြင်း မရှိပါ။ ထိုကိစ္စရပ်များအား လေ့လာနိုင်ဖို့ဆိုလျှင် မသန်စွမ်းသူများနှင့် ယုံကြည်မှုများ ပိုမို တည်ဆောက်ရန်နှင့် သင့်လျော်သည့် လွှဲပြောင်းညွှန်းပို့မှု၊ ပံ့ပိုးကူညီမှုယန္တရားများ လိုအပ်မည်ဖြစ်ပါသည်။ ထို့ပြင် တွေ့ဆုံ မေးမြန်းမှုများ ပြုလုပ်ရာတွင်လည်း သီးခြားလွတ်လပ်လုံခြုံစွာနှင့် လျှို့ဝှက်ထိန်းသိမ်းမှုရှိစွာ ပြုလုပ်နိုင်မည့် နေရာများ လိုအပ်မည်ဖြစ်ရာ IDP စခန်းများတွင် ရရှိနိုင်မည်မဟုတ်ပါ။

နည်းပညာပိုင်းဆိုင်ရာ ကန့်သတ်ချက်များကြောင့် ဉာဏ်ရည်မသန်စွမ်းသူများ (သို့မဟုတ်) အကြားအာရုံ မသန်စွမ်း သူများအား တွေ့ဆုံမေးမြန်းနိုင်ခဲ့ခြင်း မရှိပါ။ သွားလာရခက်ခဲသူများ၊ အမြင်အာရုံမသန်စွမ်းသူများနှင့် ကိုယ်အင်္ဂါ မသန်စွမ်းသူ များကို အဓိကထားကာ တွေ့ဆုံမေးမြန်းခဲ့ပါသည်။ ဉာဏ်ရည်မသန်စွမ်းသူများနှင့် အကြားအာရုံမသန်စွမ်းသူများ၏ သီးခြား လိုအပ်ချက်များနှင့် ထိခိုက်လွယ်မှုများကို သတ်မှတ်ဖော်ထုတ်နိုင်ရန်အတွက် သီးခြားသုတေသနများ ထပ်မံပြုလုပ်ရန် လိုအပ်မည်ဖြစ်သည်။ ယခုသုတေသနတွင်မူ ဤအကြောင်း အရာနှင့်စပ်လျဉ်း၍ ပထမဆုံးသော ကနဦးဆန်းစစ်လေ့လာချက် ကိုသာ တင်ပြထားပြီး နောက်ထပ်ပြုလုပ်မည့် သုတေသနနှင့် အစီအစဉ်များတွင် ထည့်သွင်းစဉ်းစားရမည့် အဓိကကိစ္စရပ်များ၊ အလေးထားရမည့် နယ်ပယ်များကို  သတ်မှတ်ဖော်ထုတ်ပေးထားပါသည်။

# ၃။ သုတေသနမှ အဓိကတွေ့ရှိချက်များ

## ဝန်ဆောင်မှု ဆောင်ရွက်ပေးသူများနှင့် ဝန်ဆောင်မှုများအကြောင်း အကျဉ်းချုပ်တင်ပြချက်

ဝန်ဆောင်မှုပေးသူများ၊ အာဏာပိုင်များနှင့်စပ်လျဉ်း၍ ဆန်းစစ်လေ့လာမှုတွင် မသန်စွမ်းသူများ၏အရေးကိစ္စကို အဓိက ဦးတည်ဆောင်ရွက်သော အဖွဲ့အစည်းအနည်းငယ်မျှကိုသာ ဖော်ထုတ်တွေ့ရှိခဲ့ပါသည်။ အဖွဲ့အစည်းအများစုသည် မသန်စွမ်းသူများဆိုင်ရာ ကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းစဉ်တွင် ၎င်းတို့အား လူမှုအဖွဲ့အစည်းအတွင်း ပေါင်းစည်းထည့်သွင်းပေးရေး၏ အရေးပါမှုကို အပြည့်အဝသိရှိကြသော်လည်း IDP ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် အခြားသော ပိုမိုကြီးမားသည့် လူသားချင်းစာနာထောက်ထားမှု လိုအပ်ချက်များကြောင့် ထိုကိစ္စအား အပြည့်အဝ အလေးထား ဆောင်ရွက်နိုင်ခြင်း မရှိပါ။ ထို့ကြောင့် အများစုသည် ၎င်းတို့တွင် စာရင်းရှိထားသည့် မသန်စွမ်းသူများအတွက် အထောက်အကူပြုပစ္စည်းကိရိယာများ ပေးအပ်ခြင်း[4]နှင့် လစဉ်ငွေသားထောက်ပံ့ကြေးများ ခွဲဝေပေးခြင်းကဲ့သို့ အခြေခံလုပ်ငန်းများကိုသာ လုပ်ဆောင်ပေးနိုင်ကြပါသည်။[5] ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ် (KBC)၊ ဂရုဏာ လူမှုစည်းလုံးညီညွတ်ရေးအသင်း (KMSS) နှင့် ငြိမ်းဖောင်ဒေးရှင်းကဲ့သို့သော အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) က အစိုးရ၏ ထိန်းချုပ်မှုအောက်တွင်ရှိသော ဒေသများမှ မသန်စွမ်းသူတစ်ဦးလျှင် တစ်လ ၈၀,၀၀၀ ကျပ် (US$၅၁ ခန့်နှင့်ညီမျှ) နှင့် EAO ထိန်းချုပ်မှုအောက်တွင်ရှိသော ဒေသများမှ မသန်စွမ်းသူတစ်ဦးလျှင် တစ်လ ၁၀၀,၀၀၀ ကျပ် (USD ၆၄ ခန့်နှင့်ညီမျှ) ထောက်ပံ့ပေးပါသည်။ သုတေသနတွင် မသန်စွမ်းဖြစ်မှုအပေါ် အဓိပ္ပါယ်ဖွင့်ဆိုချက်များ ကွာခြားမှုနှင့် ထိုကဲ့သို့သော ငွေကြေးထောက်ပံ့မှုများအတွက် ရွေးချယ်သတ်မှတ်ချက်စံများ အမျိုးမျိုး ကွဲပြားမှုတို့ကြောင့် နားလည်ရခက်ခဲကာ မရှင်းမလင်းဖြစ်မှုအချို့ ကြုံတွေ့ခဲ့ရကြောင်းကို သတိပြုသင့်ပါသည်။ မြန်မာနိုင်ငံအစိုးရက မသန်စွမ်းသူအုပ်စု လေးစု (ကိုယ်အင်္ဂါ၊ အမြင်၊ အကြားနှင့် ဉာဏ်ရည်) ကိုသာ အသိအမှတ် ပြုထားသော်လည်း အခြားအဖွဲ့အစည်းများက ထို့ထက်ပိုများသော အုပ်စုများ ခွဲထားပါသည်။ အချို့က ဝါရှင်တန် ရွေးချယ်သတ်မှတ်ချက်စံခြောက်ခုကို အသုံးပြုပြီး[6] အချို့အဖွဲ့အစည်းများကမူ HIV/AIDS ကူးစက်ခံထားရသူများပါ ပါဝင်သည့် ပိုမိုကျယ်ပြန့်သော အဓိပ္ပါယ်ဖွင့်ဆိုချက်များကို အသုံးပြုပါသည်။

ထိုအကြောင်းကြောင့် မြေပြင်တွင် စခန်းခေါင်းဆောင်များနှင့် CSO များကြားရှိ မသန်စွမ်းသူ စာရင်းများမှာ တစ်ခုထက် မကဘဲ အမျိုးမျိုး ကွဲပြားနေစေပါသည်။ အဖွဲ့အစည်းအမျိုးမျိုးက မတူညီသော ပစ္စည်းအမျိုးမျိုး သို့မဟုတ် ငွေသားများကို ဖြန့်ဝေပေးလိုပြီး မတူညီသော ရွေးချယ်သတ်မှတ်ချက်စံများကို အသုံးပြုသောအခါတွင် နောက်ဆက်တွဲ ရှုပ်ထွေးမှုများ ဖြစ်ပေါ်နိုင်ပါသည်။ စခန်းများရှိ အချို့ IDP များက ၎င်းတို့လက်ခံရရှိသည့် ပမာဏသည် ရသင့်သည့်ပမာဏထက် သို့မဟုတ် အခြားသူများထက် ပိုမိုလျော့နည်းနေသည်ဟု ဆိုပါသည်။ ထိုသို့ဖြစ်ရခြင်းမှာ စခန်းခေါင်းဆောင်များ လက်ထဲရှိ မသန်စွမ်းသူများစာရင်းသည် ပိုမိုပြည့်စုံပြီး ၎င်းတို့ လက်ခံရရှိသည့် ရန်ပုံငွေပမာဏမှာ ၎င်းတို့လောက် မပြည့်စုံသည့် စာရင်းအတွက် ပံ့ပိုးပေးသော ပမာဏဖြစ်ပြီး ထိုပမာဏအား ရှိနေသည့် မသန်စွမ်းသူများကြား ခွဲဝေပေးခြင်းနှင့် အပြန်အလှန်အားဖြင့် ပိုမိုရှည်လျားပြည့်စုံသောစာရင်းဖြင့် ပေးအပ်သည့် ရန်ပုံငွေများကို ထိုမျှလောက်မပြည့်စုံသည့် စာရင်းထဲမှ မသန်စွမ်းသူများကို ခွဲဝေပေးခြင်းတို့ကြောင့် ဖြစ်ပါသည်။ ပြောင်းပြန်လည်းဖြစ်ပါသည်။ ထို့ကြောင့် မသန်စွမ်းသူများအား ရေတွက်စာရင်းပြုစုမှုနှင့် ခွဲဝေပေးမှုများအား ပူးတွဲလုပ်ဆောင်မည် ဆိုပါက ပိုမိုသင့်တော်မည်ဟု ယူဆနိုင်ပါသည်။

---

၄ ထိုပစ္စည်းကိရိယာများတွင် ဘီးတပ်ကုလားထိုင်၊ သုံးဘီးစက်ဘီး၊ တောင်ဝှေးနှင့် ချိုင်းထောက်များ ပါဝင်လေ့ရှိပါသည်။ သို့သော် ထိုပစ္စည်းများ ရရှိနိုင်မှုသည် နေရာဒေသကိုလိုက်ကာ ကွာခြားပါသည်။ ဥပမာ အမြင်အာရုံချို့ယွင်းသူများ သို့မဟုတ် မျက်မမြင်များအတွက် မျက်လုံးအကာအကွယ်မျက်မှန်များကို အစိုးရထိန်းချုပ်မှုအောက်ရှိ နေရာဒေသများတွင်သာ ရရှိနိုင် ပါသည်။

၅ S. Awng Ja၊ လူတွေ့မေးမြန်းခြင်း၊ KBC၊ KBC ရုံး၊ မြစ်ကြီးနား၊ ၂၀၁၈ အောက်တိုဘာ ၁၅။ H. Roi Ji၊ လူတွေ့မေးမြန်းခြင်း၊ ငြိမ်းဖောင်ဒေးရှင်း၊ ငြိမ်းဖောင်ဒေးရှင်းရုံး၊ မြစ်ကြီးနား၊ ၂၀၁၈ အောက်တိုဘာ ၁၂။ ဤအချက်အား ဂျဲယန်း IDP စခန်းတွင် တွေ့ဆုံမေးမြန်းခဲ့သူများ၊ လိုင်ဇာမှ ပြည်သူ့စစ်များ (MHH) ၊ နှင့် ဝိုင်းမော်ရှိ မိုင်းနား IDP စခန်းတွင် တွေ့ဆုံမေးမြန်းခဲ့ သူများကလည်း ပြောပြကြပါသည်။

၆ ဝါရှင်တန်အဖွဲ့ မသန်စွမ်းမှုဆိုင်ရာ မေးခွန်းများ (The Washington Group Short Set of Questions on Disability)၊ အောက်ပါဝက်ဆိုက်တွင် ရရှိနိုင်ပါသည်။ http://www.washingtongroup-disability.com/wp-content/uploads/2016/ 01/The-Washington-Group-Short-Set-of-Questions-on-Disability.pdf

နောက်ထပ်ရှုပ်ထွေးမှုတစ်ခုမှာ ခြေလက်အင်္ဂါ ချို့ယွင်းသော သူများအား ၎င်းတို့၏ ဆန္ဒမပါဘဲ စခန်းခေါင်းဆောင်များက ၎င်းတို့၏ တွေ့ရှိသုံးသပ်ချက်ပေါ်တွင် အခြေခံကာ မသန်စွမ်းသူများစာရင်းတွင် ထည့်သွင်းထားခြင်း ဖြစ်ပါသည်။ သို့သော် ထိုသူများက ၎င်းတို့သည် လုပ်ငန်းဆောင်တာများကို လုပ်ဆောင်နိုင်ပြီး အသက်မွေးဝမ်းကျောင်းမှု ပြုနိုင်သည်ဟု ယူဆသည့် အတွက် မသန်စွမ်းသူများအဖြစ် သတ်မှတ်ခြင်းကို မနှစ်သက်ကြခြင်းမျိုး ဖြစ်နိုင်ပါသည်။ မသန်စွမ်းမှုများသည် လူ့မှုအဖွဲ့ အစည်းမှ ယူဆသတ်မှတ်ချက်တစ်ခုဖြစ်ကြောင်း နားလည်သိရှိမှုများနှင့် ထိုသို့ နားလည်သိရှိကာ ချဉ်းကပ်ဆောင်ရွက်သည့် နည်းလမ်းကို အသုံးပြုမှုများသည် အကျိုးခံစားခွင့်ရှိသူများနှင့် 'ရှေ့တန်း' မှ စေတနာ့ဝန်ထမ်းလုပ်အားပေးများအထိ ရောက်ရှိဟန်မတူသေးဘဲ ပေးကမ်းစွန့်ကြဲမှု သို့မဟုတ် ကုသစောင့်ရှောက်မှု တစ်ခါတစ်ရံ ဖခင်အသွင်အုပ်ချုပ်စီမံသည့် နည်းလမ်းများကို ပို၍ အတွေ့များပါသည်။

လတ်တလောတွင် မသန်စွမ်းသူများအတွက် သီးခြားဆောင်ရွက်ပေးသော စိတ်/လူမှုပံ့ပိုးကူညီခြင်းများ မရရှိနိုင်သေးပါ။ ပဋိပက္ခနှင့်စပ်လျဉ်း၍ နေရပ်စွန့်ခွာရွှေ့ပြောင်းရမှုအပါအဝင် အကြမ်းဖက်မှုများမှ ရှင်သန်လွတ်မြောက်ခဲ့သော်လည်း ကိုယ်စိတ်ဒဏ်ရာ ရရှိထားသူများနှင့် မြေမြှုပ်မိုင်းများကြောင့် ခြေလက်အင်္ဂါဆုံးရှုံးခဲ့ရသူများအတွက် ကြီးမားသော ကွာဟချက်ကြီးတစ်ခု ရှိနေဟန်တူပါသည်။ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်များအရ ကိုယ်စိတ်ဒဏ်ရာများသည် EAO ထိန်းချုပ်သော နေရာဒေသများတွင် ပိုမို သိသာထင်ရှားသည်ဟု ယူဆရပါသည်။ အစိုးရ၏ ထိန်းချုပ်မှုအောက်တွင် ရှိသော ဒေသများတွင်မူ တိုက်ရိုက်အကြမ်းဖက်မှုများနှင့် ထိတွေ့ခြင်း ပိုမိုနည်းပါးပါသည်။ ထိုသို့ဖြစ်ရခြင်း၏ အကြောင်းတစ်ခုမှာ EAO ဒေသများရှိ မသန်စွမ်းမှုများသည် မကြာလှသေးသည့်ကာလများကမှ တွေ့ကြုံခဲ့ရဟန်တူပြီး ထိုသူများတွင် စိတ်ဒဏ်ရာများ ရှိနေဆဲ၊ လိုက်လျောညီထွေ ဖြစ်စေရန် ထိန်းညှိနေရဆဲ ဖြစ်ဟန်တူပါသည်။ အစိုးရဒေသများ၌ တွေ့ဆုံမေးမြန်းခဲ့သူများတွင် မွေးရာပါမသန်စွမ်းသူများ ပိုမိုပါဝင်ပြီး ၎င်းတို့သည် မသန်စွမ်းသည့်ဘဝကို ပိုမိုလက်ခံထားနိုင်ကြသူများ ဖြစ်သည်ဟု ယူဆနိုင်ပါသည်။ သို့သော် EAO ထိန်းချုပ်သောဒေသများရှိ IDP စခန်းအချို့တွင် မသန်စွမ်းသူများအချင်းချင်း ရင်းရင်းနှီးနှီး တွေ့ဆုံနိုင်သည့်နေရာများ စီစဉ်ထားရှိပေးထားပြီး ထိုနေရာများသည် အထီးကျန်မှုနှင့် စိတ်ဓာတ်ကျခြင်းများကို လျော့နည်းစေရန် အခြားသူများနှင့် အပြန်အလှန် ရင်ဖွင့်နိုင်မည့်၊ အပြန်အလှန် ပံ့ပိုးကူညီနိုင်မည့် အခြေခံအကျဆုံးသော လုပ်ငန်းဆောင်တာတစ်ခုကို ဆောင်ရွက်ပေးနိုင်ကြပါသည်။ ထိုနေရာများသည် အတွေ့အကြုံများ ဖလှယ်နိုင်သည့်၊ ရင်းရင်းနှီးနှီး တွေ့ဆုံနိုင်သည့် လက်ဖက်ရည်ဆိုင်ပုံစံကို မိတ္တူပွားယူထားခြင်းဖြစ်ပါသည်။ သို့သော် လက်ဖက်ရည်ဆိုင်များတွင် အမျိုးသားများသာ ကြီးစိုးနေရာယူသည့် ဂျန်ဒါပုံစံကိုပါ မိတ္တူပွားယူထားသည်ကို တွေ့ရှိရပြီး မသန်စွမ်းသူ အမျိုးသားများသာ ထိုနေရာများကို ကြီးစိုးနေကာ မသန်စွမ်းသူအမျိုးသမီး အနည်းငယ်မျှလောက်သာ ထိုနေရာများကို အသုံးပြုနေပါသည်။ ထိုနေရာများသို့ ဂျန်ဒါအားလုံးကို ဖိတ်ခေါ်နိုင်ရန် ဦးတည်သည့် လုပ်ဆောင်ချက်အား သီးခြားလုပ်ဆောင်ပေးရန် သင့်ပါသည်။

ဝန်ဆောင်မှုပေးသူများနှင့် တွေ့ဆုံမေးမြန်းခဲ့မှုများအရ မသန်စွမ်းသူများအား ကူညီပံ့ပိုးရန် သို့မဟုတ် ဆက်သွယ်ညှိနှိုင်းဆွေးနွေးရန် စာဖြင့်ထုတ်ပြန်ချမှတ်ပေးထားသော မူဝါဒ သို့မဟုတ် လက်စွဲစာအုပ် ယနေ့အချိန်အထိ မရှိသေးပါ။ သို့သော်အချို့ကိုပြုစုလျက်ရှိကြောင်းသိရှိရပါသည်။ ဥပမာမြစ်ကြီးနားမျက်မမြင်ပညာရေးဌာနသည် မသန်စွမ်းသူများအတွက် လက်စွဲစာအုပ်တစ်အုပ် ပြုစုနေပါသည်။[7] ထိုလက်စွဲစာအုပ်သည် ဝန်ဆောင်မှုပေးသူများအနေဖြင့် မသန်စွမ်းသူများအား မည်သို့ စောင့်ရှောက်ကူညီရမည်ဆိုသည်ကို ပိုမို နားလည်သိရှိလာစေရန် ရည်ရွယ်သည့် လမ်းညွှန်ချက်တစ်ခု ဖြစ်ပါသည်။ KBC၊ KMSS၊ ကချင်ဖွံ့ဖြိုးတိုးတက်ရေးကွန်ရက်အုပ်စု (KDG) နှင့် ငြိမ်းဖောင်ဒေးရှင်းတို့သည် ၎င်းတို့၏ ပိုမိုကျယ်ပြန့်သော IDP အစီအစဉ်များ၏ အစိတ်အပိုင်းတစ်ခုအဖြစ်သာ မသန်စွမ်းသူများနှင့် လက်တွဲလုပ်ကိုင်နေကြခြင်းဖြစ်သည်။ ၎င်းတို့သည် လက်ရှိတွင် ဂျန်ဒါခြားနားမှု သို့မဟုတ် ဂျန်ဒါဆန်းစစ် လေ့လာမှုအား စနစ်တကျ လုပ်ဆောင်မှုမရှိသေးပါ။ အဆိုပါ CSO များအားလုံးတွင် တူညီသည့်အချက်မှာ ဂျန်ဒါအသိအမြင်နိုးကြားမှု မရှိသော နည်းလမ်းဖြင့် ချဉ်းကပ်ဆောင်ရွက်နေခြင်းပင် ဖြစ်ပါသည်။

---

၇ L. Gam Hpang၊ လူတွေ့မေးမြန်းမှု၊ ဂျာမိုင်ကောင်း မျက်မမြင်ကျောင်း (မြစ်ကြီးနား)၊ မြစ်ကြီးနားမျက်မမြင်ကျောင်း (မြစ်ကြီးနား)၊ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်၊

သုတေသနတွင် လေ့လာခဲ့သူများမှာ ကျားရောမပါ ပါဝင်ပြီး အသက်အရွယ်လည်း စုံပါသည်။ သို့သော် မသန်စွမ်းမှုအနေဖြင့် သွားလာလှုပ်ရှားမှု ခက်ခဲအားနည်းသူများနှင့် အမြင်အာရုံမသန်စွမ်းသူများသာ အဓိကပါဝင်ပါသည်။ သုတေသနပြု လေ့လာမှုသည် မသန်စွမ်းသူ IDP များကို အဓိကအာရုံစိုက် လေ့လာခဲ့ပြီး နှိုင်းယှဉ်နိုင်ရန်အတွက် လိုင်ဇာနှင့် မြစ်ကြီးနားရှိ နေရပ်စွန့်ခွာသူများ မဟုတ်သည့် မသန်စွမ်းသူများနှင့်လည်း တွေ့ဆုံမေးမြန်းမှုများ ထပ်မံပြုလုပ်ခဲ့ပါသည်။ တွေ့ရှိခဲ့ရသည့် သွင်ပြင်လက္ခဏာများထဲမှ တစ်ခုမှာ EAO ထိန်းချုပ်ထားရာ ဒေသများရှိ IDP အများအပြား၏ မသန်စွမ်းမှုများသည် ပဋိပက္ခနှင့် ဆက်နွယ်နေသည်ဟု ယူဆရပါသည်။ မြေမြှုပ်မိုင်းများ၊ အကြမ်းဖက်မှုများ၊ ပစ်ခတ်တိုက်ခိုက်မှုများမှ လွတ်မြောက်အောင် ထွက်ပြေးစဉ် သို့မဟုတ် ဆေးဝါးကုသစောင့်ရှောက်မှုများ အချိန်မီ မရရှိမှုတို့ကြောင့် မသန်စွမ်းမှုများ ဖြစ်ကြရခြင်းဖြစ်သည်။ အစိုးရ၏ ထိန်းချုပ်မှုအောက်ရှိ ဒေသများတွင်မူ မသန်စွမ်းသူ အများစုက ၎င်းတို့၏ မသန်စွမ်းမှုများသည် မွေးရာပါ သို့မဟုတ် မတော်တဆမှုများကြောင့် ဖြစ်ရသည်ဟု ပြောပြကြပါသည်။ ထိုသို့ပြောရခြင်း၏ အကြောင်းတစ်ခုမှာ မြေမြှုပ်မိုင်း နင်းမိခြင်းသည် 'နိုင်ငံတော်ပိုင် ပစ္စည်းများကို ဖျက်ဆီးခြင်း' အဖြစ် စွဲချက်တင်ခံရနိုင်ခြင်းကြောင့် မသန်စွမ်းသူများအတွက် တစ်ပူပေါ် နှစ်ပူဆင့်ရဖွယ် ရှိခြင်းကြောင့် ဖြစ်ပါသည်။ ထိုအကြောင်းကြောင့် မြေမြှုပ်မိုင်းမိသူများက ၎င်းတို့၏ မသန်စွမ်းမှုများသည် ယာဉ်တိုက်မှု သို့မဟုတ် အခြားမတော်တဆဖြစ်မှုများကြောင့်ဟု လွဲပြောင်းပြောဆိုလေ့ရှိသည့်အတွက် နောင်တစ်ချိန်တွင် မြေမြှုပ်မိုင်းဒဏ်ခံရသူ အရေအတွက်အမှန်ကို သိရှိရန် ခက်ခဲသည့် အခြေအနေ ဖြစ်ပေါ်လာနိုင်ပါသည်။

ကွင်းဆင်းသုတေသနပြုမှုများအရ ပဋိပက္ခသည် မသန်စွမ်းသူများ၏ ဘဝအပိုင်းကဏ္ဍအမျိုးမျိုးအပေါ် သက်ရောက်မှု ရှိနေကြောင်း တွေ့ရှိရပါသည်။ မိသားစုနှင့် ရပ်ရွာအတွင်းရှိ မျှော်လင့်ထားသည့် အခန်းကဏ္ဍများကို ထမ်းဆောင်ရာတွင် ပဋိပက္ခသည် ၎င်းတို့အတွက် စိန်ခေါ်မှုအသစ်များကို ဖန်တီးဖြစ်ပေါ်စေပါသည်။ IDP အများအပြားကဲ့သို့ မသန်စွမ်းသူများသည်လည်း ပဋိပက္ခကြောင့် အသက်မွေးဝမ်းကျောင်းမှုအတွက် ကြီးမားသော ပြဿနာများကို ရင်ဆိုင်နေရပါသည်။ ပို၍ဆိုးသည်မှာ စခန်းတွင်နေထိုင်သည့် လူမှုအသိုင်းအဝိုင်းက ၎င်းတို့အား မသန်စွမ်းသူများအဖြစ် လည်းကောင်း၊ စခန်း အနီးဝန်းကျင်မှ လူမှုအသိုင်းအဝိုင်းက IDP များအဖြစ်လည်းကောင်း ခွဲခြားဆက်ဆံခြင်းနှင့် ကဲ့ရဲ့ရှုတ်ချခြင်းများ ပြုလုပ်ကြသည့်အတွက် အခြားသူများထက် နှစ်ဆပို၍ ရင်ဆိုင်နေရခြင်းဖြစ်ပါသည်။ ပဋိပက္ခသည် ၎င်းတို့အား ပို၍ ထိခိုက်လွယ်စေပါသည်။ အထူးသဖြင့် KIO ထိန်းချုပ်သော ဒေသများရှိ IDP စခန်းများသို့ နေရပ်စွန့်ခွာ ရောက်ရှိလာသော မသန်စွမ်းသူများသည် ပဋိပက္ခနှင့်ဆက်နွယ်သော ပုံးကြမ်းမှုများအန္တရာယ် ရှိနေဆဲဖြစ်သည့်အတွက် ပို၍ပင် ထိခိုက်လွယ်ကြပါသည်။ စခန်းတွင်းရှိ အခြေခံအဆောက်အအုံနှင့် ပတ်ဝန်းကျင်အနေအထားသည်လည်း အမျိုးသမီး မသန်စွမ်းသူများအတွက် ဘေးကင်းမှုနှင့် လုံခြုံမှု နည်းပါးသည်ဟု ခံစားရစေပါသည်။ အဘယ်ကြောင့်ဆိုသော် IDP စခန်းများ၏ တည်နေရာသည် တပ်မတော်နှင့် KIA ကြား တိုက်ပွဲများဖြစ်ပွားစဉ်အတွင်းတွင် လက်နက်ကြီးကျည်ဆန်များ၊ ဝေဟင်မှ ပုံးကြမ်းမှုများနှင့် ထိတွေ့နိုင်သည့် နေရာများ ဖြစ်နေပါသည်။[8] ထို့ပြင် ပဋိပက္ခသည် မသန်စွမ်းသူများ၏ ငြိမ်းချမ်းရေးနှင့်ပဋိပက္ခဆိုင်ရာ ကိစ္စရပ်အပေါ် အမြင်များကိုလည်း ကွဲပြားစွာ သက်ရောက်မှု ရှိပါသည်။

## ၃-၁။ ဂျန်ဒါမျှော်လင့်ချက်များနှင့် စိန်ခေါ်မှုများ

ယေဘုယျအားဖြင့် IDP စခန်းများတွင် နေထိုင်ကြသော အမျိုးသားများနှင့် အမျိုးသမီးများအဖို့ မိသားစုနှင့် ရပ်ရွာလူမှုအသိုင်းအဝိုင်းအတွင်း သမားရိုးကျခွဲခြားသတ်မှတ်ထားသော ဂျန်ဒါအခန်းကဏ္ဍများကို ထမ်းဆောင်ရန်မှာ ပဋိပက္ခကြောင့် ပိုမိုခက်ခဲလာပါသည်။ နေရပ်စွန့်ခွာရွှေ့ပြောင်းခဲ့ရသည့် မသန်စွမ်းသူ အမျိုးသားများနှင့် အမျိုးသမီးများအတွက်မူ ဆိုဖွယ်ရာ မရှိတော့ပါ။

ကချင်လူမှုအသိုင်းအဝိုင်းတွင် ဓလေ့ထုံးစံအရ အမျိုးသားများအား မိသားစု၏ အကြီးအမှူး၊ အဓိကရာဖွေကျွေးမွေးသူ၊ မိသားစု၊ ဆွေမျိုးရင်းချာများနှင့် မြေယာကို ကာကွယ်စောင့်ရှောက်သူအဖြစ် မျှော်လင့်အားထားကြပါသည်။ ကချင်အမျိုးသမီးများကိုမူ အိမ်ထောင်ထိန်းသိမ်းသူ၊ မိခင်၊ သက်ကြီးရွယ်အိုများ၊ ကလေးများနှင့် နာမကျန်းသူများကို ပြုစုစောင့်ရှောက်မှုအပါအဝင် မိသားစုဝင်နှင့် ဆွေမျိုးများအတွက် စီမံပေးသူအဖြစ် မျှော်လင့်ကြပါသည်။ ပဋိပက္ခ အခြေအနေ

၈ FGD, ဂျဲယန်း IDP Camp (Laiza), 17 September 2018

များသည် သမားရိုးကျ ဂျန်ဒါအခန်းကဏ္ဍများအပေါ် ကြီးမားသည့် သက်ရောက်မှုရှိပြီး IDP စခန်းများတွင် နေထိုင်သည့် မသန်စွမ်းသူများအတွက်ဆိုလျှင် ကျော်လွှားရမည့် စိန်ခေါ်မှုများကို ထပ်ဆောင်း ဖန်တီးပေးခြင်းဖြင့် သက်ရောက်မှုများသည် ပို၍ပင် ကြီးမားပါသည်။ မိမိတို့၏ မျိုးနွယ်စုအတွက် မျိုးဆက်ကို ထိန်းသိမ်းရန် အမျိုးသားနှင့် အမျိုးသမီး နှစ်ဦးစလုံးအား အိမ်ထောင်ပြု၍ ကလေးမွေးရန် မျှော်လင့်ကြပါသည်။ သို့သော် မသန်စွမ်းမှုများသည် အိမ်ထောင်ပြုရန်အတွက် ကြီးမားသော အဟန့်အတားများကို ဖန်တီးဖြစ်ပေါ်စေပါသည်။ အိမ်ထောင်မရှိသော မသန်စွမ်းသူများသည် အိမ်ထောင်ပြုလိုကြောင်း ပြောကြပါသည်။ သို့သော် အိမ်ထောင်ဖက်ကို ရှာဖွေရန် ခက်ခက်ခဲခဲ ကြိုးပမ်းနေရပါသည်။

လိုင်ဇာရှိ ဝေကြိုင် IDP စခန်းမှ အမျိုးသား မသန်စွမ်းသူတစ်ဦးက ပဋိပက္ခသည် မိသားစုအတွင်းရှိ ဂျန်ဒါအခန်းကဏ္ဍများကို ထိခိုက်စေခဲ့ပြီး လင်မယားကြား တင်းမာမှုများ ဖြစ်ပေါ်စေခဲ့ပုံကို ပြန်လည်ပြောပြခဲ့ပါသည် -

> *"ကျွန်တော်က မသန်စွမ်းသူတစ်ဦးဖြစ်ပေမဲ့ စစ်မဖြစ်ခင်က ကျွန်တော့်ဇနီးကို အတော်များများ ကူညီပေးနိုင်ခဲ့ပါတယ်။ ၂၀၁၁ ခုနှစ်မှာ စစ်ဖြစ်တော့ ကျွန်တော်တို့ တောင်ယာစိုက်ပျိုးတဲ့ နေရာကို ထွက်ပြေးရပါတယ်။ အဲဒီလို ထွက်ပြေးတဲ့အခါ ကျွန်တော့်ဇနီးက ကျွန်တော့်ကို ကျောပိုးပြီး ပြေးရပါတယ်။ အဲဒီ နောက်ပိုင်းမှာ သူ ကျွန်တော့်ကို လုံးဝစိတ်ပျက်သွားတယ်လို့ ကျွန်တော်ထင်ပါတယ်။ ကျွန်တော်တို့ မိသားစုရဲ့ ပိုင်ဆိုင်မှုတွေလည်း အကုန်လုံး ဆုံးရှုံးခဲ့ရပါတယ်။"*

ထိုသူသည် ၎င်း၏ မိသားစုနှင့် မြေကို ပဋိပက္ခမှ ကာကွယ်ပေးနိုင်စွမ်း မရှိခဲ့ဘဲ ထွက်ပြေးရသောအခါ ဂျန်ဒါ မျှော်လင့်ချက်များနှင့် ပြောင်းပြန်ဖြစ်ကာ သူ၏ ဇနီးက သူ့အား ကျောပိုး၍ ပြန်လည်ကာကွယ်ပေးရသည့်အဖြစ် သို့ ရောက်ခဲ့ရပါသည်။ ဤအဖြစ်တွင် အမျိုးသား မသန်စွမ်းသူသည် ၎င်းအပေါ် မျှော်လင့်ထားသည့် ဂျန်ဒါအခန်းကဏ္ဍအား မဆောင်ရွက်နိုင်ဘဲ ၎င်း၏ဇနီးသည်က ၎င်း၏အခန်းကဏ္ဍအား အသိအမှတ်မပြုတော့သောအခါ လင်မယား ဆက်ဆံရေးမှာ တင်းမာလာပြီး ပြဿနာဖြစ်လာခဲ့ပါသည်။ ထိုသူသည် ပျက်ပြားသွားသော သူ့ဇနီးနှင့် ဆက်ဆံရေးကို ပြန်လည်တည်ဆောက်နိုင်မှု မရှိခြင်း၏ အဓိကအကြောင်းရင်းမှာ သူသည် မိသားစုနှင့် ပစ္စည်းဥစ္စာကို ကာကွယ်စောင့်ရှောက်သူအဖြစ် မျှော်လင့်ထားသည့် ဂျန်ဒါ အခန်းကဏ္ဍအား ဆောင်ရွက်နိုင်ခြင်း မရှိသောကြောင့်ဟု သူကယူဆပါသည်။[9] အချို့ဆိုလျှင် အိမ်ထောင်ရေးပင် ပြိုကွဲသွားနိုင်ပါသည်။

သုတေသနတွင် တွေ့ရှိခဲ့သည့် အချို့မိသားစုများတွင်မူ မသန်စွမ်းသူအမျိုးသားများ၏ မိသားစုများက သမား ရိုးကျ ဂျန်ဒါအခန်းကဏ္ဍများကို မဖြည့်ဆည်းနိုင်မှုအား လက်ခံနိုင်ကြသော်လည်း အမျိုးသားများကိုယ်တိုင်၏ သဘောထားက ပြဿနာ ဖြစ်နေပါသည်။ မိသားစုက ၎င်းတို့အား မိသားစု၏ အကြီးအမှူးအဖြစ် ရှုမြင်နေဆဲဖြစ်သည့်တိုင် ထိုအမျိုးသားများက မိသားစုကို ရှာဖွေကျွေးမွေးသူနှင့် မိသားစု၏ အကြီးအမှူးအဖြစ် သမားရိုးကျ ဂျန်ဒါမျှော်လင့်ချက်များကို ပြည့်မီအောင် ဆောင်ရွက်နိုင်ခြင်းမရှိဟု ခံစားနေရသည့် ပြဿနာဖြစ်ပါသည်။ ယင်းသည် IDP စခန်းများတွင် နေထိုင်သော မသန်စွမ်းသူများ အတွက် အလွန်ပင်ကြီးမားလှသော စိတ်ဖိစီးမှုများကို ဖြစ်ပေါ်စေနိုင်ပါသည်။ အမျိုးသား မသန်စွမ်းသူတစ်ဦးက သူသည် မိသားစု၏ အကြီးအမှူး အိမ်ထောင်ဦးစီး ဖြစ်နေသည့်တိုင် ဝင်ငွေ ရရှိနိုင်သည့် အခွင့်အလမ်းများ မရှိခြင်းက သူ့အတွက် ထိုအခန်းကဏ္ဍအား ထမ်းဆောင်ရန် ခက်ခဲပုံကို ဤသို့ ပြောပြပါသည်။

> *"မိသားစုမှာ ကျွန်တော်က အိမ်ထောင်ဦးစီး။ မိသားစုအရေးကိစ္စတွေကို ကျွန်တော်ကပဲ စီမံကြီးကြပ်ရတာ။ အခုတော့ ဝင်ငွေမရှိတဲ့အတွက် မိသားစုတာဝန်တွေကို ထမ်းဆောင်ဖို့ ကျွန်တော့်မှာ အရမ်းပဲ ခက်ခဲနေပါတယ်။"*[10]

---

၉ WCC ၁၀၊ လူတွေ့မေးမြန်းခြင်း၊ ဝေကြိုင် IDP စခန်း (လိုင်ဇာ)၊ ၂၀၁၈၊ စက်တင်ဘာ ၁၈ ။ အပစ်အခတ် မရပ်စဲမီက စစ်ပွဲအတွင်း ခေါင်းကို သေနတ်မှန်သောကြောင့် မသန်စွမ်းမှုတစ်ခုထက်မကရှိသော အသက် ၅၁နှစ် အရွယ် မသန်စွမ်းသူအမျိုးသမီး။

၁၀ HLYC ၃၊ လူတွေ့မေးမြန်းခြင်း၊ ဖွန်လွမ်ယန် IDP စခန်း (လိုင်ဇာ)၊ ၂၀၁၈ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်။ မြေမြှုပ်မိုင်းကြောင့် ခြေတစ်ဖက် ဆုံးရှုံးခဲ့ရသည့် အသက် ၄၅ နှစ်ကျော် အမျိုးသားတစ်ဦး ဖြစ်ပါသည်။ ထိုသူသည် အိမ်ထောင်ဦးစီးတစ်ယောက်အဖြစ် ဆက်လက်ရှိနေဆဲဖြစ်သော်လည်း မိသားစုအတွက် ငွေရှာနိုင်စွမ်း လျော့နည်းသွားခြင်းက ပြဿနာဟု ဆိုလိုခြင်း ဖြစ်ပါသည်။

ဝင်ငွေမရှိသည့်အပြင် ခင်ပွန်းသည်၏ အိမ်မှုကိစ္စများကို တာဝန်ယူဆောင်ရွက်ပေးနိုင်စွမ်းမရှိမှုနှင့် ဆက်နွှယ်၍လည်း ပြဿနာဖြစ်နိုင်ပါသည်။

အဆိုပါသမားရိုးကျ ဂျန်ဒါမျှော်လင့်ချက်များအား ပြည့်မီအောင် ဆောင်ရွက်နိုင်ခြင်း မရှိမှုသည် မသန်စွမ်းသော စစ်မှုထမ်းဟောင်းများအတွက်လည်း အထူးပင် ခက်ခဲသော ပြဿနာတစ်ခု ဖြစ်ပါသည်။ ၎င်းတို့သည် မိသားစု အတွင်းရှိ ရှေ့ပိုင်းတွင်ဖော်ပြခဲ့သော ယောကျ်ားပီသမှုအခန်းကဏ္ဍများကို ဆက်လက်ထမ်းဆောင်နိုင်ခြင်း မရှိတော့သူများ ဖြစ်ပါသည်။ အမျိုးသမီး KIA အဖွဲ့ဝင်များသည် ရှေ့တန်းတွင် တာဝန်ထမ်းဆောင်ရနိုင်ခြေ နည်းပါးသည့်အတွက် တွေ့ဆုံမေးမြန်းခဲ့သော စစ်မှုထမ်းဟောင်း မသန်စွမ်းသူများအားလုံးသည် အမျိုးသားများဖြစ်ပါသည်။ စစ်မှုထမ်းဟောင်းတစ်ဦးက အောက်ပါအတိုင်း ပြောပါသည် -

*"ကျွန်တော့်မှာ စိတ်ဓာတ်ကျစရာ ကိစ္စတွေအများကြီးကို ကြုံတွေ့ဖြတ်သန်းခဲ့ရပြီးပါပြီ။ ကျွန်တော့် ကလေးတွေက ကျောင်းသားတွေပဲ ရှိသေးပေမဲ့ ကျွန်တော်က ငွေမရှာနိုင်တော့ဘူး။ မိသားစုအတွက် ငွေမရှာပေးနိုင်လို့ မိသားစု တာဝန်တွေ မထမ်းဆောင်နိုင်လို့ ကျွန်တော် အရမ်းစိတ်ဓာတ်ကျမိတယ်။"*[11]

၎င်းတို့သည် စစ်သားများအဖြစ် မိသားစုနှင့် ရပ်ရွာကို ကာကွယ်စောင့်ရှောက်ပေးရမည်ဟူသည့် ယောကျ်ားပီသမှု စံနှုန်းများကို အဆုံးစွန်ဖြည့်ဆည်းပေးခဲ့ကြပါသည်။ ၎င်းတို့သည် ထိုအနေအထားကြောင့်ဖြစ်စေ၊ ၎င်းတို့ကိုင်ဆောင်ထားသော လက်နက်များကြောင့်ဖြစ်စေ လူမှုအဖွဲ့အစည်း၏ ရိုသေလေးစားမှုကို ကျင့်သားရထားသူများ ဖြစ်နိုင်ပါသည်။ မိမိလူမျိုးစု ကောင်းကျိုးအတွက် စွန့်လွှတ်အနစ်နာခံခဲ့သည့် ခြေလက်အင်္ဂါဆုံးရှုံးခဲ့သော စစ်မှုထမ်းဟောင်းများသည် အခြားသူများ၏ ပံ့ပိုးကူညီမှုများကို လိုအပ်သူတစ်ဦးအဆင့်သို့ ကျဆင်းသွားမှုသည် ကြီးမားသည့် စိန်ခေါ်မှုတစ်ခု ဖြစ်နိုင်ပြီး အထူးသဖြင့် ၎င်းတို့၏စစ်မှုထမ်းခဲ့မှုနှင့် စွန့်လွှတ်အနစ်နာခံမှုများကို ကောင်းစွာအသိအမှတ်မပြုသောအခါတွင် ပိုမိုထိခိုက်စေမည်ဖြစ်သည်။

သို့သော် အချို့သော မသန်စွမ်းသူအမျိုးသားများသည် သမားရိုးကျဂျန်ဒါမျှော်လင့်ချက်များကို ကျော်လွှားနိုင်စွမ်း ရှိကြပြီး အခြေအနေသစ်နှင့်လိုက်လျောညီထွေဖြစ်စေရန် အောင်မြင်စွာ ပြောင်းလဲနေထိုင်နိုင်ခဲ့ကြပါသည်။ အမျိုးသား တစ်ဦးက ပဋိပက္ခဖြစ်ပြီးနောက် မိသားစုအတွင်းရှိ သူ၏ အခန်းကဏ္ဍအား ပြန်လည်သုံးသပ်ခဲ့ပုံကို ဤသို့ ရှင်းပြခဲ့ပါသည် -

*"ကျွန်တော်တို့က ယောကျ်ားတာဝန်၊ မိန်းမတာဝန်ဆိုပြီး မခွဲတော့ဘူး။ ကျွန်တော်ကလည်း ကျွန်တော့် ဇနီးကို အိမ်အလုပ်တွေနဲ့ မိသားစုအလုပ်တွေ ကူလုပ်ပေးပါတယ်။"*[12]

ဂျန်ဒါအခန်းကဏ္ဍများ ခွဲခြားထားမှုအား ပယ်ဖျက်လိုက်ခြင်းသည် အခြေအနေသစ်နှင့် လိုက်လျောညီထွေ ညှိနှိုင်း နေထိုင်နိုင်ရေးတွင် အဓိကသော့ချက်ဖြစ်ဟန်တူပါသည်။ ပိုမိုပွင့်လင်းသော ဂျန်ဒါအခန်းကဏ္ဍများကို လက်ခံကျင့်သုံးခြင်းဖြင့် သမားရိုးကျဂျန်ဒါအခန်းကဏ္ဍများနှင့်မျှော်လင့်ချက်များကိုပယ်ခွာနိုင်သူများ၏မိသားစုဘဝများသည်ဝင်ငွေအခွင့်အလမ်းများ မရှိခြင်းနှင့် နေရပ်စွန့်ခွာရွှေ့ပြောင်းရခြင်း၏ စိန်ခေါ်မှုများ ရှိနေသည့်တိုင် ပိုမိုတည်ငြိမ်မှုရှိကာ အပေးအယူမျှ၍ သဟဇာတ ဖြစ်လာပါသည်။ ထိုမိသားစုများသည် အကန့်အသတ်ရှိသော အရင်းအမြစ်များကို အကောင်းဆုံး အသုံးချနိုင်ကြပြီး မိသားစု ဘဝ အဆင်ပြေသာယာရေးအတွက် အစွမ်းရှိသမျှ အတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်နိုင်ကြပါသည်။

အခြားတစ်ဖက်တွင်မူ ဂျန်ဒါအခန်းကဏ္ဍများအား ပြောင်းပြင်နိုင်မှု နည်းပါးသူများသည် ဂျန်ဒါမျှော်လင့်ချက်များကို ဖြည့်ဆည်းနိုင်စွမ်းမရှိမှုကြောင့် အားမလိုအားမရ ခံပြင်းဒေါသထွက်မှုများစွာကို ကြုံတွေ့ခံစားရနိုင်ပါသည်။ ထိုခံစားချက်များက စိတ်ကျန်းမာရေးပြဿနာများကို ဖြစ်ပေါ်စေနိုင်ပြီး တစ်ခါတစ်ရံတွင် အရက်သေစာ သောက်သုံးခြင်းနှင့် မူးယစ်ဆေးဝါး သုံးစွဲခြင်းအပါအဝင် မှားယွင်းသည့် နည်းလမ်းများကို အသုံးပြုလာစေပြီး အိမ်တွင်း အကြမ်းဖက်မှုများ တိုးပွားလာမှုနှင့်လည်း ဆက်နွှယ်နေပါသည်။ အဆိုးရွားဆုံးဖြစ်ရပ်များတွင် ထိုအခြေအနေအား ကျော်လွှားနိုင်ခြင်း မရှိပါက မိမိကိုယ်မိမိ သေကြောင်း

---

၁၁ JYC ၅၊ လူတွေ့မေးမြန်းခြင်း၊ ဂျဲယန်း IDP စခန်း (လိုင်ဇာ)၊ ၂၀၁၈ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်။ ထိုသူသည် တိုက်ပွဲတွင် ခြေထောက်ကို သေနတ်မှန်ကာ ဒဏ်ရာကြောင့် ခြေတစ်ဖက်ဆုံးရှုံးခဲ့ရသူ အသက်၄၈ နှစ်အရွယ် အမျိုးသား ဖြစ်သည်။

၁၂ JYC ၂၁၊ လူတွေ့မေးမြန်းခြင်း၊ ဂျဲယန်း IDP စခန်း (လိုင်ဇာ)၊ ၂၀၁၈ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်။ ခြေတစ်ဖက်ဆုံးရှုံးခဲ့ရသူ အသက်၄၈ နှစ်အရွယ် အမျိုးသား။

ကြံမှုများကိုပင် ဖြစ်စေခဲ့ပါသည်။ မိမိကိုယ်မိမိ သတ်သေခဲ့ကြသည့် မသန်စွမ်းသူများအကြောင်းကို တွေ့ဆုံမေးမြန်းသူများက ပြောပြခဲ့ကြပါသည်။ အထူးသဖြင့် စစ်မှုထမ်းဟောင်း မသန်စွမ်းသူများကြားတွင် ထိုဖြစ်ရပ်များ တွေ့ရပါသည်။

အချို့မိသားစုများတွင် ပဋိပက္ခ၏ သက်ရောက်မှုက မူလကတည်းက ဖြစ်နေသည့် အိမ်တွင်းအကြမ်းဖက်မှု ပြဿနာကို ပို၍ ဆိုးစေပါသည်။ တွေ့ဆုံမေးမြန်းခဲ့သည့် မသန်စွမ်းသူအမျိုးသမီးတစ်ဦး[13] သည် သူမ မူလနေထိုင်သော ရပ်ရွာတွင် သားဖွားဆရာမတစ်ဦးအဖြစ် အလုပ်လုပ်ခဲ့ဖူးပါသည်။ သူမသည် မုဒိမ်းကျင့်ခံရပြီးနောက် ကိုယ်ဝန်ရှိလာသောအခါ လူမှုရေး ဖိအားများကြောင့် သူမကို မုဒိမ်းကျင့်ခဲ့သူအား မလွှဲမရှောင်သာ လက်ထပ်ခဲ့ရပါသည်။ ပိုလီယိုအကြောသေမှုသည် သူမ၏ ထိခိုက်လွယ်မှုကို ပို၍တိုးစေခဲ့ပုံရပါသည်။ သူမ၏ ခင်ပွန်းသည် အကြမ်းဖက်သည့် အရက်သမားတစ်ဦး ဖြစ်ပါသည်။ သို့သော် သူတို့ရွာတွင် သူမသည် မိသားစုအတွက် ငွေရှာပေးနိုင်သူ ဖြစ်သောကြောင့် သူမ၏ ခင်ပွန်းက "သူမအား ပြဿနာ သိပ်မရှာနိုင်ခဲ့ပါ"။ ပဋိပက္ခကြောင့် ၎င်းတို့ ထွက်ပြေးခဲ့ရပြီး သူမ၏သားအငယ်သည် ထွက်ပြေးစဉ် ဆေးကုသနိုင်မှု မရှိခြင်းကြောင့် မသန်စွမ်းဖြစ်ခဲ့ရပြန် ပါသည်။ IDP စခန်းတွင် သူမသည် မသန်စွမ်းသည့် သားငယ်အား ပြုစုစောင့်ရှောက်နေရသည့်အတွက် မိသားစုကို ထောက်ပံ့ရန် အပြင်ထွက်ငွေရှာနိုင်ခြင်း မရှိပါ။ သူမ၏ခင်ပွန်းသည် ပတ်ဝန်းကျင်မှ လူများကို ရိုင်းစိုင်းစွာ ဆက်ဆံပြီး အရက်မူးလာတိုင်း ပို၍ပင် အကြမ်းဖက်လာသည့်အတွက် မိသားစုတစ်ခုလုံးကို တိုက်ရိုက်ထိခိုက်စေပြီး မသန်စွမ်းသူ အမျိုးသမီးတစ်ဦးအနေဖြင့် ရင်ဆိုင်ရသည့် ခွဲခြားဆက်ဆံမှုများကို ပို၍ပင် တိုးလာစေပါသည်။

## ၃-၂။ ကဲ့ရဲ့ရှုတ်ချမှုများနှင့် ခွဲခြားဆက်ဆံမှုများ

မသန်စွမ်းမှုအမျိုးမျိုးအတွက် လူမှုအသိုင်းအဝိုင်း၏ ကဲ့ရဲ့ပြစ်တင်ရှုတ်ချမှုပုံစံများသည် အမျိုးမျိုးကွဲပြားတတ်ပါသည်။ ပုံမှန်အားဖြင့် ကဲ့ရဲ့ရှုတ်ချမှုနှင့် ခွဲခြားဆက်ဆံမှုသည် တစ်ခုနှင့်တစ်ခု တိုက်ရိုက်ဆက်နွယ်နေပါသည်။ မသန်စွမ်းမှုအား ကဲ့ရဲ့ရှုတ်ချကြသည်ဟုဆိုသော်လည်း အချို့သော မသန်စွမ်းမှုအမျိုးအစားများကို မင်္ဂလာရှိသည် သို့မဟုတ် လာဘ်ကောင်းသည်ဟု ယူဆကြသည့် ထုံးတမ်းအစဉ်အလာအချို့လည်း ရှိပါသည်။ ထိုသို့ အကောင်းဘက်မှ ရှုမြင်မှုများသည် ရပ်ရွာနှင့် လူတစ်ဦးချင်းစီထံမှ ကောင်းမွန်သော သဘောထားနှင့် လုပ်ဆောင်ချက်များကို ဖြစ်ပေါ်စေပြီး အပျက်သဘောဆောင်သည့် ကဲ့ရဲ့ရှုတ်ချမှုများကမူ မသန်စွမ်းသူများအပေါ် ခွဲခြားဆက်ဆံမှုများကို ဖြစ်စေပါသည်။ ထုံးတမ်းစဉ်လာအရ အော်တစ်ဇင် လက္ခဏာရှိသော ကလေးများ၊ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲကလေးများသည် မိသားစုကို စီးပွားတက်စေသည့်အတွက် မင်္ဂလာရှိသည်ဟု ယူဆကြပါသည်။ သို့သော် မျက်မမြင်များ၊ ကိုယ်အင်္ဂါမသန်စွမ်းသူများ၊ နားမကြားသူများနှင့် စိတ်ပိုင်းဆိုင်ရာ သို့မဟုတ် ဉာဏ်ရည် မသန်စွမ်းသူများကိုမူ ကဲ့ရဲ့ရှုတ်ချမှုများ ပြုကြပါသည်။ ထိုကဲ့သို့သော မသန်စွမ်းမှုများ ရှိသည့် သူများအား ကျက်သရေမင်္ဂလာမရှိသူများအဖြစ် ယူဆလေ့ရှိပြီး လူသားတစ်ဦးကဲ့သို့ တန်ဖိုးမထားကြပါ။ အထူးသဖြင့် မွေးရာပါ မသန်စွမ်းသူများကို ထိုသို့ မှတ်ယူဆက်ဆံကြပါသည်။ ထိုသို့သော မသန်စွမ်းသူများသည် အခြားသူများ၏ လှောင်ပြောင်သရော်မှုများနှင့် ခွဲခြားဆက်ဆံမှုများကို ခံရလေ့ရှိပါသည်။ ဤသည်မှာ လူများ၏ စိတ်ထားဆိုးယုတ်မှုများကြောင့် မဟုတ်ဘဲ နားလည်သိရှိမှု မရှိခြင်းကြောင့်သာ ဖြစ်ပါသည်။ ၂၀၁၁ ခုနှစ်နောက်ပိုင်းတွင် ထိခိုက်ဒဏ်ရာ ရရှိခဲ့သည့် စစ်မှုထမ်းဟောင်း မသန်စွမ်းသူများမှာမူ ခြွင်းချက်ဖြစ်ပါသည်။ အကြောင်းမှာ ၎င်းတို့အား တိုင်းရင်းသား မျိုးနွယ်စုကို ကာကွယ်ရင်း ဒဏ်ရာရခဲ့သည့် သူရဲကောင်းများအဖြစ် ရှုမြင်ကြသောကြောင့် ဖြစ်ပါသည်။

တွေ့ဆုံမေးမြန်းမှုများတွင် မသန်စွမ်းသူများက မိသားစု၊ ရပ်ကွက် သို့မဟုတ် ရပ်ရွာ၊ စခန်းများနှင့် ဘုရားကျောင်းများတွင် ရင်ဆိုင်ရသော ခွဲခြားဆက်ဆံမှုများကို ပြန်လည်ပြောပြခဲ့ပါသည်။ မြစ်ကြီးနားမျက်မမြင်ကျောင်းမှ မျက်မမြင် အမျိုးသမီးတစ်ဦးက သူမ ပညာမတတ်စဉ်က မိသားစုဝင်များနှင့် အိမ်နီးချင်းများ၏ သူမအပေါ် ခွဲခြားဆက်ဆံပုံများကို ဤသို့ ပြန်ပြောပြခဲ့ပါသည် -

*"ကျွန်မ ပညာမတတ်စဉ်တုန်းက မိသားစုဝင်တွေနဲ့ ရပ်ကွက်က ကျွန်မကို အထင်သေးခဲ့ကြတယ်။ ကျွန်မကို ရပ်ကွက်ထဲမှာ ကလေးတွေအတွက် စနောက်စရာ ဖြစ်ခဲ့တယ်။ အခု ကျွန်မ ပညာတတ် တစ်ယောက် ဖြစ်လာတော့*

---

၁၃ MRCC ၅၊ လူတွေ့မေးမြန်းခြင်း၊ မိုင်းနား RC စခန်း၊ ၂၀၁၈ အောက်တိုဘာ ၉ရက်၊ သူမသည် ကလေးဘဝတွင် ဆေးကုသစောင့်ရှောက်မှုမရခဲ့ခြင်းကြောင့် ပိုလီယိုအကြောသေကာ မသန်စွမ်းဖြစ်ခဲ့ရသည့် အသက် ၄၆ နှစ်အရွယ် အမျိုးသမီး တစ်ဦး ဖြစ်ပါသည်။

*အဲဒီလိုမျိုးတွေ ထပ်ပြီး မကြုံရတော့ဘူး။"*[14]

ယင်းသည် မသန်စွမ်းသူများနှင့် ကိုက်ညီအောင် ဆောင်ရွက်ပေးသော ပညာရေးဝန်ဆောင်မှုကဲ့သို့ မသန်စွမ်းသူများ အတွက် ဦးတည်ဆောင်ရွက်ပေးသည့် ပံ့ပိုးကူညီမှုများ၏ ကောင်းကျိုးသက်ရောက်မှုကို အထင်အရှားပြသနေပါသည်။ ထိုသို့သော ပံ့ပိုးမှုများသည် ရပ်ရွာထဲတွင် ၎င်းတို့အပေါ် ထားရှိသော သဘောထားအမြင်များအပေါ် သက်ရောက်မှုရှိသော ကြောင့် ၎င်းတို့ကိုယ်တိုင်အပေါ်ထားရှိသည့် ကိုယ်ပိုင်သဘောထားများနှင့် ဘဝအရည်အသွေးများပေါ်တွင်လည်း သက်ရောက်မှုရှိပါသည်။ ထို့ပြင် မသန်စွမ်းမှုများသည် အခြားသော သက်ရောက်မှုမျိုးစုံနှင့် အပြန်အလှန်ဆက်နွယ်ချိတ်ဆက်မှု ရှိနိုင်ပုံကိုလည်း ပြသနေပါသည်။ ဥပမာ မျက်စိမမြင်ခြင်းကြောင့် ပညာရေးအခွင့်အလမ်းများမှ ဘေးဖယ်ထားခြင်း ခံရကာ ထိုမှတစ်ဖန် လူမှုအသိုင်းအဝိုင်းအတွင်း သို့မဟုတ် လုပ်သားဈေးကွက်အတွင်း ဖယ်ကြဉ်ခံရမှုများကို ဆက်လက်ခံစား ကြရပါသည်။

ကချင်ပြည်နယ်ရှိ အဓိကကျသော လူမှုရေးအဖွဲ့အစည်းများဖြစ်သည့် ဘုရားကျောင်းများသည် မသန်စွမ်းသူများ အတွက် လူမှုအဖွဲ့အစည်းနှင့် ထိတွေ့ဆက်ဆံမှု၊ ပေါင်းစည်းပါဝင်နိုင်မှုတို့ တိုးတက်စေရေးတွင် အရေးကြီးသော အခန်း ကဏ္ဍမှ ပါဝင်ဆောင်ရွက်ပေးနိုင်သလို ဆန့်ကျင်ဘက်အနေဖြင့် ဖယ်ကြဉ်မှုများကို တွေ့ကြုံစေသော နေရာဌာနများလည်း ဖြစ်နိုင်ပါသည်။ မသန်စွမ်းသူအမျိုးသမီးတစ်ဦးက ဘုရားကျောင်းဝတ်ပြုအဖွဲ့တွင် ခွဲခြားဆက်ဆံခံခဲ့ရသည့် သူမ၏ အတွေ့ အကြုံများကို ပြောပြခဲ့ပါသည် -

> *"ဘုရားကျောင်းက လှုပ်ရှားမှုတွေမှာ ပါဝင်ခဲ့တုန်းက ကျွန်မ ခွဲခြားဆက်ဆံတာတွေ ခံခဲ့ရတယ်။ ကျွန်မ ဆယ်ကျော် သက်အရွယ်မှာ လူငယ်လှုပ်ရှားမှုတွေမှာ ပါဝင်ဖို့ ကျွန်မ သွားခဲ့တယ်။ တခြားသူတွေ ကစားနေတဲ့အချိန်မှာ ကျွန်မ တစ်ယောက်တည်း ရပ်ကြည့်နေခဲ့ရတယ်။ အဲဒီအချိန်တုန်းက တကယ်ကို သိမ်ငယ်ခဲ့ရပါတယ်။"*[15]

မိုင်းနား IDP စခန်းမှ ကိုယ်အင်္ဂါချို့ယွင်းသူအမျိုးသမီး နောက်တစ်ဦးက ဘုရားကျောင်းမှ လှုပ်ရှားမှုများတွင် ပါဝင် စဉ် ဘုရားကျောင်းအဖွဲ့ဝင်များ၏ အထင်သေးခြင်းကို ခံခဲ့ရပုံအား ပြန်ပြောင်း ပြောပြပါသည် -

> *"သဘောကောင်းတဲ့လူတစ်ချို့က မနစ်က ဓမ္မတေးအဖွဲ့ပြိုင်ပွဲမှ ကျွန်မကို ထည့်ပေးပါတယ်။ ဒါပေမဲ့ တစ်ချို့က ကိုယ်အင်္ဂါပုံပျက်နေတဲ့လူကို ထည့်ရကောင်းလားလို့ ပြစ်တင်ကန့်ကွက်ကြပါတယ်။"*[16]

ဘုရားကျောင်းအဆောက်အဦသည် တည်ဆောက်ထားပုံအရ မသန်စွမ်းသူများအတွက် လွယ်ကူစွာ လက်လှမ်းမီ သွားလာအသုံးပြုနိုင်သော နေရာ တစ်ခု မဟုတ်ပါ။ ထိုမျှသာမက အဆောက်အဦထဲတွင် ဘုရားကျောင်းဝတ်ပြုအဖွဲ့တွင်လည်း မသန်စွမ်းသူများအတွက် လှုပ်ရှားသွားလာပါဝင်ရန် နေရာ နည်းပါးနေပုံရပါသည်။ သို့မဟုတ် နေရာရှိဟန်မတူပါ။

ဖွန်လွမ်ယန် IDP စခန်းမှ အမျိုးသား မသန်စွမ်းသူ တစ်ဦးက ဘုရားကျောင်းဝတ်ပြုအဖွဲ့၏ ခွဲခြားဆက်ဆံသော အပြုအမူများကို အောက်ပါတိုင်း ဒေါသတကြီးဝေဖန်ပြောဆိုခဲ့ပါသည် -

> *"ဘုရားကျောင်းရဲ့ မူလရည်ရွယ်ချက်က ဆင်းရဲနွမ်းပါးတဲ့ ဖိနှိပ်ခံတွေကို ကြည့်ရှုစောင့်ရှောက်ဖို့ပဲ။ ဘုရားကျောင်းကို တည်ထောင်ရတဲ့ ရည်ရွယ်ချက်က စိတ်ဓာတ်ကျနေတဲ့လူတွေ၊ မုဆိုးမတွေ၊ အပယ်ခံတွေကို ကြည့်ရှု စောင့်ရှောက် ပေးဖို့လေ။ ဒါပေမဲ့ ဘုရားကျောင်းက အဲဒီလိုလူတွေကို ကျောခိုင်းထားတယ်။ ချမ်းသာတဲ့လူတွေကိုပဲ ဂရုစိုက်တယ်။ ဒါဆို ကူရာကယ်ရာမဲ့နေတဲ့လူတွေကို ဘယ်သူက စောင့်ရှောက်ပေးမှာလဲ။ ဘုရားကျောင်းခေါင်းဆောင်တွေက အဲဒီလူတွေအတွက် မစဉ်းစားပေးရင် ဘယ်လို လုပ်မလဲ။"*[17]

---

၁၄ MBS ၃၊ လူတွေ့မေးမြန်းခြင်း၊ ဂျာမိုင်ကောင်း မျက်မမြင်ကျောင်း (မြစ်ကြီးနား)၊ ၂၀၁၈ အောက်တိုဘာ ၂၆။ ၃၄ နှစ် အရွယ် မျက်မမြင် အမျိုးသမီး။

၁၅ Ibid.

၁၆ MRCC ၅၊ ၂၀၁၈ Op. cit.

၁၇ HLY ၂၊ လူတွေ့မေးမြန်းခြင်း၊ ဖွန်လွမ်ယန် IDP စခန်း (လိုင်ဇာ)၊ ၂၀၁၈ စက်တင်ဘာ ၂၀။ သူသည် ကလေးဘဝက ဆေးကုသစောင့်ရှောက်မှု မရခဲ့၍ ပိုလီယိုအကြောင်းသောကာ မသန်စွမ်းဖြစ်ခဲ့ရသော အသက် ၃၅ နှစ်အရွယ် အမျိုးသားတစ်ဦး ဖြစ်သည်။

ဘုရားကျောင်းခေါင်းဆောင်များနှင့် အဖွဲ့ဝင်များသည် မသန်စွမ်းသူများအား ကူညီပံ့ပိုးရန်၊ ၎င်းတို့၏ အသံများနှင့် အရေးကိစ္စများအား ပိုမိုကျယ်လောင်စွာ တင်ပြခွင့်ရရန်နှင့် လူမှုအသိုင်းအဝိုင်းအတွင်း ခွဲခြားဆက်ဆံခံရခြင်း ကင်းစွာ ပါဝင်ဆောင်ရွက်နိုင်ရန် ပိုမိုအရေးပါသော အခန်းကဏ္ဍမှ ပါဝင်ပေးနိုင်ပါသည်။ ကချင်ပြည်နယ်ရှိ ဘုရားကျောင်းများ၏ အခန်းကဏ္ဍနှင့် ဩဇာရှိမှုကို ထည့်သွင်းစဉ်းစားမည်ဆိုလျှင် ဤအတွက် တွန်းအားပေးဆွေးနွေးမှု များ ပြုလုပ်မည်ဆိုပါက အကျိုးရှိမည်ဟု ယူဆနိုင်ဖွယ်ရှိပါသည်။

စခန်းများရှိ မသန်စွမ်းသူများကြားတွင်ပင် ခွဲခြားဆက်ဆံမှုများ ရှိနေဟန်တူပါသည်။ ဥပမာ အထောက်အကူပြုပစ္စည်းကိရိယာများ ပေးအပ်ရာတွင် ပိုလီယိုဖြစ်နေသူများကဲ့သို့သော မသန်စွမ်းသူ အမျိုးအစားအချို့အား စခန်းများက ခွဲခြားဆက်ဆံခဲ့ကြပါသည်။ ဖွန်လွမ်ယန် မှ ပိုလီယိုကြောင့် မသန်စွမ်းသူ (PWD) အမျိုးသားတစ်ဦး က အောက်ပါအတိုင်း ခါးသီးစွာ ပြောပါသည် -

*"ကျွန်တော် ဒီစခန်းမှာ နေတာ သုံးနှစ်ရှိပြီ။ ခုချိန်ထိ ငွေ ၃၀၀၀ ကျပ်နဲ့ လျှပ်စစ်စက်ဘီးတစ်စီး ရတာ ဒါ ပထမဆုံးအကြိမ်ပဲ။"*[18]

ဤသည်မှာ အသိပညာ မရှိခြင်းကြောင့် ကူးစက်ရောဂါ သို့မဟုတ် ကူးစက်နိုင်သော အန္တရာယ်များနှင့် စပ်လျဉ်းကာ အခြေအမြစ်မရှိသည့် အစွဲအလမ်းများ ပိုမိုဆိုးရွားလာစေပြီး မသန်စွမ်းသူများအား ပြောင်ပြောင်တင်းတင်း ခွဲခြား ဆက်ဆံခြင်းများ ဖြစ်လာစေပါသည်။

အစိုးရနှင့် KIO ထိန်းချုပ်ရာ ဒေသနစ်ခုစလုံးတွင် အစိုးရအလုပ်များ ဝင်ရောက်လုပ်ကိုင်နိုင်ရန် ကြိုးပမ်းရာ၌လည်း ခွဲခြားဆက်ဆံမှုများ ရှိနေပုံရပါသည်။ ကျောင်းဆရာ ရာထူးအတွက် ရွေးချယ်ခေါ်ယူရာတွင် လျှောက်ထားသူအတွက် တရားဝင်သတ်မှတ်ထားသော သတ်မှတ်ချက်တစ်ခုမှာ "ကိုယ်အင်္ဂါပြည့်စုံသန်စွမ်းသူ" ဖြစ်ရမည် ဟူသော အချက် ဖြစ်ပါသည်။ မသန်စွမ်းသူ တစ်ဦး မဖြစ်ရပါ။ ဖွန်လွမ်ယန် IDP စခန်းမှ အမျိုးသား မသန်စွမ်းသူတစ်ဦးက ဤအကြောင်းကို အောက်ပါအတိုင်း အကျဉ်းချုပ်ပြောပြပါသည် -

*"အစိုးရကဏ္ဍမှာလည်း ကျွန်တော်တို့ကို အလုပ်မပေးချင်ကြဘူး။ သူတို့က ကျွန်တော်တို့ကို ဘယ်ရာထူး နေရာမှာမှ မသုံးချင်ဘူး။ အလုပ်မခန့်ချင်ဘူး။ သိပ်မကြာခင်က ကျွန်တော်တို့ဒေသက ကျောင်းတစ်ကျောင်းမှာ ကလေးတွေကို စာသင်ပေးခွင့်ပြုဖို့ ကျောင်းအုပ်ကြီးကို ကျွန်တော် ခွင့်တောင်းခဲ့ပါတယ်။ သူက ကလေးတွေ ကျွန်တော့်လို ဖြစ်သွားမှာ စိုးလို့ မရဘူးလို့ ပြောတယ်။ ကလေးတွေက ကျွန်တော်ကို လိုက်အတုခိုးပြီး ကျွန်တော့်ပုံစံဖြစ်သွားမှာကို သူက စိုးရိမ်တယ်လေ။ သူတို့က အဲဒီလို တွေးကြတာ။ ဘယ်အစိုးရအလုပ်မှာမှ ကျွန်တော်တို့ကို ခန့်ချင်တာ မဟုတ်ဘူး။"*[19]

ထိုကဲ့သို့ တစ်ဖက်သတ်အစွဲအလမ်းများ၊ မလိုမုန်းထားမှုများသည် နက်ရှိုင်းစွာ အမြစ်တွယ်နေပုံရပြီး မိမိကိုယ်မိမိ ရှုတ်ချမှုနှင့် စိတ်ကျမှုများကို ဖြစ်စေကာ မသန်စွမ်းသူများ၏ စိတ်ကျန်းမာရေးကို ထိခိုက်စေနိုင်ပါသည်။ စခန်းတွင်းတွင် မိမိတို့ နေထိုင်ရာနေရာမှ အခြားနေရာသို့ သွားလာနိုင်ခြင်းမရှိသော အောက်ပိုင်းလှုပ်ရှားမှုမပြုနိုင်သည့် မသန်စွမ်းသူများအဖို့ လုံလောက်သည့် လူမှုဆက်ဆံရေး အခြေအနေများ မရှိမှုကြောင့် စိတ်ကျမှုနှင့် မျှော်လင့်ချက် ကင်းမဲ့မှုများကို အဆိုးရွားဆုံး ခံစားနေရသည်ဟု ယူဆရပါသည်။

မသန်စွမ်းသူများ၏ စိတ်ကျန်းမာရေးပြဿနာများသည် စစ်မှုထမ်းဟောင်း မသန်စွမ်းသူများကြားတွင် အထူး စိုးရိမ်ဖွယ် ဖြစ်နေပါသည်။ မကြာသေးမီက ဒဏ်ရာရကာ မသန်စွမ်းသူများ ဖြစ်လာသော စစ်မှုထမ်းများအား လူမှုအသိုင်းအဝိုင်းနှင့်ရော၊ အခြား မသန်စွမ်းသူများနှင့်ပါ ခွဲကာ သီးခြားနေရာတစ်နေရာတွင် ထားသည်ဟု ယူဆရပါသည်။ ထိုသို့ ခွဲထားရခြင်းမှာ အခြေအနေသစ်နှင့် လိုက်လျောညီထွေဖြစ်အောင် ညှိယူနိုင်မည့် အခွင့်အရေး ရရှိရန်ဖြစ်သည်။ သို့သော် ထိုသို့ ဆောင်ရွက်

---

၁၈ Ibid.

၁၉ Ibid.

သည့် နည်းလမ်းတွင် စိန်ခေါ်မှုအချို့ကို ရင်ဆိုင်ရပါသည်။ ဖွန်လွမ်ယန်စခန်းမှ မသန်စွမ်းသူ အမျိုးသားတစ်ဦးက လက်နက်ကိုင်တပ်ဖွဲ့များမှ "လောလောလတ်လတ်" အနားယူလိုက်ရသော ဒဏ်ရာရစစ်မှုထမ်းဟောင်းများအား သီးခြားခွဲထားခြင်းသည် မည်မျှအန္တရာယ်များကြောင်း ဤသို့ ပြောပြပါသည် -

> *"လောလောလတ်လတ် အနားယူလိုက်ရတဲ့ စစ်မှုထမ်းဟောင်းတွေကို ရပ်ရွာလူမှုအသိုင်းအဝိုင်းထဲမှာ ထားတာ ပိုကောင်းပါတယ်။ ဘာကြောင့်လဲဆိုတော့ သီးခြားဖြစ်နေချိန်မှာ ဘာမဆို ဖြစ်သွားနိုင်တယ်။ သူတို့တွေက မစဉ်းမစားနဲ့ ဆုံးဖြတ်ချက်တွေ ချလိုက်နိုင်တယ်။ ပြီးခဲ့တဲ့ဒီဇင်ဘာက စစ်မှုထမ်းဟောင်း နှစ်ယောက်ကို သီးခြား ခွဲထားဖူးတယ်။ သူတို့ထဲက တစ်ယောက်က သူ့ကိုယ်သူ သေကြောင်းကြံခဲ့တယ်။ ကျွန်တော်တို့တွေ အချိန်မီ ရောက်သွားလို့ ကံကောင်းသွားတယ်။ သူ့အသက်ကို ကယ်လိုက်နိုင်တယ်။"*[20]

ဤသို့ သီးခြားခွဲထားမှု၏ ဘေးထွက်ဆိုးကျိုးအဖြစ် စိတ်ကျရောဂါနှင့် မိမိကိုယ်မိမိ သေကြောင်းကြံမှုများ မကြာခဏ ဖြစ်လေ့ရှိပါသည်။ စိတ်ခံစားချက်များ ပြင်းထန်ချိန်တွင် ပဋိပက္ခဒဏ်သင့်သော ယောက်ျားပီသမှုလက္ခဏာများက ထိုပုံစံများဖြင့် ပေါ်လွင်လာတတ်သည့် ဖြစ်ရပ်များလည်း ရှားပါးသည်တော့ မဟုတ်ပါ။

သို့သော် ထိုသို့ မိမိကိုယ်မိမိ သေကြောင်းကြံရန် ကြိုးပမ်းမှုများသည် စိတ်ကျန်းမာရေးပြဿနာများကို ဖြေရှင်းပေးရန် အရေးကြီးကြောင်း ပြသနေပါသည်။ အထူးသဖြင့် အကြမ်းဖက်ပဋိပက္ခမှ ရှင်သန်လွတ်မြောက်လာသူများ အတွက် ပို၍ အရေးကြီးပါသည်။ တစ်ကမ္ဘာလုံးမှ စာရင်းအင်းများအရ မိမိကိုယ်မိမိ သတ်သေသည့်နှုန်းသည် အမျိုးသမီးများထက် အမျိုးသားများတွင် ပိုမို မြင့်မားနေသည့်အတွက်လည်း စိတ်ပူစရာကောင်းလှပါသည်။ IDP စခန်းများတွင် ယေဘုယျအားဖြင့် အရက်သောက်ခြင်းကို တားမြစ်ထားသော်လည်း အမျိုးသား မသန်စွမ်းသူအတွက် စိတ်ကျဝေဒနာနှင့် ဝမ်းနည်းမှုများ သက်သာစေရန် အမျိုးသားဆွေမျိုးများက အရက် သို့မဟုတ် မူးယစ်ဆေးအား စခန်းသို့ ခိုးသွင်းပေးကြပုံကို တွေ့ဆုံမေးမြန်းခဲ့သူများက ပြောပြပါသည်။ ထိုသို့ အမျိုးသားချင်း ရိုင်းပင်းကာ မူးယစ်ဆေးဝါး ရရှိအောင် လုပ်ဆောင်ပေးမှုများသည် ဝေဒနာများကို ခဏတာ သက်သာစေသော်လည်း အရင်းခံ ပြဿနာကိုမူ ဖြေရှင်းနိုင်ခြင်း မရှိပါ။ စစ်မှုထမ်းဟောင်းများအတွက် အပါအဝင် မသန်စွမ်းသူများ၏ စိတ်ကျန်းမာရေးနှင့် ဘဝသာယာပျော်ရွှင်ရေးအတွက် ပံ့ပိုးကူညီမှုများ ယခုထက်ပိုမို ဆောင်ရွက်ပေးရန် အရေးတကြီး လိုအပ်နေပါ သည်။ တစ်ဦးချင်းစီအတွက် နှစ်သိမ့်ဆွေးနွေးမှုများ ဆောင်ရွက်ပေးရန်မှာ ငွေကြေးအရ သို့မဟုတ် လက်တွေ့ အခြေအနေများအရ ဖြစ်နိုင်ခြေမရှိပါက မသန်စွမ်းသူများအချင်းချင်း ပံ့ပိုးအားပေးသည့် အဖွဲ့များ ဖွဲ့စည်းဆောင်ရွက်သည့် ပုံစံဖြင့် လုပ်ဆောင်နိုင်ပါသည်။

မသန်စွမ်းသူများအား ကဲ့ရဲ့ရှုတ်ချမှုများသည် မသန်စွမ်းသူများကိုသာမက ၎င်းတို့၏ သားသမီးများပါ ကျောင်းနှင့် ရပ်ရွာထဲတွင် ခွဲခြားဆက်ဆံမှုနှင့် နှောင့်ယှက်တိုက်ခိုက်မှုတို့ကို ကြုံတွေ့ရစေနိုင်ပါသည်။ အချို့မိဘများက ၎င်းတို့၏ သားသမီးများအား မသန်စွမ်းသူများ၏ သားသမီးများနှင့် အတူမကစားရန် တားမြစ်ကြပါသည်။ ဥပမာ မျက်မမြင်ကလေးများသည် အခြားသာမာန်ကျောင်းသားများနှင့်အတူ ပညာသင်နိုင်သော်လည်း စာမေးပွဲဖြေသောအခါ မျက်မမြင်ကလေးများက လှေကားအောက်တွင် ထိုင်ရပါသည်။[21] မြစ်ကြီးနားမျက်မမြင်ကျောင်းမှ မျက်မမြင်များနှင့် တွေ့ဆုံမေးမြန်းမှုများအရ ကျောင်းသင်ရိုးညွှန်းတမ်းနှင့် စာမေးပွဲမေးခွန်းများသည် မျက်မမြင် ကျောင်းသားကျောင်းသူများအတွက် အဆင်ပြေခြင်းမရှိဟု သိရပါသည်။ အဘယ်ကြောင့်ဆိုသော် စာမေးပွဲ မေးခွန်းများတွင် စနစ်တကျ ဖော်ပြချက်များ မပါရှိဘဲ ပုံများ ဆွဲခိုင်းသည့် မေးခွန်းများ ပါဝင်သောကြောင့် ဖြစ်ပါ သည်။ ယင်းသည် ပညာရေးစနစ်အတွင်းတွင် အမြစ်တွယ်နေသော ခွဲခြားဆက်ဆံမှုကို ပြသနေခြင်းဖြစ်သလို[22] ပညာရေးတွင် သေးငယ်သော်လည်း မဟာဗျူဟာကျသည့် အပြောင်းအလဲများ ပြုလုပ်ပေးခြင်းဖြင့် ပညာရေး စနစ်အတွင်း မသန်စွမ်းသော လေ့လာသင်ယူသူများကို ထည့်သွင်းပေးရာတွင် ကြီးမားသည့် အောင်မြင်မှုများ ရရှိနိုင်ကာ ထိုမှတစ်ဆင့် လူ့ဘောင်အဖွဲ့အစည်းအတွင်း ပိုမို ပေါင်းစည်းဝင်ရောက်နိုင်ရေး အခြေခံအုတ်မြစ်များ ချပေးနိုင်မည့် ဝင်ပေါက်များကိုလည်း ရှင်းရှင်းလင်းလင်း ညွှန်ပြနေခြင်းလည်း ဖြစ်ပါသည်။

---

၂၀ Ibid.

၂၁ FGD၊ ဂျာမိုင်ကောင်း၊ မြစ်ကြီးနားမျက်မမြင်ကျောင်း (မြစ်ကြီးနား)၊ မြစ်ကြီးနားမျက်မမြင်ကျောင်း (မြစ်ကြီးနား)၊ ၂၀၁၈ အောက်တိုဘာ ၂၆။

၂၂ Ibid.

ပညာရည်အဆင့်အတန်းသည်လည်း မသန်စွမ်းသူများ၏ မိမိကိုယ်မိမိ လေးစားမှုနှင့် ယုံကြည်မှုတို့ကို မြှင့်တင်ပေးရာတွင် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ပါသည်။ မြစ်ကြီးနားမျက်မမြင်ကျောင်းတွင် တွေ့ဆုံမေးမြန်းခဲ့သော အမျိုးသမီးတစ်ဦးက[23] သူမ၏ မသန်စွမ်းမှုများအပေါ် သူမ၏ သဘောထားအမြင်အား ပညာရေးအခွင့်အလမ်းများက ပုံသွင်းပေးပုံကို အောက်ပါအတိုင်း ပြောပြခဲ့ပါသည် -

*"ကျွန်မကိုယ်ကျွန်မ မသန်စွမ်းတဲ့လူလို့ မှတ်ယူထားပါတယ်။ ကျွန်မမှာ အသိဉာဏ်ဗဟုသုတ နည်းစဉ်တုန်းက ကျွန်မဟာ လုံးဝအမြင်ကွယ်နေတယ်လို့ ခံစားခဲ့ရပါတယ်။ ကျောင်းတက်ဖို့ အခွင့်အလမ်း မရခင်က ကျွန်မအတွက် ပိုပြီး ခက်ခဲခဲ့ပါတယ်။ 'အမြင်ကွယ်ရင် တစ်ပန်းရှုံးတယ်၊ နားမကြားရင်တော့ လမ်းဆုံးပြီ' ဆိုတဲ့ ဆိုရိုးစကားတစ်ခု ရှိပါတယ်။ ဒါကြောင့် ကျွန်မကိုယ်ကျွန်မ အရှုံးသမားတစ်ယောက် လို့ပဲ ယူဆခဲ့ပါတယ်။ ဒါပေမဲ့ အခု ကျွန်မ စာရေးတတ်၊ ဖတ်တတ်ပြီ။ ကျွန်မ အလင်းရောင်နဲ့ မျှော်လင့်ချက်တွေကို မြင်ရပြီ။ ဒါကြောင့် အခု ကျွန်မ မလုပ်နိုင်တာတွေကို မစဉ်းစားတော့ဘူး။ ကျွန်မ ဘာလုပ်နိုင်သေးလဲဆိုတာပဲ စဉ်းစားတော့တယ်။"*

ပညာရေးနှင့် လေ့လာသင်ယူနိုင်မှု စွမ်းရည်များသည် ဝိသေသလက္ခဏာများနှင့် မိမိကိုယ်မိမိ ရှုမြင်ပုံများကို ပြောင်းလဲသွားစေသည့် နည်းလမ်းများ ဖြစ်ပါသည်။

## ၃-၃။ အသက်မွေးဝမ်းကျောင်းမှု

ပဋိပက္ခကြောင့် ကိုယ်လက်အင်္ဂါမသန်စွမ်းမှုများ ဖြစ်ရခြင်းအပြင် မသန်စွမ်းသူများအပေါ် ပဋိပက္ခ၏ အကြီးမားဆုံး သက်ရောက်မှုမှာ အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများ ပျက်ပြားသွားခြင်းပင် ဖြစ်ပါသည်။ ပဋိပက္ခနှင့် နေရပ်စွန့်ခွာရွှေ့ပြောင်းရမှုများက ၎င်းတို့၏ ဝင်ငွေများနှင့် အလုပ်အကိုင်များအပေါ် ဆိုးရွားစွာ သက်ရောက်ခဲ့ပါသည်။ ၎င်းတို့၏ ချို့ယွင်းအားနည်းချက်များကြောင့် အခြားဝင်ငွေရလမ်းများ ရှာဖွေရာတွင် အခက်အခဲများကို ပိုမိုရင်ဆိုင်ရပါသည်။ မသန်စွမ်းသူအမျိုးသမီးတစ်ဦးက ပဋိပက္ခကြောင့် မိသားစုပိုင်ဆိုင်မှုများ ဆုံးရှုံးခဲ့ရပုံကို ပြောပြခဲ့ ပါသည် -

*"စစ်မဖြစ်ခင်တုန်းက ကျွန်မတို့က ရွာမှာ ဆိုင်လေးတစ်ဆိုင် ဖွင့်ထားတယ်။ ကိုယ်ပိုင် ဆိုင်လေးရှိတော့ ဝင်ငွေလည်း ပုံမှန်ရှိခဲ့တယ်။ မမျှော်လင့်ဘဲ စစ်ဖြစ်လာတော့ ကျွန်မတို့ဆိုင်ကို ဆုံးရှုံးရပြီး ရစရာရှိတဲ့ အကြွေးတွေလည်း ဆုံးကုန်တယ်။"*[24]

ပဋိပက္ခများဖြစ်ကာ ပစ်ခတ်တိုက်ခိုက်နေသည့် အခြေအနေတွင် စီးပွားရေးလည်ပတ်မှုကို အဟန့်အတားဖြစ်စေသောကြောင့် IDP များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမို နည်းပါးပြီး မသန်စွမ်းသူများအတွက် ပို၍ပင် နည်းပါးသဖြင့် စိတ်ကျဝေဒနာ၊ အရက်စွဲခြင်း၊ အိမ်တွင်းအကြမ်းဖက်မှု၊ မိသားစုပြိုကွဲခြင်း၊ စသည်တို့ ဖြစ်ပေါ်လာပါသည်။ စိတ်ကျရောဂါခံစားရသောအခါ မသန်စွမ်းသူအမျိုးသမီးများသည် ဘာသာရေးဘက်လှည့်ကာ ဖြေသိမ့်ရာရှာကြသော်လည်း အမျိုးသား မသန်စွမ်းသူများကြားတွင် အရက်သောက်ခြင်းကဲ့သို့ လွဲမှားသောနည်းလမ်းများဘက် လှည့်ကြသူ ပိုများသည်ဟု ပြောကြပါသည်။ ဤသည်မှာလည်း အမျိုးသမီးများကို အရက်သောက်ခြင်းမှ တားမြစ်ထားပြီး အမျိုးသားများအတွက် လွတ်လပ်ခွင့်ပိုရသည့် ဂျန်ဒါစံများနှင့် ကိုက်ညီနေပြန်ပါသည်။ နေရပ် စွန့်ခွာရသော မသန်စွမ်းသူများသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဲ့သို့ ၎င်းတို့၏ရိုးရာအစဉ်အလာ အသက်မွေးမှု လုပ်ငန်းများကို လုပ်ကိုင်လိုကြသော်လည်း ထိုလုပ်ငန်းများအတွက် လိုအပ်သည့်နေရာနှင့် မတည်ငွေများ ရရှိနိုင်ခြင်း မရှိဘဲ ဖြစ်နေပါသည်။

သုတေသနအတွက်တွေ့ဆုံမေးမြန်းခဲ့မှုများအရမသန်စွမ်းသူများ၏မသန်စွမ်းမှုများနှင့်ဂျန်ဒါအခန်းကဏ္ဍများဆိုင်ရာ သဘောထားအမြင်များသည် ဝင်ငွေဖန်တီးနိုင်စွမ်း၊ အိမ်ထောင်ပြုနိုင်စွမ်းတို့နှင့် များစွာဆက်နွယ်မှုရှိသည်ကို တွေ့ရပါသည် (အထက်ဖော်ပြပါ အပိုင်း ၃-၁ တွင်လည်း ကြည့်ပါရန်)။ အထူးသဖြင့် အမျိုးသား မသန်စွမ်းသူများသည် ဝင်ငွေရှာနိုင်ပြီး မိသားစုကို ထောက်ပံ့နိုင်သောအခါမှသာ "ပုံမှန်" ဖြစ်သည်ဟု ခံစားရပါသည်။ "သင့်ကိုယ်သင် မသန်စွမ်းသူ တစ်ဦးအဖြစ်

---

၂၃ MBS ၂၊ ၂၀၁၈၊ Op. cit.

၂၄ MRCC ၅၊ ၂၀၁၈၊ Op. cit.

သတ်မှတ်ပါသလား” ဟူသည့် မေးခွန်းအား ဖြေကြားမှုများတွင် ဤအချက်ကို တွေ့ရပါသည်။ ထိုမေးခွန်းအား ဖြေကြားသည့် အဖြေများသည် အမျိုးမျိုးကွဲပြားပါသည်။ ခြေလက် သို့မဟုတ် အခြား ချို့ယွင်းမှုများ ရှိနေသော်ငြားလည်း ဝင်ငွေတစ်ခု ဆက်ရှိနေပြီး အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းကို ဆက်လက် လုပ်ကိုင်နေနိုင်သူများသည် ၎င်းတို့ကိုယ်၎င်းတို့ မသန်စွမ်းသူများအဖြစ် မသတ်မှတ်ကြပါ။ အသက်မွေးဝမ်းကျောင်းမှု လုပ်ငန်းများ မလုပ်ကိုင်နိုင်သူများကမူ ၎င်းတို့ကိုယ်၎င်းတို့ မသန်စွမ်းသူများအဖြစ် သတ်မှတ်နိုင်ခြေ ပိုများပါသည်။ မြစ်ကြီးနား မျက်မမြင်ကျောင်းတွင် ပြုလုပ်ခဲ့သော FGD တစ်ခုတွင် အမျိုးသားများက ၎င်းတို့သည် သွားလာနိုင်စွမ်း၊ လေ့လာသင်ယူနိုင်စွမ်းနှင့် ဝင်ငွေရှာနိုင်စွမ်းများ ရှိခြင်းကြောင့် မသန်စွမ်းသူများ မဟုတ်ဟု ဆိုကြပါသည်။[25] ယင်းသည် ကချင်အမျိုးသားများအပေါ် ထားရှိသည့် ခွန်အားရှိရန်၊ သီးခြားလွတ်လပ်စွာ ရပ်တည်နိုင်ရန်နှင့် မိသားစုကို ရှာဖွေကျွေးမွေးရန်ဟူသည့် မျှော်လင့်ချက်များနှင့် ကိုက်ညီပါသည်။ ထိုအချိန်တွင် FGD ၌ ပါဝင်ဆွေးနွေးသည့် အမျိုးသမီးများကမူ ၎င်းတို့ကိုယ်၎င်းတို့ မည်သို့ရှုမြင်ကြောင်း ပြောဆိုဆွေးနွေးမှု နည်းပါးပြီး မျက်မမြင်ကလေးများကိုယ်စား ပြောဆိုမှု ပိုများပါသည်။ ယင်းသည်လည်း ဂျန်ဒါမျှော်လင့်ချက်များအတိုင်း ကိုယ်ကျိုးမငဲ့ဘဲ တစ်ပါးသူအတွက်သာ ဂရုစိုက်သည့် အခန်းကဏ္ဍကို ရယူထားသည့် အမျိုးသမီးများနှင့် လုံးဝကိုက်ညီမှု ရှိပါသည်။ သို့သော် ယေဘုယျအားဖြင့် ဝင်ငွေရှိခြင်းသည် လူမှုအသိုင်းအဝိုင်း၏ လက်ခံမှုကို ရရှိရန် အဓိကသွန့်ကိန်းတစ်ခု ဖြစ်နေဟန်တူပါသည်။ မသန်စွမ်းသူ အမျိုးသမီးတစ်ဦးက သူမသည် ဝင်ငွေမရှာနိုင်ခင်က ယောက်ျားဘက်မှ ဆွေမျိုးများ၏ ပြဿနာရှာခြင်းကို ခံခဲ့ရပြီး ဝင်ငွေရှိလာသည့် နောက်ပိုင်းတွင် သူမကို လေးလေးစားစား ဆက်ဆံလာကြောင်း ပြောပြပါသည်။

တွေ့ဆုံမေးမြန်းခဲ့သော မသန်စွမ်းသူများအတွက် ပဋိပက္ခသည် အမှီအခိုကင်းစွာ ရပ်တည်နိုင်မှုနှင့် သင့်တင့်သော အသက်မွေးမှု အလုပ်အကိုင်အခွင့်အလမ်းများကို ပျက်သုဉ်းစေခဲ့ပါသည်။ အသက်မွေးမှုအလုပ်အကိုင် ပြဿနာသည် IDP စခန်းများတွင် နေထိုင်သော မသန်စွမ်းသူများအတွက် ပို၍ ကြီးမားပါသည်။ စခန်းမှ ရရှိသော လစဉ်ထောက်ပံ့မှုများမှလွဲ၍ ၎င်းတို့တွင် အလုပ်အကိုင်အခွင့်အလမ်းများ အလွန်နည်းပါးသည် သို့မဟုတ် လုံးဝ မရှိပါ။ ရနိုင်သည့် အလုပ်များမှာလည်း ရာသီအလိုက် ယာယီအလုပ်များသာဖြစ်ပြီး ကိုယ်ကာယနှင့်ရင်းကာ လုပ်ရသော အလုပ်များ ဖြစ်ပါသည်။ KIO ထိန်းချုပ်နယ်မြေများရှိ IDP စခန်းများတွင် နေထိုင်သော မသန်စွမ်းသူများအတွက် အဓိက ရနိုင်သော အလုပ်မှာ ငှက်ပျော၊ ကြံနှင့် လက်ဖက်ကဲ့သို့ သီးနှံတစ်မျိုးတည်း စိုက်ပျိုးသော စိုက်ခင်းများတွင်သာ ဖြစ်ပါသည်။ လက်ဖက်စိုက်ခင်းများတွင် လက်ဖက်ခူးရန်အတွက် အမျိုးသမီး အလုပ်သမားများကို ပိုကြိုက်ကြပါသည်။ အဘယ်ကြောင့်ဆိုသော် လူမှုပုံသွင်းချက်အရ အမျိုးသမီးများသည်အသေးစိတ်အာရုံစိုက်ရသောအလုပ်များကိုပိုမိုလုပ်ကိုင်နိုင်သူများဖြစ်သောကြောင့်ပင်။လက်ဖက်စိုက်ခင်းများသည် တရုတ်ပြည်ဘက်တွင်သာ အဓိက ရှိပါသည်။ ငှက်ပျောစိုက်ခင်းများတွင် အဓိကအလုပ်မှာ ငှက်ပျောခိုင်များ သယ်ရန်နှင့် ပိုးသတ်ဆေးဖျန်းရန်ဖြစ်ပါသည်။ထိုအလုပ်များမှာမူခွန်အားစိုက်ရန်လိုသည့်အတွက်အမျိုးသားများနှင့်ပို၍သင့်တော်သည်ဟု ယူဆပါသည်။ ကြံစိုက်ခင်းများတွင်မူ အမျိုးသမီးများ အဓိက အလုပ်လုပ်ကြပါသည်။ ၂၀၁၅ ခုနှစ်အထိ စိုက်ခင်းများတွင် တစ်နေ့လုပ်ခမှာ ယွမ် ၅၀ သို့မဟုတ် ၆၀ ခန့် ရှိပါသည်။ ယခုအခါ အလုပ်လုပ်လိုသူက အလုပ်ခန့်နိုင်သည်ထက် ပိုများနေသည့်အတွက် လုပ်ခများမှာလည်း ယွမ် ၃၀ အထိ ကျဆင်းသွားပါသည်။

အထက်ဖော်ပြပါအလုပ်များထဲတွင် မသန်စွမ်းသူများ လုပ်နိုင်သည့်အလုပ်တစ်ခုမျှ မရှိပါ။ အလုပ်များမှာ ကိုယ်ကာယအား စိုက်ထုတ်ရပြီး စိုက်ခင်းများမှာလည်း တောင်ကုန်းများပေါ်တွင် ရှိနေပါသည်။ မသန်စွမ်းသူများအတွက် အလုပ်ခွင် အခြေအနေများ ဆိုးရွားသည့်အပြင် ထိုအလုပ်များသည် ရာသီအလိုက်သာ ရှိပြီး အလွန်လည်း နည်းပါးပါသည်။ မြစ်ကြီးနားရှိ IDP စခန်းတစ်ခုတွင် နေထိုင်သော အမျိုးသမီးတစ်ဦးက IDP စခန်းတွင် ခုနစ်ကြာသည်အထိ နေလာခဲ့သည့်တိုင် အလုပ်အကိုင်အတည်တကျ မရနိုင်ပုံနှင့် ဖနီးတစ်ယောက်၊ မိခင်တစ်ယောက်အဖြစ် သူမ ရုန်းကန်လှုပ်ရှားရပုံများကို ပြောပြပါသည် -

*"အစပိုင်းတုန်းက စခန်းကနေ ကျွန်မတို့ ရမယ့် အထောက်အပံ့ဝေစုရဲ့ ၁၀၀%ကို ရပါတယ်။ အခု ကျွန်မက ယာယီအလုပ်လေးတွေ လုပ်နိုင်လာတော့ ၇၀% ပဲ ပေးတော့တယ်။ ကျွန်မ ယောက်ျားနဲ့ ကလေးတွေကို*

၂၅ FGD၊ ရွာမိုင်ကောင်း၊ မြစ်ကြီးနားမျက်မမြင်ကျောင်း (မြစ်ကြီးနား)၊ ၂၀၁၈ စက်တင်ဘာလ ၂၆။

*ထောက်ပံ့နိုင်ဖို့ ကျွန်မ အလုပ်လုပ်ရတယ်။ ယောကျ်ားက ဆေးစွဲနေတော့ ဘာမှ မလုပ်ဘူး။ သူအပြင်ထွက်ရင် ပြဿနာရှာတတ်တော့ သူ့ကို အိမ်မှာပဲ နေဖို့ ပြောရတယ်။ အလုပ်တစ်ခု ရဖို့ အရမ်းကို ခက်ခဲပါတယ်။ ပုံမှန် IDP တွေတောင် အလုပ်ရဖို့ ခက်တာ ကျွန်မတို့ဆို ပိုဆိုးတာပေါ့။ ကျွန်မ IDP စခန်းမှာ နေတာ ခြောက်နှစ်၊ ခုနစ်နှစ်လောက် ရှိပြီ။ ဒါပေမဲ့ အခုထိ အလုပ်အကိုင် အတည်တကျ မရှိသေးဘူး။"*[26]

ဤသည်မှာ အဆိုပါ စိန်ခေါ်မှုများ၏ တစ်ခုနှင့်တစ်ခု အပြန်အလှန်ဆက်နွယ်ချိတ်ဆက်နေမှုကို ဖော်ပြနေပါသည်။ ဂျန်ဒါဝိသေသများက မသန်စွမ်းမှုများ၊ ပဋိပက္ခ၏ သက်ရောက်မှုများနှင့် အပြန်အလှန်ဆက်နွယ်နေခြင်း ဖြစ်ပါသည်။ ထို့ပြင် 'ယာယီ' နေရပ်စွန့်ခွာရသည့် အချိန်ကာလသည် ထိုမျှ ရှည်ကြာသည်ကို တွေ့ရှိရရာ ထိုအချိန် ကာလအား မဟာဗျူဟာကျကျ အသုံးချကာ ၎င်းတို့၏ စွမ်းရည်များကို မြှင့်တင်ပေးခြင်းဖြင့် နေရပ်ပြန်သောအခါ ကျွမ်းကျင်မှုများနှင့် ရွေးချယ်စရာများ ပိုမိုများပြားအောင် လုပ်ဆောင်ပေးရန် အရေးကြီးပုံကိုလည်း ပြသနေ ပါသည်။

အထူးသဖြင့် မုတ်သုန်ရာသီအတွင်းတွင် မသန်စွမ်းသူများသည် ကိုယ်လက်အင်္ဂါမသန်စွမ်းမှုများကြောင့် အပြင်ထွက် အလုပ်လုပ်နိုင်ခြင်း မရှိသဖြင့် ထိုရာသီတွင် အလုပ်မရှိကြပါ။ နွေရာသီနှင့် ဆောင်းရာသီတွင်သာ ၎င်းတို့ အလုပ်လုပ်နိုင်ကြပါသည်။ ထိုရာသီနှစ်ရာသီတွင်ပင် KIO ထိန်းချုပ်နယ်မြေများရှိ စိုက်ခင်းများ၌ အလုပ်ရရန် အလွန်တရာ ခက်ခဲပါသည်။ စိုက်ခင်းပိုင်ရှင်များက လုပ်ခကို လူတိုင်းနှင့် တန်းတူပေးသော်လည်း မသန်စွမ်းသူများကို သိပ်မခိုင်းလိုကြပါ။ မသန်စွမ်းသူများသည် ၎င်းတို့ကို မျက်နှာသာမပေးသည့် အလုပ်အကိုင်ဈေးကွက်တွင် ယှဉ်ပြိုင်ကြရခြင်း ဖြစ်ပါသည်။ မသန်စွမ်းသူ အမျိုးသမီးတစ်ဦးက အခြေအနေအား ဤသို့ ရှင်းပြပါသည် -

*"ဒီစခန်းမှာ ဟင်းသီးဟင်းရွက်စိုက်ဖို့ နေရာ မရှိဘူး။ ဝက်မွေးဖို့ နေရာ မရှိဘူး။ နွေရာသီမှာ ငှက်ပျောခိုင်တွေ သယ်တဲ့ အလုပ်လုပ်ကို လုပ်ဖို့ ငှက်ပျောစိုက်ခင်းကို ကျွန်မတို့ သွားပါတယ်။ ဒါပေမဲ့ နေ့တိုင်း အလုပ်မရဘူး။ ကျွန်မတို့ အရမ်းကို အားစိုက်ကြိုးစားမှ တစ်ပတ်ကို အများဆုံး နှစ်ရက် ဒါမှမဟုတ် သုံးရက်လောက် အလုပ် လုပ်ခွင့်ရပါတယ်။"*[27]

ဥပမာ ခြေတုတပ်ထားရသော မသန်စွမ်းသူ အမျိုးသားတစ်ဦးက ကွင်းပြင်ထဲတွင် တစ်နာရီခွဲထက်ပို၍ အလုပ် လုပ်ရန် မလွယ်ကြောင်း ပြောပြပါသည်။ ချွေးထွက်ခြင်းနှင့် အပူရှိန်ကြောင့် ထိုသို့သော မသန်စွမ်းသူတစ်ဦးအဖို့ အလွန်တရာ ခက်ခဲပင်ပန်းလှသည်ဟု ဆိုပါသည်။[28] မသန်စွမ်းသူ အမျိုးသမီးများအတွက် ကွင်းပြင်ထဲတွင် အလုပ်လုပ်ရန် ပို၍ပင် ခက်ခဲပါသည်။ အလုပ်သဘာဝအရ ကိုယ်ကာယအား လိုပြီး အမျိုးသမီးများနှင့် မသင့်တော်သောကြောင့် ဖြစ်ပါသည်။ ထို့ပြင် ထိုစိုက်ခင်းများတွင် အသုံးပြုသော ပိုးသတ်ဆေးများနှင့် ဓာတ်မြေဩဇာ များကြောင့် ကျန်းမာရေးထိခိုက်မည်ကို စိုးရိမ်ပူပန်မှု များလည်း ရှိပါသည်။[29]

ပဋိပက္ခဇုန်များတွင် နေထိုင်သော မသန်စွမ်းသူများသည် လက်နက်ကိုင်ပဋိပက္ခများ၏ဒဏ်ကို ခံစားကြရသလို မြစ်ကြီးနားကဲ့သို့ ပဋိပက္ခဇုန်မဟုတ်သည့် ဒေသများတွင် နေထိုင်သော မသန်စွမ်းသူများပေါ်တွင်လည်း သက်ရောက်မှု ရှိပါသည်။ မြစ်ကြီးနားမျက်မမြင်ကျောင်းမှ ကျောင်းအုပ်ကြီးက ပဋိပက္ခကြောင့် ကျောင်း၏ အသက်မွေးမှုလုပ်ငန်း အပေါ် ထိခိုက်ပုံကို ဤသို့ ရှင်းပြခဲ့ပါသည် -

*"ပဋိပက္ခကြောင့် မသန်စွမ်းသူ လူဦးရေ တိုးလာပါတယ်။ တစ်ဖက်မှာလည်း ကျောင်းက လက်ခံရရှိတဲ့ အလှူငွေပမာဏက လျော့ကျလာပါတယ်။ ပဋိပက္ခကြောင့် ကျောင်းတီးဝိုင်းကလည်း အပြင်ထွက်ပြီး ရန်ပုံငွေ ရှာလို့*

---

၂၆ BTHC ၂၊ လူတွေ့မေးမြန်းခြင်း၊ ဗက်လင်ဟင် IDP စခန်း (မြစ်ကြီးနား)၊ ၂၀၁၈ အောက်တိုဘာ ၂၂။ သူမသည် ပိုလီယို အကြောသေရောဂါကြောင့် မသန်စွမ်းဖြစ်ခဲ့ရသည့် အသက် ၃၆ နှစ်အရွယ် အမျိုးသမီးတစ်ဦး ဖြစ်ပါသည်။

၂၇ JYC ၁၅၊ လူတွေ့မေးမြန်းခြင်း၊ ဂျဲယန်း IDP စခန်း (လိုင်ဇာ)၊ ၂၀၁၈ စက်တင်ဘာ ၁၅။ သူသည် ပဋိပက္ခကြောင့် လက် တစ်ဖက် ဆုံးရှုံးခဲ့ရသည့် ကိုယ်အင်္ဂါချို့ယွင်းသူ အမျိုးသားတစ်ဦးဖြစ်ပြီး အသက် ၆၀ အရွယ် ရှိပြီဖြစ်သည်။ ကိုယ်ကာယနှင့်ရင်းကာ လုပ်ရသော အလုပ်များကို မသန်စွမ်းသူများ လုပ်နိုင်စွမ်းရှိမှုအပေါ် စိုက်ခင်းပိုင်ရှင်များ၏ အမြင်များကြောင့် ဖြစ်ပါသည်။

၂၈ Ibid.

၂၉ ဂျဲယန်း IDP စခန်းတွင် ပြုလုပ်ခဲ့သော တွေ့ဆုံမေးမြန်းမှုများ၊ ၂၀၁၈

*မရတော့ဘူး။ ပဋိပက္ခကြောင့် ဘယ်မှ သွားလို့မရဘူး။"*[30]

စောင့်ကြည့်လေ့လာသူနှင့် လက်တွေ့ကျင့်သုံးသူအဖြစ် ဤနယ်ပယ်တွင် ကာလရှည်ကြာ လုပ်ကိုင်လာခဲ့ပြီး IDP စခန်းများတွင် မသန်စွမ်းသူများအရေး လုပ်ဆောင်နေသူတစ်ဦးက မသန်စွမ်းသူများ၏ အသက်မွေးဝမ်းကျောင်းမှုအပေါ် ပဋိပက္ခ၏ သက်ရောက်ပုံအား အောက်ပါအတိုင်း အကျဉ်းချုပ် ပြောပြခဲ့ပါသည် -

*"ပဋိပက္ခက မသန်စွမ်းတဲ့သူတွေကို ပိုပြီး မသန်စွမ်းဖြစ်စေပါတယ်။ မွေးရာပါ မသန်စွမ်းသူတွေ ဒါမှမဟုတ် ပဋိပက္ခမဖြစ်ခင်ကတည်းက မသန်စွမ်းသူ ဖြစ်နေပြီး ပဋိပက္ခက လွတ်အောင် ထွက်ပြေးလာရတဲ့သူတွေ အတွက် အခတော်လေးကို ခက်ခဲပါတယ်။ သူတို့ရဲ့ စိတ်ဓာတ်ကို သေချာပေါက် ထိခိုက်စေပါတယ်။ ပဋိပက္ခမဖြစ်ခင်က သူတို့ရွာမှာ မသန်စွမ်းသူတွေ ဖြစ်ကြပေမဲ့ သူတို့မှာ ကိုယ်ပိုင်အလုပ်အကိုင်တွေ ရှိကြတယ်။"*[31]

အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းတစ်ခု မရှိခြင်းသည် ဂျန်ဒါဆိုင်ရာ မျှော်လင့်ချက်များက ဖန်တီးပေးသည့် မသန်စွမ်းသူများ၏ ဝိသေသလက္ခဏာများအပေါ် ပြင်းပြင်းထန်ထန် ထိခိုက်စေပါသည်။ ၂၀၁၂ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်ကြားတွင် မသန်စွမ်းသူများ၏ အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများကို မြှင့်တင်ပေးရန်အတွက် ကာလတို အစီအစဉ်အချို့ ရှိခဲ့ပါသည်။ အသေးစားလက်ယက်ကန်းစင်များ၊ စက်ချုပ်လုပ်ငန်းနှင့် လက်မှုပစ္စည်းများ ထုတ်လုပ်သည့် လုပ်ငန်းများ တည်ထောင်ပေးပါသည်။ သို့သော် ဝမ်းနည်းဖွယ်ကောင်းသည်မှာ ဈေးကွက်နှင့် ကုန်ကြမ်းပစ္စည်းများ မရှိခြင်းကြောင့် ထိုလုပ်ငန်းများ ရပ်လိုက်ရပါသည်။ မသန်စွမ်းသူများသည် ထိုအစီအစဉ်များကို နှစ်သက်သဘောကျစွာ အမှတ်ရနေကြဆဲဖြစ်ပြီး အကယ်၍ အခွင့်အရေးရလျှင် ထိုကဲ့သို့သော ဝင်ငွေဖန်တီးနိုင်သည့် လုပ်ငန်းများအတွက် ပံ့ပိုး ကူညီမှုများကို ပြန်လည် ရယူလိုကြပါသည်။[32]

## ၃-၄။ ဘေးကင်းလုံခြုံမှုနှင့် ကာကွယ်စောင့်ရှောက်မှု

ဤအပိုင်းတွင် လူသားလုံခြုံရေးနှင့် ယင်း၏ ညွှန်ကိန်းများဆိုင်ရာ အခြေခံသဘောတရားကို ရယူတင်ပြထားပါသည်။[33] လူသားလုံခြုံမှုရှုထောင့်မှကြည့်လျှင် IDP စခန်းများတွင် မသန်စွမ်းသူများ ရှိနေခြင်းကပင် ၎င်းတို့ လက်ရှိ ရင်ဆိုင်နေရသော အကျပ်အတည်း၏ ညွှန်ကိန်းတစ်ခု ဖြစ်ပါသည်။ ၎င်းတို့သည် ၎င်းတို့ရွာများမှ ထွက်ပြေးလာစဉ်တွင် လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုအန္တရာယ်များကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်သော်လည်းကောင်း ရင်ဆိုင်ခဲ့ရပါသည်။ စခန်းများတွင် နေထိုင်စဉ်တွင်လည်း အလားတူခြိမ်းခြောက်မှုအန္တရာယ်များအား အနည်းနှင့်အများ ရင်ဆိုင်ကြရပါသည်။ လုံခြုံရေးဆိုင်ရာ တိုက်ရိုက်ခြိမ်းခြောက်မှုများတွင် အကြမ်းဖက်ခံရမှုကြောင့် သေဆုံးခြင်း သို့မဟုတ် အသက်အန္တရာယ် ခြိမ်းခြောက်ခံရခြင်း သို့မဟုတ် ပဋိပက္ခနှင့် မြေမြှုပ်မိုင်းကဲ့သို့ အဖျက်စွမ်းအားကြီးမားသည့် လက်နက်များ အသုံးပြုမှုကြောင့် မသန်စွမ်းမှုများ ပိုမိုဖြစ်စေခြင်းတို့ ပါဝင်ပါသည်။ လုံခြုံရေးဆိုင်ရာ သွယ်ဝိုက် ခြိမ်းခြောက်မှုများတွင် စားနပ်ရိက္ခာ၊ သန့်ရှင်းသော သောက်ရေနှင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုကဲ့သို့ အခြေခံလိုအပ်ချက်များနှင့် ခံစားခွင့်များ လုံလောက်စွာ မရရှိခြင်း၊ အလုပ်လက်မဲ့ဖြစ်ခြင်း၊ အသက်မွေးမှုပြဿနာ၊ နေရပ်စွန့်ခွာရွှေ့ပြောင်းရမှုနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုတို့ ဖြစ်ပါသည်။

အထူးသဖြင့် တပ်မတော်နှင့် KIA ကြား တိုက်ပွဲများ ဖြစ်ပွားနေသည့်ကာလအတွင်း လက်နက်ကြီးကျည်ဆန်များ ကျခြင်း နှင့် ဝေဟင်ဗုံးကြဲမှုများ ကြိုကြားကြိုကြား ရှိခြင်းကြောင့် ပဋိပက္ခဇုန်များရှိ IDP စခန်းများတွင် နေထိုင်ခြင်းသည် လုံခြုံမှု မရှိပါ။ IDP ကလေးများအား လေယာဉ်ပျံပုံဆွဲခိုင်းသောအခါ ကလေးများသည် ခရီးသည်တင် လေယာဉ်ပုံ မဆွဲတတ်ဘဲ

၃၀ L. Gam Hpam၊ ၂၀၁၈၊ Op. cit.

၃၁ H. Nu Ra, ၂၀၁၈ Op. cit.

၃၂ L. Zau Hkam၊ လူတွေ့မေးမြန်းခြင်း၊ ဂျဲယန်း IDP စခန်း မသန်စွမ်း တာဝန်ခံ၊ ၂၀၁၈ စက်တင်ဘာ ၁၇။

၃၃ D.A. Baldwin၊ လုံခြုံရေး၏ အခြေခံသဘောတရား၊ နိုင်ငံတကာ လေ့လာမှုများအား ပြန်လည်သုံးသပ်ခြင်း (The Concept of Security, Review of International Studies)၊ ၂၃ (၁)၊ ၂၀၁၅၊ စာမျက်နှာ ၅မှ ၂၃ နှင့် B. Kanti၊ လူသားလုံခြုံရေး ဟူသည်၊ နိုင်ငံတကာလေ့လာမှုများ၊ (The Idea of Human Security, International Studies)၊ ၃(၃)၊ ၂၀၀၃၊ စာမျက်နှာ ၂၆၅-၇၆ ကိုကြည့်ပါရန်။

ဝေဟင်မှပုံးကြဲသည့် လေယာဉ်ပုံကိုသာ ဆွဲပြပါသည်။ ဤသည်ကို ကြည့်လျှင် ပဋိပက္ခဇုန်တွင် ကြီးပြင်းလာသောကလေးများ၏ အတွေ့အကြုံများက ၎င်းတို့အား မည်သို့ ပုံဖော်ပေးသည်ကို ပြသနေပါသည်။ ထိုအတွေ့အကြုံများမှာ စခန်းများတွင် နေထိုင်သော IDP များသာ ကြုံတွေ့ရသည် မဟုတ်ပါ။ ၎င်းတို့အား အခြေအနေပေးလျှင် နေရပ်သို့ ပြန်လိုပါသလားဟု မေးသောအခါ တွေ့ဆုံမေးမြန်းခဲ့သော မသန်စွမ်းသူ အများစုက လုံခြုံရေးအာမခံချက်အချို့ ရှိမှသာ ပြန်လိုကြောင်း ပြောကြပါသည်။ လက်နက်ကိုင်တပ်ဖွဲ့များ ၎င်းတို့၏ ရွာများအနီးအနားတွင် တပ်စွဲထားသရွေ့၊ မြေမြှုပ်မိုင်းနင်းမိသည့်အဖြစ်များ ဆက်လက်ဖြစ်ပွားနေသရွေ့ ၎င်းတို့ ပြန်မသွားရဲကြပါ။

တာလောကြီးကဲ့သို့ တိုင်းရင်းသားမျိုးစုံ ရောနှောနေထိုင်သော ဒေသများတွင် ရှမ်းနီများသည် နေရပ်ပြန်နိုင်သော်လည်း သို့မဟုတ် ထွက်ပြေးရန် မလိုသော်လည်း ကချင်တိုင်းရင်းသား IDP များမှာ နေရပ်ပြန်ပါက ပိုမို အန္တရာယ်ကြီးပါသည်။ အဘယ်ကြောင့်ဆိုသော် တိုက်ပွဲဖြစ်နေသော ဒေသများတွင် ၎င်းတို့အား KIA သို့မဟုတ် KIA အား သတင်းပေးသူအဖြစ် သံသယဝင်ခံရနိုင်ခြေ ပိုများသောကြောင့် ဖြစ်သည်။ တွေ့ဆုံမေးမြန်းခဲ့သော မသန်စွမ်းသူများက ရွာသို့ပြန်သွားသူများသည် ပုဒ်မ ၁၇/၁ နှင့် ၁၇/၂ တို့ဖြင့် ဖမ်းဆီးခံရမှုများကို ပြောပြကြပါသည်။ အချို့ကလည်း ၎င်းတို့ မရှိချိန်တွင် ၎င်းတို့၏ မြေများအား သိမ်းယူခံရမည်ကို စိုးရိမ်ကြောင်း ပြောကြပါသည်။ ရွှေဇက် IDP စခန်းမှ မသန်စွမ်းသူ အမျိုးသားတစ်ဦးက[34] သူသည် ရွာရှိ သူ၏ ပိုင်ဆိုင်မှုများကို ကာကွယ်စောင့်ရှောက်နိုင်ခြင်း မရှိတော့ကြောင်း ပြောပါသည်။

> *"ကျွန်တော် မသန်စွမ်းသူ ဖြစ်သွားကတည်းက မိသားစုပိုင်မြေကို ပြန်ပြီး မကြည့်နိုင်တော့ဘူး။ တခြားလူတွေက ရံဖန်ရံခါပြန်သွားပြီး ခဏတာ ထွန်ယက်စိုက်ပျိုးပြီးမှ ပြန်လာကြပါတယ်။ ကျွန်တော် စိတ်အပျက်ရဆုံးက ကိုယ့်အိမ်ခြံဝင်းကိုတောင် ပြန်ပြီး သန့်ရှင်းရေး မလုပ်နိုင်တာကိုပါပဲ။ ကျွန်တော်က ဘာအကူအညီမှ မပေးနိုင်တဲ့သူ ဖြစ်နေတယ်။ အဲဒီလိုဖြစ်နေတော့ ကျွန်တော့်မိသားစုပိုင်မြေကို ကျွန်တော်တို့ မရှိတဲ့အချိန်မှာ အိမ်နီးချင်းတစ်ချို့က ယူလိုက်ကြတယ်။ ကျွန်တော်တို့ရဲ့ အိမ်နီးချင်းတွေက ရှမ်းနီတွေ။ သူတို့က ထွက်ပြေးစရာ မလိုဘူး။"*

ရွှေဇက် IDP စခန်းမှ IDP များကလည်း အစိုးရထိန်းချုပ်မှုအောက်ရှိ နယ်မြေသို့ လာရောက်ခြင်းကြောင့် မသန်စွမ်းသူများအပေါ် ကျရောက်နိုင်ခြေရှိသည့် အန္တရာယ်များကို ပြောပြပါသည်။ ကိုယ်လက်အင်္ဂါချို့ယွင်းနေသော အမျိုးသား မသန်စွမ်းသူများသည် ယခင်က လက်နက်ကိုင်တပ်ဖွဲ့ဟောင်းများအဖြစ် မကြာခဏ သံသယဝင်ခံရပြီး စစ်ဆေးရေးဂိတ်များတွင် ခဏခဏ စစ်မေးခံရပါသည်။ ဤသည်မှာ မသန်စွမ်းသူများအတွက် ဆေးကုသစောင့် ရှောက်မှုနှင့် ပညာရေးဝန်ဆောင်မှုများ ရရှိရန် အဓိကအတားအဆီးအဖြစ် ယူဆကြပါသည်။[35]

တရုတ်ပြည်နယ်စပ်တစ်လျှောက်ရှိ IDP စခန်းများတွင် တွေ့ဆုံမေးမြန်းမှုများ၌ သန့်ရှင်းသော ရေနှင့်စပ်လျဉ်းသည့် ပြဿနာအား ထုတ်ဖော်ပြောပြကြပါသည်။ ဖွန်လွမ်ယန် စခန်းမှ မသန်စွမ်းသူအမျိုးသားတစ်ဦးက မြစ်ညာဘက်တွင် ဆင်စခန်းများနှင့် မျှစ်စက်ရုံများ ရှိနေခြင်း၏ အန္တရာယ်ကို ဤသို့ ပြောပြပါသည် -

> *"မြစ်ညာဘက်မှာ ဆင်စခန်းတွေ ရှိတယ်။ မြစ်ရေထဲမှာ ဆင်ချေးတွေ ပါလာတယ်။ ကျွန်တော်တို့က ဒီရေကို ချက်ပြုတ်ဖို့နဲ့ သောက်ရေအဖြစ် သုံးရတယ်။ ရေက မသန့်ဘူး။ စခန်းမှာနေတဲ့သူတွေ ချောင်းထဲမှာ ရေဆင်းချိုးပြီးရင် ပွေးလိုမျိုး အရေပြားရောဂါတွေ ဖြစ်ကြတယ်။"*[36]

မသန်စွမ်းသူ IDP များနှင့် မသန်စွမ်းမဟုတ်သော IDP များကလည်း မြစ်ညာဘက်မှ မျှစ်စက်ရုံများတွင် ဓာတုဗေဒများ အသုံးပြုနေမှုကို စိုးရိမ်ပူပန်ကြပါသည်။ အချို့သော တွေ့ဆုံမေးမြန်းခဲ့သူများက စခန်းတွင် အကြောသေသော လူနာများ နှင့် မသန်စွမ်းသော ကလေးများ အရေအတွက် တိုးလာခြင်းသည် တရုတ်ပြည်ဘက်မှ မကောင်းသော အစားအသောက်များကို စားနေရသောကြောင့်ဟု ယူဆကြပါသည်။ စခန်းတွင် မိမိတို့ဖာသာ ဟင်းသီးဟင်းရွက် စိုက်စားရန်၊ အိမ်မွေးတိရစ္ဆာန်များ

---

၃၄ SZC ၃၊ လူတွေ့မေးမြန်းခြင်း၊ ရွှေဇက် IDP စခန်း (မြစ်ကြီးနား)၊ ၂၀၁၈ အောက်တိုဘာ ၁၈၊ ဆေးကုသစောင့်ရှောက်မှု မရှိသောကြောင့် လေဖြတ်ရောဂါ ခံစားနေရသူ အသက် ၄၇ နှစ်ရှိ အမျိုးသား။

၃၅ Ibid.

၃၆ HLYC ၂၊ ၂၀၁၈၊ Op. cit.

မွေးမြူရန် နေရာမရှိခြင်းကြောင့် ထိုအစားအစာများကို စားနေရခြင်း ဖြစ်သည်။ တစ်ဖက်တွင်လည်း စခန်းအနီးဝန်းကျင်ရှိ စိုက်ခင်းများတွင် ပိုးသတ်ဆေးများ အသုံးပြုနေမှုကြောင့် ပတ်ဝန်းကျင် ညစ်ညမ်းမှုများကို စိုးရိမ်ပူပန်ကြပါသည်။ ထိုသို့ ပတ်ဝန်းကျင်ညစ်ညမ်းမှုကြောင့် အနာဂတ်မျိုးဆက်များတွင် မသန်စွမ်းသူများ တိုးလာမည်ကို စိုးရိမ်နေကြပါသည်။

KIO ထိန်းချုပ်သော ဒေသများရှိ စခန်းများမှ ဆေးခန်းများတွင် အထွေထွေကျန်းမာရေးစောင့်ရှောက်မှုများကို မသန်စွမ်းသူများ ရယူနိုင်သော်လည်း ဆေးခန်းမှ ရရှိသည့် ကျန်းမာရေးစောင့်ရှောက်မှုများသည် ရောဂါကြီးများကို မကုသ ပေးနိုင်ပါ။ အစိုးရထိန်းချုပ်မှုအောက်ရှိ IDP စခန်းများတွင် KIO ဆေးရုံထက် ပိုကောင်းသော အစိုးရ၏ အထွေထွေဆေးရုံမှ ကုသစောင့်ရှောက်မှုများကို ရယူခွင့်ရှိပါသည်။ KIO ထိန်းချုပ်သည့် နယ်မြေတစ်ခုမှ မသန်စွမ်းသော အမျိုးသားတစ်ဦးက အထူးကု ကျန်းမာရေးစောင့်ရှောက်မှုများ လိုအပ်ပုံကို အောက်ပါအတိုင်း အကျဉ်းချုပ်ပြောပြပါသည် -

*"အထွေထွေကျန်းမာရေးစောင့်ရှောက်မှုကို ရဖို့အတွက် အတားအဆီးမရှိပေမဲ့ အဲဒါက မထိရောက်ပါဘူး။ မကြာသေးခင်က ကျွန်တော့်သား ငှက်ဖျားမိပြီး သူတို့ ကောင်းကောင်း မကုနိုင်တော့ ငှက်ဖျားပိုးက ဦးနှောက်ထဲ ရောက်သွားတယ်။ အခြေအနေက တော်တော်စိုးရိမ်ရတယ်။ ကျွန်တော့်ခြေထောက်လည်း ခွဲစိတ်တာ နှစ်ကြိမ်ရှိပြီ။ ကောင်းမလာသေးဘူး။ ဆရာဝန်က ကျွန်တော် တတိယအကြိမ် ခွဲဖို့ မဖြစ်နိုင်တော့ဘူးလို့ ပြောတယ်။ အဲဒါကြောင့် အခုတော့ တိုင်းရင်းဆေးပဲ အားကိုးနေရတယ်။ ဒါပေမဲ့ ခြေထောက်အရိုးစတွေက ထွက်နေတုန်းပဲ။ ဇာဂနာနဲ့ ဆွဲထုတ်နေရတယ်။"*[37]

ဝန်ဆောင်မှုပေးသူများ၊ စခန်းကော်မတီများနှင့် တွေ့ဆုံမေးမြန်းမှုများတွင် ၎င်းတို့က SGBV နှင့်ပတ်သက်သော ကြီးကြီးမားမား ဖြစ်ရပ်များ မရှိဟု ဆိုပါသည်။ ယခုအချိန်အထိ SGBV အကြမ်းဖက်မှုများအား ကာကွယ်ရန် သို့မဟုတ် တုံ့ပြန်ဆောင်ရွက်ပေးရန် ကာကွယ်စောင့်ရှောက်ပေးသည့် ယန္တရားများ မရှိသေးပါ။ သို့သော် ထိုသို့ဆို၍ စခန်းပတ်ဝန်းကျင်သည် မသန်စွမ်းသူများ၊ အထူးသဖြင့် မိန်းကလေးငယ်များအတွက် ထိုအန္တရာယ်များ ကင်းဝေးကာ ဘေးကင်းလုံခြုံသည်ဟု ယူဆ၍ မရပါ။ လူမှုအသိုင်းအဝိုင်းက ထိုကိစ္စအား လူသိရှင်ကြားဖြစ်အောင်၊ အများမြင်သာအောင် မလုပ်လို၍ ထိုသို့ ပြောဆိုကြသည်ဟု ယူဆရပါသည်။ လူမှုအသိုင်းအဝိုင်းက အချို့သော နစ်နာမှုများ၊ အထူးသဖြင့် အကြမ်းဖက်ခံရသူများကို ထိုအကြောင်း ထုတ်မပြောရန် တားမြစ်ခြင်းမျိုး ရှိကောင်း ရှိနိုင်ပါသည်။ အထူးသဖြင့် မသန်စွမ်းသူ မိန်းကလေးငယ်များသည် ၎င်းတို့မိဘများ စခန်းမှထွက်ကာ နေ့စားအလုပ် သွားလုပ်သောအခါတွင် လုံခြုံမှု မရှိကြပါ။ ပိတောက်မြိုင် IDP စခန်းမှ ထိုအဖြစ်မျိုးကြုံရသူတစ်ဦး၏ မိခင်က ဤသို့ ပြောပြပါသည် -

*"ပြောပြရမှာ ရှက်ဖို့ကောင်းပါတယ်။ အနီးအနားမှာ နေတဲ့ လူယုတ်မာတစ်ယောက်က ကျွန်မသမီးကို နှောင့်ယှက်ဖို့ ကြိုးစားခဲ့တယ်။ ကလေးက အရမ်းကြောက်ပြီး ထွက်ပြေးရတယ်။ ဒါတောင် ဘေးကလူ တွေက ဘာမှမဖြစ်ပါဘူးလို့ပဲ တွင်တွင်ပြောနေကြတယ်။ ကျွန်မယောက်ျားနဲ့ ကျွန်မ စခန်းအပြင် ထွက်ပြီး နေ့စားသွားလုပ်တဲ့အချိန်မှာ ဖြစ်တာ။ သူ့ကို ကလေးအငယ်တွေနဲ့ ထားခဲ့ရတာလေ။ ကျွန်မ တို့ ဒါကို ဘယ်လိုထုတ်ပြောရမလဲ မသိဘူး။ ဘေးကလူတွေက ကျွန်မတို့ကိုပဲ အပြစ်တင်ကြတယ်။ ဒီလောက်ထင်ရှားနေတာကို သူတို့က ဘာမှမဖြစ်ဘူးလို့ ပြောတယ်။ ကျွန်မတို့မှာ အဲဒီလို ခါးသီးတဲ့ အတွေ့အကြုံတွေ ခံစားနေရတယ်။"*[38]

ဤနေရာတွင် SGBV ၏ အန္တရာယ်များအကြောင်းနှင့် ဂျန်ဒါညီမျှမှုအကြောင်း အသိပညာဖြန့်ဝေမှုများ ပိုမို ပြုလုပ်ပေးရန် လိုအပ်ပါသည်။ ထို့ပြင် ဤပြဿနာနှင့်စပ်လျဉ်း၍ အပြန်အလှန်ပံ့ပိုးကူညီသည့် အဖွဲ့များ ဖွဲ့စည်းနိုင်မည့် နည်းလမ်းများကို ရှာဖွေရပါမည်။ ဥပမာ မသန်စွမ်းသူဖြစ်စေ၊ မသန်စွမ်းမဟုတ်သူဖြစ်စေ မိန်းကလေးငယ်များကို အလှည့်ကျ စောင့်ရှောက်ပေးသည့် ဌာနများ ဖွင့်လှစ်ရန် သို့မဟုတ် တစ်ဦးနှင့်တစ်ဦး ကူညီစောင့်ရှောက်ပေးနိုင်သည့် စနစ်များ တည်ထောင်ရန် ဖြစ်ပါသည်။

---

၃၇ JYC ၈၊ လူတွေ့မေးမြန်းခြင်း၊ ဂျဲယန်း IDP စခန်း၊ ၂၀၁၈ စက်တင်ဘာ ၁၅။ သူသည် ကိုယ်လက်အင်္ဂါချို့ယွင်းနေသော အသက် ၅၀ အရွယ် အမျိုးသားတစ်ဦး ဖြစ်ပါသည်။

၃၈ PDMC ၁၊ လူတွေ့မေးမြန်းခြင်း၊ ပိတောက်မြိုင် IDP စခန်း (မြစ်ကြီးနား)၊ ၂၀၁၈ အောက်တိုဘာ ၁၆။ သူမသည် ပိုလီယိုကြောင့် မသန်စွမ်းဖြစ်ခဲ့ရသော ၁၉ နှစ်အရွယ် မိန်းကလေးတစ်ဦး ဖြစ်ပါသည်။

ထို့ပြင် အခြေအနေအတော်များများတွင် မသန်စွမ်းသူ အမျိုးသားများနှင့် ယောကျာ်းလေးများ၊ အထူးသဖြင့် စကားမပြောနိုင်သူ သို့မဟုတ် ဉာဏ်ရည်မသန်စွမ်းသူများသည် SGBV ကျူးလွန်ရန် ပစ်မှတ်ထားခံရနိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် အကြမ်းဖက်ခံရခြင်းကို ပြန်မပြောနိုင်သူများ သို့မဟုတ် ၎င်းတို့ပြောလျှင် လူများက ယုံကြည်မည်မဟုတ်ဟု ယူဆသောကြောင့် ဖြစ်ပါသည်။ ယောကျာ်းပီသမှုလက္ခဏာများနှင့်စပ်လျဉ်း၍ ပုံသေကားကျ သတ်မှတ်ထားသော စံများနှင့် မကိုက်ညီသည့် မသန်စွမ်းသူ အမျိုးသားများ သို့မဟုတ် ယောကျာ်း လေးများသည်လည်း အိမ်တွင်းအကြမ်းဖက်မှု၏ သားကောင်များ ဖြစ်လာနိုင်ပါသည်။ ဤသုတေသနတွင် အမျိုးသား မသန်စွမ်းသူတစ်ဦးအကြောင်း ကြားသိခဲ့ရပါသည်။ ထိုအမျိုးသား၏ မိန်းမဘက်မှ ပါလာသော သားသည် မသန်စွမ်းသည့် ၎င်း၏ ပထွေးအား အမြဲအကြမ်းဖက် တိုက်ခိုက်သည်ဟု သိရပါသည်။ ပထွေးအား ရိုက်နှက်ခြင်း၊ လည်ပင်းကို ဓားဖြင့်လှီးခြင်းတို့ ပြုလုပ်ပါသည်။ ထိုသူမှာ ဘေးကင်းရန်အတွက် ဘုန်းကြီးကျောင်းတွင် သွားနေရပါသည်။ အမျိုးသားများအပေါ် မိသားစု၏ အကြမ်းဖက်မှုများသည် အမှန်တကယ်ဖြစ်ပွားလျက်ရှိပြီး ထို အကြောင်းကို ထုတ်ဖော်ပြောဆိုလျှင်လည်း ကဲ့ရဲ့ရှုတ်ချခြင်းခံရနိုင်ခြေသာ ပိုများပါသည်။ SGBV အကြောင်း အသိပညာဖြန့်ဝေမှုများအတွက် ဘေးကင်းလုံခြုံသော နေရာများ၊ အခွင့်အလမ်းများ ဖန်တီးပေးရန် ကြိုးပမ်းရာတွင် အမျိုးသားများနှင့် ယောကျာ်းလေးများအတွက်ပါ ထည့်သွင်းဆောင်ရွက်ပေးသင့်ပြီး ၎င်းတို့ထဲမှ အကြမ်းဖက်ခံရနိုင်ခြေရှိသူများကို ကမ်းလင့်ကြိုဆိုကာ ပံ့ပိုးကူညီသင့်ပါသည်။

## ၃-၅။ ငြိမ်းချမ်းရေးနှင့် ပဋိပက္ခဆိုင်ရာ သဘောထားအမြင်များ

"ကျွန်မအတွက် ငြိမ်းချမ်းရေးဆိုတာ ကျွန်မတို့ရွာမှာ ပျော်ပျော်ရွှင်ရွှင် နေထိုင်နိုင်တဲ့ အခြေအနေတွေလို့ အဓိပ္ပါယ်ရပါတယ်။"[39] IDP စခန်းများတွင် နေထိုင်သော မသန်စွမ်းသူများက ငြိမ်းချမ်းရေးဆိုသည်မှာ အခြေခံလိုအပ်ချက်များ ပြည့်စုံ၍ ဘေးကင်းလုံခြုံမှုဟု အဓိပ္ပါယ်ဖွင့်ကြပါသည်။ ၎င်းတို့အတွက် ငြိမ်းချမ်းရေးဆိုသည်မှာ ထမင်းနပ်မှန်အောင် စားနိုင်မှု၊ လွတ်လပ်စွာ သွားလာနိုင်မှု၊ မိမိခြေထောက်ပေါ် မိမိ ရပ်တည်နိုင်မှု၊ စစ်ပွဲပြီးဆုံးမှုနှင့် အိမ်ပြန်နိုင်မည့် အခြေအနေဟူသည့် အဓိပ္ပါယ်များ ရပါသည်။ ၎င်းတို့အတွက် ငြိမ်းချမ်းရေးသည် ၎င်းတို့၏ နေ့စဉ်ဘဝအပေါ် ကြီးစွာ သက်ရောက်မှုရှိသော လက်တွေ့ကျသည့် အယူအဆတစ်ခု ဖြစ်ပါသည်။

မသန်စွမ်းသူအမျိုးသမီးတစ်ဦးက ငြိမ်းချမ်းရေးအား လူများ၊ မိသားစု၊ ရပ်ရွာနှင့် နိုင်ငံကြား သဟဇာတမျှတသည့် ဆက်ဆံရေးတစ်ခုအဖြစ် အဓိပ္ပါယ်ဖွင့်ပါသည် -

*"ငြိမ်းချမ်းရေးဆိုတာ လူတစ်ယောက်နဲ့ မိသားစုကြား၊ လူတစ်ယောက်နဲ့ မိတ်ဆွေသူငယ်ချင်းတွေကြား ပျော်ရွှင်စရာကောင်းတဲ့ ဆက်ဆံရေး ရှိနေတာပါ။ လွတ်လွတ်လပ်လပ်နဲ့ ဘေးအန္တရာယ်ကင်းကင်း ခရီးသွားလာနိုင်ပြီဆိုရင် တိုင်းပြည်တိုးတက်နေပြီဆိုတာ ခံစားလို့ရမှာပါ။"*[40]

မသန်စွမ်းသူအမျိုးသား နောက်တစ်ဦးအတွက်မူ "ငြိမ်းချမ်းရေးဆိုတာ ဘေးကင်းလုံခြုံမှုနှင့် ဘဝသာယာအဆင်ပြေမှုအတွက် ဝင်ပေါက်တစ်ခု ဖြစ်ပါတယ်" ဟု ဆိုပါသည်။ ၁၇ နှစ်တာ အပစ်အခတ်ရပ်စဲခဲ့သည့် ကာလအတွင်း က ရရှိခဲ့သည့် ငြိမ်းချမ်းရေးမျိုးကို သူ မနှစ်သက်ခဲ့ကြောင်း ဤသို့ ပြောပြပါသည် -

*"ငြိမ်းချမ်းရေးအကြောင်း ပြောမယ်ဆိုရင် ၁၇ နှစ်ကြာ အပစ်အခတ်ရပ်စဲထားစဉ်ကာလက ငြိမ်းချမ်းရေးမျိုးကို ကျွန်တော် မကြိုက်ဘူး။ အဲဒီအချိန်တုန်းက ကျွန်တော်တို့ မြေမှာ ကျွန်တော်တို့ ရင်းနှီးမြှုပ်နှံထားခဲ့တာတွေကို တောင် ကျွန်တော်တို့ ပြန်မခံစားခဲ့ရပါဘူး။ ကျွန်တော် လိုချင်တဲ့ ငြိမ်းချမ်းရေးမျိုးက ရေရှည်တည်တံ့ပြီး ကျွန်တော်တို့တွေ ဘေးကင်းလုံခြုံစွာနဲ့ ပျော်ပျော်ရွှင်ရွှင် နေသွားနိုင်တဲ့ ငြိမ်းချမ်းရေးမျိုးပါ။ တစ်သက်လုံးတည်မြဲတဲ့ ငြိမ်းချမ်းရေးကိုပဲ လိုချင်ပါတယ်။ ယာယီငြိမ်းချမ်းရေးမျိုး မလိုချင်ဘူး။"*[41]

---

၃၉ MRCC ၅၊ ၂၀၁၈ Op. cit.

၄၀ MBS ၃၊ ၂၀၁၈ Op. cit.

၄၁ JYC ၅၊ ၂၀၁၈၊ Op. cit.

ထိုသူကပင် ငြိမ်းချမ်းရေးအား လွတ်လပ်စွာ သွားလာနိုင်မှုအဖြစ် အဓိပ္ပါယ်ဖွင့်ပါသည် - "ငြိမ်းချမ်းရေးလို့ ပြောရင် ဘယ်နေရာကိုမဆို ဘေးကင်းစွာနဲ့ လွတ်လွတ်လပ်လပ်သွားနိုင်တာကို ဆိုလိုတာပါ"[42] ဟု ဆိုလေသည်။ လူများသည် ကောင်းကောင်းမွန်မွန် လုပ်ကိုင်စားသောက်နိုင်ပြီး ၎င်းတို့၏ ဝိသေသအကြောင်းအချက်များ မည်သို့ပင် ရှိစေကာမူ ၎င်းတို့ အားလုံး၏လူ့အခွင့်အရေးများကို လေးစားစောင့်ရှောက်ပေးသည့် ငြိမ်းချမ်းရေးမျိုးကို လိုလားလျက်ရှိကြပါသည်။

မသန်စွမ်းသူများ၊ အထူးသဖြင့် အရပ်သား မသန်စွမ်းသူများက ပဋိပက္ခအား နားလည်မှုလွဲခြင်း၊ လောဘ၊ အကျင့်ဆိုးများ၊ တစ်ဦးနှင့်တစ်ဦး အပေးအယူညှိနှိုင်းနေထိုင်ခြင်း မရှိမှုတို့မှ ထွက်ပေါ်လာသော မလိုလားအပ်သည့် မကောင်းဆိုးဝါးအဖြစ် ရှုမြင်ကြပါသည်။[43]၎င်းတို့အဖို့ ပဋိပက္ခသည် ဖြတ်သန်းသွားရာ လမ်းတစ်လျှောက် အရာရာတိုင်းကို နင်းခြေဖျက်ဆီးသွားသည့် စက်ယန္တရားကြီးတစ်ခုပင် ဖြစ်ပါသည်။ ဂျဲယန်း IDP စခန်းမှ အမျိုးသား မသန်စွမ်းသူ တစ်ဦးက အောက်ပါအတိုင်း ပြောပါသည် -

*"ပဋိပက္ခကြောင့် ပြဿနာတွေအများကြီး ဖြစ်လာပါတယ်။ ကျွန်တော်တို့ ဘာမှ မလုပ်နိုင်ကြပါဘူး။ အထူးသဖြင့် မသန်စွမ်းတဲ့သူတွေ ဘာမှ လုပ်လို့မရပါဘူး။ စစ်သာမရှိရင် အားလုံး အဆင်ပြေသွားမှာပါ။ ပဋိပက္ခကြောင့် ကျွန်တော်တို့လို မသန်စွမ်းသူတွေ ပိုများလာတယ်။"*[44]

မသန်စွမ်းသူများအတွက် ပဋိပက္ခသည် မကောင်းဆိုးဝါးတစ်ကောင်ဖြစ်ပြီး ၎င်းတို့၏ မျှော်လင့်ချက်များနှင့် အိပ်မက်များ ကို ပျောက်ဆုံးစေသည့်အရာ ဖြစ်သည်။ သူတို့သည် အနာဂတ်အတွက် မည်သည့်အစီအစဉ်မျှ မရေးဆွဲနိုင်ကြပါ။ ကောင်းမွန်သည့် မိသားစုဘဝတစ်ခုကိုလည်း မရရှိနိုင်ပါ။ အချို့အတွက်ဆိုလျှင် ပဋိပက္ခသည် အိမ်ထောင်ပြုနိုင်မည့် အခွင့်အလမ်းကို ပျက်ပြယ်သွားစေပါသည်။ ပဋိပက္ခသာ မဖြစ်ခဲ့လျှင် ထိုမသန်စွမ်းပုဂ္ဂိုလ်သည် အိမ်ထောင်ပြုကာ မိသားစုတစ်ခု ရှိနေပြီဖြစ်ပါသည်။ သူသည် မြေမြှုပ်မိုင်းကြောင့် မသန်စွမ်းသူတစ်ဦး ဖြစ်ခဲ့ရသည်။ သူ၏ မိဘများက သူ့အား အိမ်ထောင်ပြုစေလိုသော်လည်း သူ၏ မသန်စွမ်းသော ဘဝအခြေအနေကြောင့် အိမ်ထောင်ပြုလိုစိတ် မရှိတော့ပါ။ ဂျဲယန်း IDP စခန်းမှ အခြားမသန်စွမ်းသူအမျိုးသားတစ်ဦးကလည်း ဤသို့ ပြောပါသည် -

*"စစ်မဖြစ်မီက ကျွန်တော်တို့ရွာနဲ့ ကျွန်တော်တို့ မိသားစုတွေအတွက် အစီအစဉ်တွေ အတူတူဆွဲခဲ့ကြတယ်။ ဒါပေမဲ့ အခုတော့ ဒီပဋိပက္ခကြောင့် ကျွန်တော်တို့ရဲ့ မျှော်လင့်ချက်တွေအားလုံးကို စွန့်လွှတ်လိုက်ရတယ်။"*[45]

တွေ့ဆုံမေးမြန်းခဲ့သည့် အရပ်သား မသန်စွမ်းသူ အများစုက ငြိမ်းချမ်းရေးကို အမြန်ဆုံး ရလိုကြပါသည်။ သို့မှသာ သူတို့ အိမ်ပြန်နိုင်ကြမည်ဖြစ်သည်။

အရပ်သား မသန်စွမ်းသူများနှင့်မတူဘဲ စစ်မှုထမ်းဟောင်း မသန်စွမ်းသူများ၏ ပဋိပက္ခအပေါ် ထားရှိသည့် သဘောထားအမြင်သည် နိုင်ငံရေးနှင့်ပို၍ နီးနွယ်ပါသည်။ စစ်ဆိုသည်မှာ မလိုလားအပ်သည့် မကောင်းဆိုးဝါးဟု ယူဆရန် မလိုဟု ၎င်းတို့က မြင်ပါသည်။ အချို့ဆိုလျှင် စစ်ဆိုသည်မှာ လိုအပ်ပြီး ကချင်လူမျိုးများအား ပိုမို စည်းလုံးကာ နိုင်ငံရေးအမြင် ပိုမိုနိုးကြားနေစေမည့် အရာဟုပင် မြင်ပါသည်။ ၎င်းတို့သည် ခြေလက်အင်္ဂါများ ဆုံးရှုံးခဲ့ရသည့် အတွက် ၎င်းတို့ ပေးဆပ်ခဲ့ရသည့် အရေးကိစ္စနှင့် ပန်းတိုင် အောင်မြင်ပြည့်မြောက်ရန် အဆုံးထိ တိုက်ပွဲဝင်သွား ရန် ဆန္ဒရှိကြပါသည်။[46]

---

၄၂ Ibid.

၄၃ HLYC ၁၊ လူတွေ့မေးမြန်းခြင်း၊ ဖွန်လွမ်ယန် IDP စခန်း၊ ၂၀၁၈ စက်တင်ဘာ ၂၀။ သူသည် မသန်စွမ်းမှု တစ်ခုထက်မက ရှိသော အသက် ၅၈ နှစ်အရွယ် အမျိုးသားတစ်ဦး ဖြစ်ပါသည်။

၄၄ JYC ၂၆၊ လူတွေ့မေးမြန်းခြင်း၊ ဂျဲယန်း IDP စခန်း၊ ၂၀၁၈ စက်တင်ဘာ ၁၇။ သူသည် မသန်စွမ်းမှုတစ်ခု ထက်မက ရှိသော အသက် ၃၀ နှစ်အရွယ် အမျိုးသားတစ်ဦး ဖြစ်ပါသည်။

၄၅ JYC ၁၅၊ ၂၀၁၈၊ Op. cit.

၄၆ FGD၊ ဘွမ်ဆစ် IDP စခန်း (မိုင်ဂျာယန်)၊ ၂၀၁၈ စက်တင်ဘာ ၂၅။

# ၄။ သုံးသပ်ချက်နှင့် အကြံပြုချက်များ

ဤသုတေသနတွင် မသန်စွမ်းသူများအကြောင်းနှင့် ၎င်းတို့အပေါ် ကျရောက်နေသည့် ဂျန်ဒါနှင့်စပ်လျဉ်းသော ပဋိပက္ခ၏ အကျိုးသက်ရောက်မှုများကို ပိုမိုနားလည်သိရှိနိုင်ရေးတွင် ရှိနေသည့် ကွာဟချက်များကို ဖြည့်ဆည်းပေးရန် ကြိုးပမ်းထားပါသည်။ ကနဦးဆန်းစစ်လေ့လာမှုတွင် လက်ရှိဆောင်ရွက်ပေးလျက်ရှိသည့် အခြေခံအကျဆုံး အဆင့်ရှိ ဝန်ဆောင်မှုများသည် ဂျန်ဒါရှုထောင့် သို့မဟုတ် မသန်စွမ်းမှုများအပေါ် လူ့ဘောင်အဖွဲ့အစည်းမှ ထားရှိသော အမြင်တို့ကို ထည့်သွင်းစဉ်းစား လုပ်ဆောင်ပေးနေခြင်း မရှိကြောင်း တွေ့ရှိခဲ့ပါသည်။ ထိုရှုထောင့် များမှ ချဉ်းကပ်ဆောင်ရွက်ပေးရန် အရေးတကြီး လိုအပ်လျက်ရှိပြီး ထိုသို့ ဆောင်ရွက်ပေးနိုင်ရန်အတွက် ဝန်ဆောင်ပေးသူများ၊ စခန်းမှ စေတနာ့ဝန်ထမ်း လုပ်အားပေးများနှင့် မသန်စွမ်းသူများ ကိုယ်တိုင်အား စွမ်းရည်မြှင့်တင်မှုများ ပြုလုပ်ပေးရန် လိုအပ်ပါသည်။ စွမ်းရည်မြှင့်တင်မှုများတွင် ဂျန်ဒါညီမျှမှုဆိုင်ရာ အခြေခံမော်ဂျူးများ၊ မသန်စွမ်းမှုဆိုင်ရာ အသိပညာများ၊ ၎င်းတို့အပေါ် ပဋိပက္ခ၏ အကျိုးသက်ရောက်မှုများအကြောင်း ဆွေးနွေးမှုများနှင့် ငြိမ်းချမ်းရေးကို ပံ့ပိုးပေးနိုင်မည့်၊ လူ့အခွင့်အရေးများကို ပိုမို လေးစားလိုက်နာအောင် လုပ်ဆောင်နိုင်မည့် အခွင့်အလမ်းများ ရှာဖွေခြင်းတို့ ပါဝင်သင့်ပါသည်။

လတ်တလောတွင် မသန်စွမ်းသူများသည် ၎င်းတို့၏ ဘဝများနှင့် အသက်မွေးမှုလုပ်ငန်းများအပေါ် ပဋိပက္ခ၏ သက်ရောက်မှုအမျိုးမျိုးအား ခံစားနေရပါသည်။ မြေမြှုပ်မိုင်းများ သို့မဟုတ် ပဋိပက္ခနှင့်စပ်လျဉ်းသော အကြမ်းဖက်မှုများကြောင့် ခြေလက်အင်္ဂါများ ဆုံးရှုံးရခြင်းမှစ၍ ပစ်ခတ်တိုက်ခိုက်မှုများကြောင့် အစုလိုက် နေရပ်စွန့်ခွာပြေးရခြင်းအထိ အမျိုးမျိုးသော အကျိုးသက်ရောက်မှုများကို ခံစားရပါသည်။ နေရပ်စွန့်ခွာထွက်ပြေးရမှုက အမျိုးသား မသန်စွမ်းသူများရော၊ အမျိုးသမီး မသန်စွမ်းသူများအတွက်ပါ မသန်စွမ်းမှုကို ကျော်လွှားသည့် နည်းလမ်းများနှင့် ဝင်ငွေဖန်တီးသည့် စနစ်များကို ပျက်ပြား သွားစေပြီး မိသားစုဆက်ဆံရေးအခြေအနေများအပေါ် ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်စေပါသည်။ မသန်စွမ်းသူများနှင့် ၎င်းတို့၏ မိသားစုများက စီးပွားရေးအကျပ်အတည်းများနှင့် ယောကျ်ားပီသမှု ဆိုင်ရာ မျှော်လင့်ချက်များကို ပြည့်မီအောင် ဆောင်ရွက်နိုင်စွမ်း မရှိမှုတို့ကို ရင်ဆိုင်ရသောအခါ စိတ်ကျဝေဒနာနှင့် မျှော်လင့်ချက်ကင်းမဲ့မှုကဲ့သို့သော စိတ်ကျန်းမာရေး ပြဿနာများ အတွေ့ရများကြောင်း ပြောပြကြပါသည်။ ဖိအားများအောက်တွင် မိသားစုစည်းလုံးညီညွတ်မှုအတွက် စိန်ခေါ်မှု များနှင့် မိသားစုပြိုကွဲနိုင်သည့် အန္တရာယ်များ အကြောင်းကိုလည်း မကြာခဏ ကြားသိရပါသည်။

မသန်စွမ်းသူများသည် အသက်အရွယ်မရွေး၊ ၎င်းတို့၏ သားသမီးများနှင့် မိသားစုများပါမကျန် မသိနားမလည်မှု၊ ပုံသေကားချပ် အတွေးအခေါ် အယူအဆများနှင့် ကြောက်ရွံ့မှုများမှ အမြစ်တွယ်လာသော ခွဲခြားဆက်ဆံမှုနှင့် ကဲ့ရဲ့ရှုတ်ချမှုများကို ရင်ဆိုင်ကြရပါသည်။ မသန်စွမ်းမှုများနှင့် ဂျန်ဒါမညီမျှမှုများအား လူမှုအဖွဲ့အစည်းက မည်သို့ရှုမြင်သဘောထားကြောင်းနှင့် အားလုံးပါဝင်နိုင်မှု၊ မသန်စွမ်းသူများကို ကြိုဆိုလက်ခံနိုင်မှုနှင့် အပြန်အလှန်ပံ့ပိုးကူညီမှုတို့ ရရှိအောင် မည်သို့ ပံ့ပိုးကူညီရမည် ဆိုသည်ကို အသိပညာဖြန့်ဝေမှုများ ပြုလုပ်ပေးရန် များစွာလိုအပ်နေပြီး ထိုသို့ ပြုလုပ်ပေးမည်ဆိုပါက ရရှိမည့် အကျိုးကျေးဇူး မှာလည်း ကြီးမားလှပါသည်။ အရပ်ဖက်လူမှုအဖွဲ့အစည်းနှင့် ဘုရားကျောင်းများသည် ဤအတွက် ပါဝင်ဆောင်ရွက် ပေးနိုင်ပါသည်။

မြန်မာနိုင်ငံတွင် လက်ရှိ ဆောင်ရွက်ဆဲဖြစ်သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်းတွင် မသန်စွမ်းသူများအပါအဝင် နိုင်ငံသားများအားလုံးအတွက် ရေရှည်တည်တံ့မည့် ငြိမ်းချမ်းရေး ရရှိအောင် တစ်ဖက်တစ်လမ်း ပါဝင်ကူညီပေးလိုပါက ပါဝင်နိုင်မည့် အခွင့်အလမ်းများနှင့် စွမ်းဆောင်ခွင့်များ ပေးထားသည့် အားလုံးပါဝင်နိုင်သော ငြိမ်းချမ်းရေးတည်ဆောက်မှု နည်းလမ်းတစ်ခု ရှိရန် လိုအပ်ပါသည်။ အားလုံးပါဝင်နိုင်သော နည်းလမ်းတစ်ခုကို ရေးဆွဲချမှတ်နိုင်ရန်အတွက် အကျိုး သက်ဆိုင်သူများသည် ရပ်ရွာလူထုအခြေပြု ငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်များတွင် မသန်စွမ်းသူများနှင့် ဆက်သွယ်ညှိနှိုင်းဆွေးနွေးနိုင်မည့် အခွင့်အလမ်းများကို ရှာဖွေနိုင်ပါသည်။ မသန်စွမ်းသူများသည် အနာဂတ် ကချင်ပြည်နယ် ငြိမ်းချမ်းရေး၏ အစိတ်အပိုင်းတစ်ခု ဖြစ်ရမည်ဖြစ်ပြီး ၎င်းတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးကာ ၎င်းတို့၏ အမြင်များကိုလည်း တင်ပြခွင့်ပေးရမည်ဖြစ်သည်။ ၎င်းတို့သည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အကြောင်း သတင်းအချက်အလက် များကို ရရှိပိုင်ခွင့်ရှိပြီး ထိုသတင်းအချက်အလက်များအား IDP စခန်းများသို့ ပေးပို့ခြင်းနှင့် မသန်စွမ်းအဖွဲ့အစည်းများ (DPOs) မှတစ်ဆင့် ပေးပို့ခြင်းတို့ ပြုလုပ်ပေးနိုင်ပါသည်။ မသန်စွမ်းအဖွဲ့အစည်းများအနေဖြင့်လည်း ငြိမ်းချမ်းရေးနှင့်ဆက်နွှယ်သော

ဆွေးနွေးပွဲများတွင် မသန်စွမ်းသူများ၏ အရေးကိစ္စများကို တင်ပြပေးနိုင်သည့် လုပ်ငန်းစဉ်များ သို့မဟုတ် သွားလာရေးတွင် အတားအဆီးများ ကြုံတွေ့နေရသည့် မသန်စွမ်းသူများက ထိုဆွေးနွေးပွဲများတွင် ပါဝင်လိုပါက ပါဝင်နိုင်အောင် ကူညီပံ့ပိုးနိုင်မည့် နည်းလမ်းများကို ရှာဖွေပေးသင့်ပါသည်။

## အကြံပြုချက်များ

### *ဂျန်ဒါမျှော်လင့်ချက်များဆိုင်ရာ အကြံပြုချက်များ*

၁။ သုတေသနတွေ့ရှိချက်များအရအမျိုးသား/အမျိုးသမီးမသန်စွမ်းသူများအတွက်အမျိုးသား/အမျိုးသမီးတစ်ယောက်၏ဖြစ်တည်မှုနှင့်စပ်လျဉ်း၍ ပိုမိုပွင့်လင်းသော အတွေးအခေါ်များကို နားလည်သဘောပေါက်ရန်နှင့် လက်ခံကျင့်သုံးနိုင်ရန် ကူညီပံ့ပိုးပေးမည့် အသိပညာဖြန့်ဝေမှုအစီအစဉ်များကို မသန်စွမ်းသူများအတွက် ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်ပေးရန် လိုအပ်နေကြောင်း တွေ့ရပါသည်။ လက်ရှိ လက်ခံထားကြသည့် တင်းကျပ်သည့် ဂျန်ဒါစံများသည် အားမလိုအားမရဖြစ်မှုများနှင့် စိတ်ကျဝေဒနာများကို ဖြစ်ပေါ်စေပြီး စိတ်ကျန်းမာရေးပြဿနာများကို ပိုမိုဆိုးရွားစေပါသည်။ စိတ်ဖိစီးမှုများနှင့် အားမလိုအား မရဖြစ်မှုများကို ဖယ်ရှားနိုင်ရန်အတွက် လူတစ်ယောက်အနေဖြင့် အကောင်းဆုံး လုပ်ဆောင်နိုင်မည့် နည်းလမ်းအမျိုးမျိုးကို အတည်ပြုကာ တန်ဖိုးထားသည့် ပိုမိုပျော့ပျောင်းသော ဂျန်ဒါစံများက အထောက်အကူဖြစ်နိုင်ပါသည်။ ဥပမာ မသန်စွမ်းမှုများနှင့် နေရပ်စွန့်ခွာရွှေ့ပြောင်းရမှု၏ စိန်ခေါ်မှုများကို ရင်ဆိုင်ရာတွင် သတ္တိနှင့် စိတ်ရှည်သည်းခံမှု၌ စံနမူနာပြ ပုဂ္ဂိုလ်တစ်ဦးအဖြစ် နေထိုင်ပြခြင်း သို့မဟုတ် လုပ်ဆောင်ချက်တစ်ခုခုဖြင့်ဖြစ်စေ သို့မဟုတ် အသိဉာဏ်ဗဟုသုတများကို ဝေမျှ၍ ဖြစ်စေ မည်သည့် နည်းလမ်းဖြင့်မဆို မိသားစု သို့မဟုတ် မိမိပတ်ဝန်းကျင်အတွက် တစ်ဖက်တစ်လမ်းမှ ပါဝင်ကူညီပေး ခြင်းတို့ ဖြစ်နိုင်ပါသည်။ အမျိုးသား မသန်စွမ်းသူများ၏ ဇနီးများ သို့မဟုတ် အိမ်နီးချင်းများက ဝင်ငွေထွက်ရာလျှင် အမျိုးသား မသန်စွမ်းသူများက မိသားစုကို ပံ့ပိုးပေးရန်အတွက် အိမ်မှုကိစ္စများကို တာဝန်ယူလုပ်ပေးနိုင်ပါသည်။

၂။ မသန်စွမ်းသူများနှင့် ၎င်းတို့သည် ချို့ယွင်းချက်များ၊ ပတ်ဝန်းကျင်ရှိ အတားအဆီးများကြောင့် ထုတ်လုပ်နိုင်စွမ်းအား အကန့်အသတ်ရှိမှုများ (ဥပမာ ကြမ္မာဆိုးများနှင့် ကြုံတွေ့ရချိန်တွင် ၎င်းတို့ စုစည်းနိုင်သည့် စိတ်စွမ်းအားနှင့် ယုံကြည်မှုအပါအဝင်) အား ပိုမိုလက်ခံနားလည်ပေးနိုင်ရန်အတွက် ပြည်သူလူထုအား အသိပညာမြှင့်တင်ပေးရန် ဖြစ်ပါသည်။

၃။ မသန်စွမ်းသူများအား မည်သို့ ပံ့ပိုးကူညီပေးရမည်၊ ပံ့ပိုးကူညီပေးလိုကြောင်း မည်သို့ ကမ်းလှမ်းမေးမြန်းရမည် ဆိုသည်တို့နှင့်စပ်လျဉ်း၍ အများပြည်သူ ရရှိနိုင်သည့် လက်တွေ့လမ်းညွှန်ချက်များကို ပံ့ပိုးပေးရန် ဖြစ်ပါသည်။ ထိုလမ်းညွှန်ချက်များအား မသန်စွမ်းအဖွဲ့အစည်း အပါအဝင် အရပ်ဖက်လူမှုအဖွဲ့အစည်းများ သို့မဟုတ် သက်ဆိုင်ရာ အာဏာပိုင်များက ပံ့ပိုးပေးနိုင်ပါသည်။

### *ငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေးကို အထောက်အပံ့ပြုရန် အကြံပြုချက်များ*

၄။ KIO ထိန်းချုပ်နယ်မြေများမှ စစ်မှုထမ်းဟောင်း မသန်စွမ်းသူများအား စိတ်ကျဝေဒနာနှင့် အခြား စိတ်ဖိစီးမှုများ လျော့ပါးသက်သာသွားစေရန်အတွက် အရပ်သား မသန်စွမ်းသူများနှင့်အတူ ပေါင်းစည်းပေးရန် ဖြစ်ပါသည်။ သို့မှသာ ၎င်းတို့သည် ပိုမိုကျယ်ပြန့်သည့် လူမှုအဖွဲ့အစည်းထံမှ စိတ်ပိုင်းဆိုင်ရာ၊ စိတ်ဓာတ်ရေးရာ ပံ့ပိုးမှုများ ရရှိနိုင်ပြီး အရပ်သား မသန်စွမ်းသူများထံမှ အပြန်အလှန်ပံ့ပိုးကူညီမှုများလည်း ရရှိနိုင်မည်ဖြစ်သည်။

၅။ မသန်စွမ်းသူများသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အကြောင်း သတင်းအချက်အလက်များကို ရရှိပိုင်ခွင့်ရှိပြီး အကျိုးသက်ဆိုင်သူများသည် ရပ်ရွာလူထုအခြေပြု ငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ် များတွင် မသန်စွမ်းသူများနှင့် ဆက်သွယ်ညှိနှိုင်းဆွေးနွေးနိုင်မည့် အခွင့်အလမ်းများကို ရှာဖွေနိုင်ပါသည်။ မသန်စွမ်းသူများသည် အနာဂတ် ကချင်ပြည်နယ် ငြိမ်းချမ်းရေး၏ အစိတ်အပိုင်းတစ်ခု ဖြစ်ရမည်ဖြစ်ပြီး ၎င်းတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးကာ ပဋိပက္ခ၏ သားကောင်များအဖြစ် ၎င်းတို့၏ အမြင်များကိုလည်း တင်ပြခွင့်ပေးရမည်ဖြစ်သည်။

၆။ မသန်စွမ်းသူများနှင့်ပြုလုပ်ခဲ့သည့် တွေ့ဆုံမေးမြန်းမှုအများအပြားတွင် ၎င်းတို့က ၎င်းတို့၏ ကိစ္စရပ်များကို မီဒီယာတွင် တင်ပြလိုသည်ဟု ပြောကြပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီကူးပြောင်းရေး လုပ်ငန်းစဉ် အားကောင်းအောင် ပံ့ပိုးရန် ကြိုးပမ်းဆောင်ရွက်နေသော နိုင်ငံလုံးဆိုင်ရာ မီဒီယာနှင့် ဒေသခံမီဒီယာများသည်

ငြိမ်းချမ်းရေး၊ ပဋိပက္ခ၊ ဒီမိုကရေစီနှင့် ဖွံ့ဖြိုးရေး ကိစ္စများအကြောင်း ဆွေးနွေးမှုများတွင် လူမှုအဖွဲ့အစည်းအတွင်းရှိ ဖယ်ကြဉ်ခံထားရဆုံးသောသူများ ပါဝင်ဆွေးနွေးနိုင်မည့်၊ ၎င်းတို့၏ အရေးကိစ္စများနှင့် ဦးစားပေးများကို တင်ပြနိုင်မည့် အခွင့်အလမ်းများ ဖန်တီးပေးသင့်ပါသည်။

## *စိတ်ဓာတ်ရေးရာ နှင့် လူမှုရေး ပံ့ပိုးမှုများဆိုင်ရာ အကြံပြုချက်များ*

၇။ မတော်တဆ ထိခိုက်ဒဏ်ရာရခြင်း၊ ရွှေ့ပြောင်းခံရခြင်း သို့မဟုတ် အကြမ်းဖက်မှုနှင့် တွေ့ကြုံရခြင်းကြောင့် စိတ်ဒဏ်ရာ ပြင်းစွာခံစားနေရသော မသန်စွမ်းသူများအား သင့်လျော်သည့် စိတ်ဓာတ်ရေးရာဆိုင်ရာ ပံ့ပိုးမှုများ ထောက်ပံ့ပေးသင့်သည်။ ထိုပံ့ပိုးမှုများကို တစ်ဦးချင်းပံ့ပိုးမှုများ ပြုလုပ်ပေးသင့်သော်လည်း ရံပုံငွေနှင့် လူအင်အား ကန့်သတ်ချက်များ ရှိပါက ကိုယ်ထူကိုယ်ထ အုပ်စုငယ်လေးများဖြင့် ဆောင်ရွက်ပေးမည်ဆိုလျှင် မခံချိမခံသာ ခံစားရမှုများအတွက် ထွက်ပေါက်ဖြစ်စေနိုင်ပြီး စိတ်ဓာတ်တက်ကြွစေမှုများကို ဖြစ်ပေါ်စေပါသည်။

၈။ အာဏာပိုင်များ၊ စခန်းကော်မတီများနှင့် ဝန်ဆောင်မှုပေးသူများသည် မသန်စွမ်းသူများအတွက် အားကစား လုပ်နိုင်ရန်နှင့် ၎င်းတို့၏ စွမ်းရည်များကို ပြသနိုင်မည့် အခွင့်အလမ်းများ (ဥပမာ talent show ကဲ့သို့) ဖန်တီးပေးနိုင်ပါသည်။ အားကစားနှင့် အားလပ်ချိန်တွင် လှုပ်ရှားမှုများကို စီစဉ်ပေးရာတွင် များသောအားဖြင့် အမျိုးသားထု၏ ဆန္ဒများကိုသာ ဦးစားပေးလေ့ရှိသည့်အတွက် မသန်စွမ်းသူ အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ ဆန္ဒများကိုလည်း ထည့်သွင်းစဉ်းစားပေးကြောင်း သေချာအောင် လုပ်ဆောင် သင့်ပါသည်။

၉။ အစိုးရနှင့် KIO ထိန်းချုပ်သည့် နယ်မြေနှစ်ခုစလုံးတွင် မသန်စွမ်းသူများအတွက် ၎င်းတို့၏ စွမ်းဆောင်ရည်များ အလိုက် ဝင်ငွေဖန်တီးနိုင်သည့် နည်းလမ်းများကို ပိုမိုဖန်တီးပေးရန် လိုအပ်ပါသည်။ ၎င်းတို့သည် ဝင်ငွေ ရှာနိုင်ခြင်း၊ မိသားစုအတွက် တစ်ဖက်တစ်လမ်း အထောက်အကူပြုနိုင်ခြင်းဖြင့် ၎င်းတို့၏ ကိုယ်ပိုင်ပုံရိပ်များကို ပိုမိုကောင်းမွန်အောင် ပုံဖော်နိုင်မည့် အခွင့်အလမ်းများ ပေးရမည်ဖြစ်ပါသည်။

၁၀။ မိမိတို့ နေထိုင်ရာနေရာမှ အခြားနေရာများသို့ သွားလာနိုင်စွမ်းမရှိသော အောက်ပိုင်းမလှုပ်ရှားနိုင်သည့် မသန်စွမ်းသူများအတွက် လူမှုဆက်ဆံရေးများကို ပုံမှန်ပြုလုပ်ခွင့်ရှိလျှင် ၎င်းတို့၏ စိတ်ကျဝေဒနာ လျော့ကျသွားစေရန် များစွာ အကျိုးပြုမည်ဖြစ်ပါသည်။ ထိုအတွက် စခန်း သို့မဟုတ် ဘာသာရေးခေါင်းဆောင်များမှ အချင်းချင်း ပံ့ပိုးကူညီသည့် လုပ်ငန်းစဉ် သို့မဟုတ် 'မိတ်ဖွဲ့သည့်' စနစ်များကို ထူထောင်ပေးနိုင်ပြီး လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်စော်ကားမှုများကို ထိခိုက်လွယ်သူများ ဖြစ်သည့်အတွက် တစ်ချိန်တည်းတွင် ကာကွယ်စောင့်ရှောက်မှုများ ပြုလုပ်ပေးရန်ကိုလည်း မမေ့လျော့သင့်ပါ။

## *အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများဆိုင်ရာ အကြံပြုချက်များ*

၁၁။ အာဏာပိုင်များ၊ဝန်ဆောင်မှုပေးသူများ၊အလှူရှင်များနှင့်အကျိုးတော်ဆောင်များအပါအဝင်အကျိုးသက်ဆိုင်သူများ အားလုံးသည် တစ်ကြိမ်တစ်ခါ လှူပြီးလျှင် ပြီးဆုံးသွားသည့် လှူဒါန်းမှုများအစား အသက်မွေးဝမ်းကျောင်းမှုအတွက် ရေရှည်အစီအစဉ်များကို ပိုမိုဆောင်ရွက်ပေးရန် မသန်စွမ်းသူများက လိုလားကြပါသည်။ ထိုအစီအစဉ်များတွင် ရေရှည်လုပ်ကိုင်စားနိုင်မည့် လုပ်ငန်းများ ထူထောင်နိုင်မည့် နည်းပညာအကူအညီများ ပံ့ပိုးပေးနိုင်ခြင်းဖြင့် ၎င်းတို့သည် ကိုယ်ပိုင်အသက်မွေးမှုလုပ်ငန်းများကို ထူထောင်နိုင်ပြီး မိသားစုများကို ထောက်ပံ့နိုင်ကာ အမှီအခိုကင်းစွာ ရပ်တည်နိုင်ကြမည်ဖြစ်သည်။ ပေးကမ်းစွန့်ကြဲသည့် ပုံစံမှ အမျိုးသားဖြစ်စေ၊ အမျိုးသမီးဖြစ်စေ ဘဝကို အမှီအခိုကင်းစွာ ရပ်တည်နိုင်ရန် ကူညီပေးသည့် ပုံစံသို့ ပြောင်းလဲလုပ်ဆောင်ရသင့်သည်ဟု ဆိုလိုခြင်း ဖြစ်ပါသည်။ မသန်စွမ်းသူများက သွားလာရန်အခက်အခဲရှိသဖြင့် ဆိုင်ဖွင့်ခြင်း သို့မဟုတ် ၎င်းတို့၏ နေအိမ်များမှ သို့မဟုတ် စခန်းတွင် ၎င်းတို့ ခိုလှုံနေထိုင်လျက်ရှိသော နေရာများမှ ဝင်ငွေရအောင် လုပ်ကိုင်နိုင်မည့် အလုပ်များကို ပိုမိုနှစ်သက်ကြပါသည်။

## ကွဲပြားရှုတ်ချမှုများနှင့် ခွဲခြားဆက်ဆံမှုများဆိုင်ရာ အကြံပြုချက်များ

၁၂။ မသန်စွမ်းသူမိဘများက ၎င်းတို့၏ သားသမီးများ လှောင်ပြောင်ခံရခြင်း၊ ခွဲခြားဆက်ဆံခံရခြင်းနှင့် အခြားသော ကွဲပြားရှုတ်ချသည့် ပုံစံများမှ ကင်းဝေးစေရန်အတွက် အာဏာပိုင်များ၊ ဝန်ဆောင်မှုပေးသူများ၊ IDP စခန်းကော်မတီများ၊ ကျောင်းများနှင့် သက်ဆိုင်သူများအား အခြားကလေးများနှင့် မိဘများကို မသန်စွမ်းသူများအကြောင်း အသိပညာပေးမှုများ ပြုလုပ်ပေးစေလိုကြပါသည်။ ဤနေရာတွင် ဘာသာရေးခေါင်း ဆောင်များကလည်း ၎င်းတို့၏ ဝတ်ပြုအဖွဲ့များအတွင်း မသန်စွမ်းသူများကို လေးစားရန်၊ လက်ခံရန် တိုက်တွန်းအားပေးရာတွင် ဦးဆောင်ပါဝင်ပေးနိုင်ပါသည်။

၁၃။ မသန်စွမ်းမိဘများက ၎င်းတို့၏ ကလေးများအား ကျောင်းတွင် အခြားကျောင်းသား/သူများနှင့် တန်းတူ ဆက်ဆံပေးရန် လိုလားကြပြီး မသန်စွမ်းမိန်းကလေးများကိုလည်း လိင်ပိုင်းဆိုင်ရာ စော်ကားနှောင့်ယှက်မှုများမှ ကင်းဝေးအောင် ကာကွယ်စောင့်ရှောက်ပေးစေလိုကြပါသည်။

၁၄။ အစိုးရနှင့် KIO ထိန်းချုပ်သော နယ်မြေနှစ်ခုစလုံးတွင် မသန်စွမ်းကလေးများကို အထူးပြု သင်ကြားပေးသည့် ကျောင်းပညာရေးကို ဆောင်ရွက်ပေးနိုင်မည့် နည်းလမ်းများအား ရှာဖွေသင့်ပါသည်။

၁၅။ မသန်စွမ်းကျောင်းသား/သူများက ကျောင်းသင်ရိုးညွှန်းတမ်းများအား မသန်စွမ်းသူများအတွက် ပိုမိုအဆင်ပြေလွယ်ကူကာ လက်လှမ်းမီနိုင်သည့် ပုံစံများဖြင့် ပြုစုပေးရန် လိုလားကြပါသည်။ မျက်မမြင်စာ သို့မဟုတ် အသံဖိုင် ဖတ်စာအုပ်များကဲ့သို့ မသန်စွမ်းကျောင်းသား/သူများအတွက် စီစဉ်ပေးခြင်းနှင့် ကျောင်းများသို့ မသန်စွမ်းများ လာရောက်ပညာသင်ကြားနိုင်အောင် စီစဉ်ပေးခြင်းများ ဖြစ်ပါသည်။ မသန်စွမ်းကျောင်းသူလေးများအတွက် ဂျန်ဒါအသိအမြင်နိုးကြားမှုနှင့် လေးစားမှုရှိသော ကူညီပံ့ပိုးမှုများပေးရန် အထူးအရေးကြီးပြီး လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်စော်ကားမှု သို့မဟုတ် ခေါင်းပုံဖြတ်အမြတ် ထုတ်မှုများကို တားဆီးကာကွယ်မှုများ ဆောင်ရွက်ပေးရမည်ဖြစ်သည်။

၁၆။ ယဉ်ကျေးမှုအနုပညာဖန်တီးမှုများတွင် မသန်စွမ်းသူများအား ကဲ့ရဲ့သည့်၊ နှိမ့်ချသည့် သရုပ်ဖော်တင်ပြမှုများကို ကန့်ကွက်ပါသည်။ အထူးသဖြင့် မသန်စွမ်းသူများသည် အိမ်ထောင်ဖက်အဖြစ် မရွေးထိုက်သူများအနေဖြင့် နှိမ့်ချမှုများကို ကန့်ကွက်ပါသည်။ အာဏာပိုင်များအနေဖြင့် ဗီဒီယို၊ ရုပ်ရှင်၊ ဂီတနှင့် ကာတွန်း၊ စသည့် ယဉ်ကျေးမှုအနုပညာ ဖန်တီးမှုများတွင် ထိုကဲ့သို့ ဆိုးကျိုးဖြစ်စေသည့် သရုပ်ဖော်တင်ပြမှုများကို တားမြစ်ပေးရန် မသန်စွမ်းသူများက လိုလားကြပါသည်။

## ဘေးကင်းလုံခြုံမှုနှင့် ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ အကြံပြုချက်များ

၁၇။ မသန်စွမ်းသူများက အာဏာပိုင်များနှင့် သက်ဆိုင်ရာ ဝန်ဆောင်မှုပေးသူများအား မသန်စွမ်းသူများ အဆင်ပြေလွယ်ကူစွာ အသုံးပြုနိုင်မည့် လူသွားလမ်းများ၊ လမ်းမများ၊ အဆောက်အဦများ၊ အိမ်သာ/ရေချိုးခန်းများ တည်ဆောက်ပေးစေလိုကြပါသည်။ အထူးသဖြင့် IDP စခန်းများနှင့် မှတ်သုန်ရာသီအတွင်းတွင် ဖြစ်သည်။ ဆိုလိုသည်မှာ ထိုအခြေခံအဆောက်အအုံများအား ဘီးတပ်ကုလားထိုင်များ၊ သုံးဘီးစက်ဘီးများ၊ စသည်တို့ကို အသုံးပြုကာ သွားလာရသူများ လက်လှမ်းမီအသုံးပြုနိုင်အောင် လုပ်ပေးရန်နှင့် အမြင်အာရုံ မသန်စွမ်းသူများအတွက် အမှတ်အသားများ ရေးဆွဲပေးရန် ဖြစ်ပါသည်။

၁၈။ မသန်စွမ်းသူများ သွားလာမှုအတွက် အဟန့်အတားများကို ဖယ်ရှားပေးနိုင်ရန် အာဏာပိုင်များနှင့် ဝန်ဆောင်မှုပေးသူများသည် စခန်းများ၏ တည်နေရာ မြေမျက်နှာသွင်ပြင်အနေအထားများနှင့် သင့်လျော်သည့် အထောက်အကူပြု ပစ္စည်းကိရိယာများကို ပံ့ပိုးပေးသင့်ပါသည်။ ဥပမာ IDP စခန်းများတွင် အဖြစ်ဖောက် လုပ်ထားသော လူသွားလမ်းများနှင့် ရွှံ့ဗွက်ထူမှုများကြောင့် ဘီးတပ်ကုလားထိုင်များထက် ပိုမိုအကြမ်းခံနိုင်သော ကိရိယာများ ပံ့ပိုးပေးခြင်း ဖြစ်ပါသည်။

၁၉။ မသန်စွမ်းသူများသည် သန့်ရှင်းသောရေ (သောက်သုံးရေမဟုတ်) နှင့် ဆေးကုသဝန်ဆောင်မှုများ ပိုမို လက်လှမ်းမီရရှိမှု လိုအပ်ချက်ကိုလည်း တင်ပြခဲ့ကြရာ အထူးသဖြင့် KIO ထိန်းချုပ်သော နယ်မြေများရှိ IDP စခန်းများတွင် ဖြစ်ပါသည်။ မသန်စွမ်းသူ IDPများ၏ဂုဏ်သိက္ခာအတွက် အလွယ်တကူအသုံးပြုနိုင်ပြီး လိုက်လျောညီထွေဖြစ်အောင် တည်ဆောက်ပေးထားသော ရေချိုးခန်း၊ အိမ်သာများလည်း လိုအပ်လျက်ရှိရာ ၎င်းတို့သည် မသန်စွမ်းသူအမျိုးသမီးများအတွက် အထူးပင်အရေးကြီးပါသည်။

၂၀။ မသန်စွမ်းသူများ စစ်စခန်းများနှင့် ဝေးရာ၊ လက်နက်ကိုင်တိုက်ခိုက်မှုများနှင့် ထိတွေ့နိုင်ခြင်းမရှိသော ဘေးကင်းလုံခြုံသည့် နေရာများတွင် IDP စခန်းများ တည်ရှိရန် လိုအပ်ချက်ကိုလည်း ထုတ်ဖော် ပြောကြားခဲ့ကြပါသည်။

၂၁။ မသန်စွမ်းသူများက နှုတ်ဖြင့် ခွဲခြားဆက်ဆံခြင်း၊ စော်ကားနှောင့်ယှက်ခြင်းနှင့် SGBV များ လျော့နည်းသွားစေရေးအတွက် အများပြည်သူအား အသိပညာပေးမှုများ ပြုလုပ်ပေးခြင်းကို လိုလားကြပြီး ၎င်းတို့အပေါ် အနိုင်အထက်ပြုမှုနှင့် လုံခြုံမှုရှိသော အခြေအနေများမှ ပိုမိုထိရောက်စွာ ကာကွယ်စောင့်ရှောက်ပေး သည့် ဝန်ဆောင်မှုများကိုလည်း လိုချင်ကြပါသည်။

၂၂။ လက်နက်ကိုင်တပ်ဖွဲ့ဝင်ဟောင်းများဟု သံသယရှိခြင်းခံရသည့် မသန်စွမ်းသူများအပေါ် နှောင့်ယှက်တိုက်ခိုက်မှု သို့မဟုတ် ကန့်သတ်မှုများ လျော့နည်းသွားစေရန်အတွက် စစ်ဆေးရေးဂိတ်များရှိ တပ်မတော်သားများနှင့် အရာရှိများအား အမျိုးသားမသန်စွမ်းသူတိုင်းသည် လက်နက်ကိုင်တပ်ဖွဲ့ဝင်ဟောင်းများ မဟုတ်ကြကြောင်း (အထူးသဖြင့် မြေမြှုပ်မိုင်းနင်းမိခဲ့သူများနှင့် ကိုယ်လက်အင်္ဂါမသန်စွမ်းသူများက) သိစေလိုကြပါသည်။

၂၃။ ယခုအခါ မသန်စွမ်းသူများအဖြစ် သတ်မှတ်ခံရသော မြေမြှုပ်မိုင်းထိခဲ့ကြသူများက လက်နက်ကိုင်ပဋိပက္ခများအတွင်း မြေမြှုပ်မိုင်းများ အသုံးပြုခြင်းကို ချက်ချင်းရပ်တန့်စေလိုကြပါသည်။ မြေမြှုပ်မိုင်းအန္တရာယ်ကို အရပ်သားများ သိရှိစေရန် အသိပညာပေးမှုများလည်း ပြုလုပ်သင့်ပြီး သက်ဆိုင်ရာ အာဏာပိုင်များအနေဖြင့် ရှေ့တန်းစစ်မျက်နှာ မဟုတ်သည့် နေရာများတွင် မြေမြှုပ်မိုင်းကြောင့် ကိုယ်လက်အင်္ဂါချို့ယွင်းရသူများ နောက်ထပ်မရှိရလေအောင် မိုင်းရှင်းလင်းမှုများကို ပြုလုပ်ပေးရန် အရေးတကြီး လိုအပ်နေပါသည်။

# ၅. နောက်ဆက်တွဲများ

## နောက်ဆက်တွဲစာတမ်း ၁ - သုတေသနမေးခွန်းများ

၁။ ပဋိပက္ခသည် ဂျန်ဒါမျှော်လင့်ချက်များကို မည်သို့ ပြောင်းလဲသွားစေခဲ့သနည်း။

၂။ ပဋိပက္ခသည် အမျိုးသားများနှင့် အမျိုးသားများအပေါ် ကွဲပြားစွာ သက်ရောက်မှု ရှိပါသလား။ ကွဲပြားစွာ သက်ရောက်သည်ဟု ဆိုပါက မည်သို့ အပြန်အလှန်တုံ့ပြန်သက်ရောက်နေကြပါသနည်း။

၃။ ယောက်ျားပီသမှုလက္ခဏာနှင့် စပ်လျဉ်း၍ လူ့ဘောင်အဖွဲ့အစည်းက မည်သည့်မျှော်လင့်ချက်များ ထားရှိသနည်း။ အချိန်ကာလရွေ့လျားလာသည်နှင့်အမျှ ထိုမျှော်လင့်ချက်များ မည်သို့ ပြောင်းလဲလာပါသနည်း။ ကချင် အမျိုးသား မသန်စွမ်းသူများ သို့မဟုတ် IDP များ သို့မဟုတ် စစ်မှုထမ်းဟောင်းများသည် ထိုမျှော်လင့်ချက်များကို ဖြည့်ဆည်း ပေးနိုင်သည့် အခြေအနေ ရှိပါသလား။ ရှိသည်ဆိုပါက မည်သို့ ဖြစ်ပေါ်ပြောင်းလဲ ဆောင်ရွက်နေကြပါသနည်း။ မရှိပါက မည်သည့်အခက်အခဲများနှင့် နောက်ဆက်တွဲ အကျိုးဆက်များ ရှိပါသနည်း။

၄။ အမျိုးသမီးမသန်စွမ်းသူများသည် ယေဘုယျအားဖြင့် မည်သည့်ထိခိုက်လွယ်မှုအမျိုးအစားများကို ရင်ဆိုင်နေရပါ သနည်း။ IDP အခြေအနေတွင် မည်သည့် ထိခိုက်လွယ်မှုများကို သီးခြား ရင်ဆိုင်ရပါသနည်း။

၅။ ကချင်ပြည်နယ်၏ အခြေအနေတွင် မည်သည့် မသန်စွမ်းသူ အမျိုးအစားများ ရှိပါသနည်း။ ၎င်းတို့အပေါ် ပဋိပက္ခက မည်သို့ ကွဲပြားစွာ သက်ရောက်နေပါသနည်း။ ပဋိပက္ခ မတိုင်မီနှင့် ဖြစ်ပြီးနောက် ၎င်းတို့၏ အတွေ့အကြုံများမှာ အဘယ်နည်း။

၆။ ယခင်ကတည်းက မသန်စွမ်းသူများ (၂၀၁၁ အပစ်အခတ်ရပ်စဲထားမှု မပျက်ပြားမီက)၊ ပဋိပက္ခနှင့်ဆက် နွယ်ကာ မသန်စွမ်းဖြစ်ရသူများနှင့် ယခင်က လက်နက်ကိုင်တပ်ဖွဲ့ဟောင်းများကြား မည်သည့်ကွာခြား ချက်များ ရှိသနည်း။

၇။ မသန်စွမ်းသူများ ၎င်းတို့၏ နေ့စဉ်ဘဝတွင် ကြုံတွေ့ရသည့် အဓိကစိန်ခေါ်မှုများမှာ အဘယ်နည်း။ ပဋိပက္ခ ကြောင့် ၎င်းတို့၏ နေ့စဉ်ဘဝများ မည်သို့ ပြောင်းလဲသွားသနည်း။ ယင်းနှင့်စပ်လျဉ်း၍ အမျိုးသားများ နှင့် အမျိုးသမီးများကြား ကွာခြားချက်များ ရှိပါသလား။

၈။ အမျိုးသား မသန်စွမ်းသူ နှင့် အမျိုးသမီး မသန်စွမ်းသူ တွင် ကွဲပြားသော မျှော်လင့်ချက်များ ရှိပါသလား။

၉။ လူမှုအသိုင်းအဝိုင်းမှ မသန်စွမ်းသူများအား မည်သို့ ရှုမြင်ပါသနည်း၊ တုံ့ပြန်ပါသနည်း။ လူမှုအသိုင်းအဝိုင်း၏ မည်သို့ ကဲ့ရဲ့ပြောဆိုပြုမူမှုများကို ရင်ဆိုင်နေရပါသနည်း။

၁၀။ ရပ်ရွာအဆင့်နှင့် လူတစ်ဦးချင်းစီအဆင့်တွင် မသန်စွမ်းသူများ (IDP များနှင့် စစ်မှုထမ်းဟောင်းများအပါအဝင်) အတွက် မည်သည့် အထူးပြုအကူအညီများ ရရှိနိုင်ပါသနည်း။

၁၁။ အာဏာပိုင်များ (အစိုးရ၊ EAO၊ CSO၊ ဘာသာရေးအဖွဲ့အစည်းများ၊ စသည်) မှ မသန်စွမ်းသူများအတွက် မည်သည့် အထောက်အကူပြုဝန်ဆောင်မှုများကို ရရှိနိုင်ပါသနည်း။ အထွေထွေဝန်ဆောင်မှုများကို ရယူရန် ကြိုးပမ်းရာတွင် မသန်စွမ်းသူများသည် မည်သည့်အဟန့်အတားများကို ရင်ဆိုင်ရပါသနည်း။

၁၂။ ခွဲခြားဆက်ဆံခြင်း၊ ဘေးဖယ်ခံရခြင်း သို့မဟုတ် အကြမ်းဖက်မှုပုံစံအမျိုးမျိုးအား မသန်စွမ်းသူများ၏ ထိခိုက် လွယ်မှုများမှာ အဘယ်နည်း။

၁၃။ ဂျန်ဒါ၊ IDP များ၊ မသန်စွမ်းသူများနှင့် လက်နက်ကိုင်တပ်ဖွဲ့ဝင်ဟောင်းများအတွက် သီးခြား ဆောင်ရွက် ပေးနေသော အဖွဲ့အစည်းများ ရှိပါသလား။ ၎င်းတို့၏ ချဉ်းကပ်ဆောင်ရွက်ပုံနည်းလမ်းများတွင် ကွာခြားချက်များ ရှိပါသလား။

၁၄။ အဆိုပါလူအုပ်စုများအတွက် ငြိမ်းချမ်းရေးနှင့် ပဋိပက္ခသည် မည်သည့်အဓိပ္ပါယ်ဆောင်ပါသနည်း။ မည်သည့် ငြိမ်းချမ်းရေးမျိုးကို ၎င်းတို့ လိုလားပါသနည်း။

၁၅။ ပဋိပက္ခလွန်အခြေအနေတွင် ၎င်းတို့၏ မျှော်လင့်ချက်များမှာ အဘယ်နည်း။

၁၆။ ရပ်ရွာအဆင့် သို့မဟုတ် လူတစ်ဦးချင်းစီအဆင့်ရှိ ငြိမ်းချမ်းရေးစဉ်တွင် ၎င်းတို့သည် ပြောရေးဆိုခွင့်ရှိ ပါသလား။ ရှိလျှင် မည်သို့နည်း။ မရှိလျှင် ၎င်းတို့ကို မည်သည့်အရာများက ဟန့်တားထားပါသနည်း။

၁၇။ ၎င်းတို့သည် နေရပ်ရှိ ၎င်းတို့ပိုင် မြေနှင့် ပိုင်ဆိုင်ပစ္စည်းများ၏ ယေဘုယျအခြေအနေကို သိရှိကြပါ သလား။

၁၈။ ၎င်းတို့၏ လယ်မြေများသို့ ဘေးကင်းလုံခြုံစွာ သွားရောက်နိုင်ပါသလား။ မသွားနိုင်ပါက မည်သည့်အရာများက ၎င်းတို့ကို ဟန့်တား ထားပါသနည်း။

## နောက်ဆက်တွဲစာတမ်း ၂ - တွေ့ဆုံမေးမြန်းမှုများအကြောင်း အကျဉ်းချုပ်တင်ပြချက်

မသန်စွမ်းသူ တွေ့ဆုံမေးမြန်းမှု ၁၄၁ ခုအနက် ၅၈ သည် လိုင်ဇာမှဖြစ်ပြီး အဓိကအားဖြင့် လိုင်ဇာရှိ ဂျေကြိုင် IDP စခန်း၊ တရုတ်ပြည်နယ်စပ်တစ်လျှောက်ရှိ ဂျဲယန်း နှင့် ဖွန်လွမ်ယန် စခန်းများမှ ဖြစ်ပါသည်။ မိုင်ဂျာယန်တွင် ဆောင်ရွက်ခဲ့သော KII ခုနစ်ခုသည် အဓိကအားဖြင့် မိုင်ဂျာယန်အရှေ့ဘက် သုံးနာရီခန့် ကားဖြင့် သွားရသည့်နေရာရှိ လနပါ IDP စခန်းနှင့် မိုင်ဂျာယန်မှ လေးနာရီခန့် ကားဖြင့် သွားရသည့်နေရာရှိ ဘွမ်ဆစ်ပါ စခန်းတို့တွင် ဖြစ်ပါသည်။ ဗန်းမော်တွင် ပြုလုပ်ခဲ့သော KII ၁၀ ခုသည် အဓိကအားဖြင့် DPO မြန်မာနိုင်ငံ မသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့ (MILI) ဗန်းမော်ရုံးခန်းတွင် ပြုလုပ်ခဲ့ခြင်း ဖြစ်ပါသည်။ မြစ်ကြီးနားရှိ KII များကို ဇီးလွန်၊ ဗက်လင်ဟင် ၊ ရွှေဇက်၊ မန်ခိန်၊ ဂျာမိုင်ကောင်း၊ ပိတောက်မြိုင်နှင့် ပလန IDP စခန်းများတွင် အဓိက ပြုလုပ်ခဲ့ပါသည်။ ဝိုင်းမော်တွင်မူ မိုင်းနား KBC၊ AG နှင့် RC IDP စခန်းများ ပါဝင်ပါသည်။ FGD များကို လိုင်ဇာ၊ မိုင်ဂျာယန်၊ ဗန်းမော်နှင့် မြစ်ကြီးနားတို့တွင် ဆောင်ရွက်ခဲ့ပါသည်။ အဓိကအကျိုးသက်ဆိုင်သူများတွင် ကချင် ဖွံ့ဖြိုး တိုးတက်ရေးကွန်ရက်အုပ်စု (KDG)၊ မေတ္တာဖွံ့ဖြိုးမှုဖောင်ဒေးရှင်း၊ KIO ၏ ပြည်သူ့စစ်အဖွဲ့ (MHH)၊ KIO ကျန်းမာရေးဌာန၊ IDP စခန်းခေါင်းဆောင်များ၊ စခန်းကော်မတီအဖွဲ့ဝင်များ၊ ကချင်အမျိုးသမီးများအစည်းအရုံး (KWA)၊ ကချင်အမျိုးသမီးများအစည်းအရုံး၊ ထိုင်းနိုင်ငံ (KWAT), IDP and Refugee Relief Committee (IRRC)၊ ဂန်ပေါင်နင်းထွယ် (WPN)၊ မြန်မာနိုင်ငံ မသန်စွမ်းသူများရှေ့ဆောင်အဖွဲ့(MILI)၊ မြန်မာနိုင်ငံစစ်မှု ထမ်းဟောင်းအဖွဲ့ (MVO၊ မြစ်ကြီးနား) နှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့ ဖြစ်ပါသည်။

